

စိတ်ကူးချိုချို mgyoe.com

# မြန်မာဝတ္ထုတို

( ၂၀၀၉ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

mgyoe.com

mgyoe.com

၂၀၀၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

mgyoe.com

mgyoe.com

မြန်မာဝတ္ထုတို ( ၂၀၀၉ )

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၇၅၀၆၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၈၁၀၇၁၀ ဖြင့်

မျက်နှာဖုံးပုံကို Aung Kyaw ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန် တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့် ညီဝင်းမြင့်

၇၀၈ • ၈၃

စိတ်ကူးချိုချိုစာအုပ်တိုက်

မြန်မာဝတ္ထုတို (၂၀၀၉) / စိတ်ကူးချိုချိုစာအုပ်တိုက်။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၆၇ မျက်နှာ၊ ၁၈ • ၇ စင်တီ× ၂၅ • ၄ စင်တီ

(၁) မြန်မာဝတ္ထုတို (၂၀၀၉)

mgyoe.com

mgyoe.com

# မာတိကာ


| | | | | |
|---|---|---|---|---|
| ၁။ | နတ်သံနှောပြောလိုက်ချင်ပါရဲ့ | – | နှင်းဝေငြိမ်း | ၁ |
| ၂။ | ဩဂတ်စတြာရွှေနပေ၏ ဝှက်ဖဲများ | – | နန္ဒာစိုး(ဆင်ဖြူကျွန်း) | ၈ |
| ၃။ | တွယ်တာခြင်း၏မှားယွင်းမှုပုံရိပ်များ | – | ထွန်းတောက်ထွင့်(သချာ) | ၂၂ |
| ၄။ | ငိုမလိုရယ်မလို ယောင်ကာမဲ့မိ | – | သာလွန်ကျော် | ၂၇ |
| ၅။ | ဇာတ်သိမ်းမဲ့ဇာတ် | – | ဦးဆွေ(ဒသနိက) | ၃၂ |
| ၆။ | မတွတ်ရဲ့ဂေဟာဗေဒ | – | ကံထွန်းသစ် | ၃၈ |
| ၇။ | မဆာတတ်သူများ | – | မီမိုး | ၄၆ |
| ၈။ | ဘကြီးသိုက်ရဲ့နောက်နွား | – | မောင်သာပို | ၅၂ |
| ၉။ | ညကုရွှေညင်းလေသွေးလိုက်ချင်ရဲ့ | – | တင့်လွင်ကျော်ဖြိုး(စလင်း) | ၅၆ |
| ၁၀။ | ဈေးသုံးမလွယ်သူ၏အရောင်းမဲ့နှလုံးအိမ် | – | မောင်အင်း(ဥက္ကံ) | ၆၇ |
| ၁၁။ | ပြောမပြောချင်ဘု | – | မောင်ဝဏ္ဏ | ၇၃ |
| ၁၂။ | တံငါစိတ် | – | ဂျူလိုင်မိုး | ၇၇ |
| ၁၃။ | ဂန္ထဝင်အချစ် | – | ဇင်သန့် | ၈၁ |
| ၁၄။ | ဖိနပ်ပုံပြင် | – | နတ်မှူး | ၈၈ |
| ၁၅။ | သွေးသည်ရေထက်ပိုပျစ်ခဲ၏ | – | လင်းသော်ဝေ | ၉၂ |
| ၁၆။ | ရုံမတင်ဖြစ်လိုက်တဲ့ ရုပ်ရှင် | – | ငွေဇင်ယော်ဦး(မိုးကုတ်) | ၉၇ |
| ၁၇။ | အိပ်မက် | – | ဒေါင်းနေမင်း | ၁၀၂ |
| ၁၈။ | အမှောင်ထဲကအလင်းများ | – | ကိုကြွယ်(ဟသာံတ) | ၁၀၈ |
| ၁၉။ | ဆွေရယ်မျိုးရယ်ချစ်ကြိုးသွယ်သွယ်နှောင်ဖွဲ့ချီတယ် | – | သုမောင် | ၁၁၅ |
| ၂၀။ | နတ်ပြည်နဲ့ငရဲကြားတစ်ပုဒ်သောဝတ္ထုတိုမှာ | – | လှမိုးသစ်(ကျောက်ဆည်) | ၁၁၉ |
| ၂၁။ | သရေကျတဲ့ည | – | ကိုးခရိုင်စိုးနိုင် | ၁၂၆ |
| ၂၂။ | အတိတ်ဟောင်းကသူနဲ့ကိုယ့်အကြောင်း | – | ခင်မြဇင် | ၁၃၀ |
| ၂၃။ | မှောင် | – | ငြိမ့်သဲ | ၁၃၄ |
| ၂၄။ | လျှော့ကြိုးကုန်တဲ့မြစ် | – | ပန်းရေကျိုး(မိုးကုတ်) | ၁၃၇ |
| ၂၅။ | နတ်ဆိုး | – | လက်ာရည်ကျော် | ၁၄၃ |
| ၂၆။ | ဆံပင်တွေဘယ်ရောက်သွားလဲ | – | နေနော် | ၁၄၈ |
| ၂၇။ | အရောင်တူဆုံမှတ် | – | မောင်သစ်လှိုင်း(ကျောက်ဆည်) | ၁၅၄ |
| ၂၈။ | မိတ်ကပ်ခါးခါး | – | မိုသျှန်း | ၁၅၉ |


mgyoe.com

mgyoe.com


| | | | | |
|---|---|---|---|---|
| ၂၉။ | ဇာပန်းကွက် ကျူဘာစ်ဖင် | – | ဆွန်အဲလူ | ၁၆၃ |
| ၃၀။ | ဆရာငြိမ်း | – | မြတ်သင်း | ၁၆၈ |
| ၃၁။ | မေတ္တာစာ | – | ခင်ခင်ထူး | ၁၇၃ |
| ၃၂။ | တောသားရဲ့ဆွဲထုတ် | – | ပြေ(ဆေး–၂) | ၁၈၀ |
| ၃၃။ | ပြင်းထန်စွာနာကျင်စေမှု | – | သက်ထွန်း(ဆေးသိပ္ပံ) | ၁၈၈ |
| ၃၄။ | သရဖူဆောင်းမည့်ပန်း | – | မဦး | ၁၉၅ |
| ၃၅။ | ပန်းနွယ်ကစိမ်း | – | ဂျီဇော် | ၂၀၃ |
| ၃၆။ | အရောင်မှဲ့ပန်းချီကား | – | မောင်နှင်းပန်း | ၂၁၁ |
| ၃၇။ | မဟူရာကျေးလက်အလင်းတန်း | – | ဆရာချိန်(ပဲခူး) | ၂၁၉ |
| ၃၈။ | ကားဂိတ် | – | မြင့်သန်း | ၂၂၇ |
| ၃၉။ | မငိုသောကြယ် | – | ရာသက်ပန်(တောင်ငူဆောင်) | ၂၃၄ |
| ၄၀။ | ဒေါက်တာပြဒါးပိုင် | – | မောင်လွင်မွန်(ကသာ) | ၂၃၉ |
| ၄၁။ | နောက်ဆုံးအဖော် | – | ရဲသျှမ်း | ၂၄၄ |
| ၄၂။ | လူတူမရှား | – | ထက်မြက် | ၂၄၈ |
| ၄၃။ | စာမလိပ်ချင်ဘူး | – | မောင်ဝဏ္ဏ | ၂၅၁ |
| ၄၄။ | ကင်မရာနဲ့ ရေးတဲ့ဇာတ် | – | ညီပုလေး | ၂၅၉ |
| ၄၅။ | အဆေရာတော | – | နေဝင်းမြင့် | ၂၆၃ |


mgyoe.com

mgyoe.com

# နတ်သံနှောပြောလိုက်ချင်ပါရဲ့

နှင်းဝေငြိမ်း

တံခါးဖွင့်ဖွင့်ချင်း အရင်ဆုံးတွေ့ရသည့် ဖိနပ်တွေကြောင့် ဧည့်သည်တွေရောက်နေပြီဆိုတာ သိလိုက်လေ၏။ ဒီအချိန်မျိုးမှာ ဧည့်သည်လာတာ စိတ်အပျက်ဆုံးပဲဟု ဘာသာစိတ်ထဲမှ ရေရွတ်ရင်း ဧည့်ခန်းဘက် လှမ်းကြည့်မိသည်။

တစ်ခါမှ မမြင်ဖူးသည့် ဧည့်သည်နှစ်ယောက် အထုပ်အပိုးတွေနှင့်။ ယောက်ျားတစ်ယောက်၊ မိန်းမတစ်ယောက်ဆိုမှတော့ လင်မယားပဲပေါ့။ လင်မယားဆိုတာနှင့် ရီမာကျော်မျက်လုံးက အိမ်ခန်းထောင့်က အိမ်တွင်းစင်ဆီ အကြည့် ရောက်သွား၏။ "လင်စုံမယားဖက် အိမ်ဦးခန်းမှာ မအိပ်ရဘူးနော်။ ဘယ်ဧည့်သည်လာလာ လင်စုံမယားဖက်ဆိုရင် အိမ်ရှေ့ခန်းမှာ ညအိပ်ညဥ့်နေ မသိပ်ရဘူး၊ ကြားလား၊ တို့ရိုးရာက လက်မခံဘူး၊ မကြိုက်ဘူး၊ မှတ်ထားနော် သမီး"လို့ တစ်နေ့ဆယ်ခြောက်ခေါက်လောက်လာရင် ဆယ့်ခြောက်ခေါက်လောက် မှာထားသော အမေ့စကားများက မင်္ဂလာဦးနေ့ရက်တွေမှာ လက်ဖွဲ့ရသလိုတောင် ထင်ခဲ့မိသည်အထိ။

"ရီမာကျော်... သေသေချာချာမှတ်နော်၊ နတ်နဲ့ နဂါးမလှည့်စားနဲ့တဲ့။ အိမ်ထောင်ဦးမှာ မိရိုးဖလာအိမ်တွင်းထားတာ အမေတို့ထုံးစံပဲ။ စီးပွားလည်းတက်တယ်၊ ကျန်းမာရေးလည်း ကောင်းတယ်။ ဘာပဲဖြစ်ဖြစ် အမေကတော့ အိမ်တွင်းကိုးကွယ်စေချင်တယ်။ ပြီးတော့ ညည်းယောကျ်ားကလည်း သဘော်သားမဟုတ်လား။ သဘော်သားဆိုတာ ဦးရှင်ကြီးတွေဘာတွေ တင်ရတယ်လေ"

"ဟာ... အခု သဘော်သားမဟုတ်တော့ပါဘူး အမေရယ်။ ဒီမှာပဲ ကိုယ်ပိုင်လုပ်ငန်း လုပ်နေပါပြီ။ အမေ့သဘောပါ။ သမီးတို့က ဘာမှနားမလည်ဘူးနော်။ အမေလာလုပ်ပေးမှ ဖြစ်မှာ၊ သမီးတော့ ကြောက်တယ်။ အမေ့သားမက်က အယုံအကြည် သိပ်ရှိတာမဟုတ်ဘူး။ တောပြောတောင်ပြော"

"အေးပေါ့ဟဲ့၊ အမေလာလုပ်ပေးမယ်။ ရိုရိုသေသေသာ ကိုးကွယ်ပါ။ ရိုးရာဆိုတာ မဖျောက်ကောင်းဘူး။ ဝါဝင်ဝါထွက် ကန်တော့ရတာပဲ ရှိတာ။ သူ့ဓလေ့နဲ့သူရှိတာ မပယ်ကောင်းဘူး"

သည်လိုနဲ့ ရီမာကျော်တို့ အိမ်ထောင်ဦးမှာ အမေ့အားကိုးနှင့် မိရိုးဖလာကိုးကွယ်မှု စခဲ့ပါသည်။ ရီမာကျော်က အမေ့သမီးပီပီ စိုးရိမ်တတ်၊ ကြောက်တတ်၍ အမေမှာမှာတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်လေ့ရှိရာ တစ်ခါတလေ ယောကျ်ား၏ သွေးတိုးစမ်းစကားများကြောင့် ထိတ်ထိတ်လန့်လန့် ဖြစ်ရတာလည်း အခါခါမကတော့။

"နတ်ထဲမှာတော့ အိမ်ဦးနတ်က အကြီးဆုံးပဲ ထင်တယ်နော် မိန်းမ".ဟု စတဲ့အခါမျိုးမှာ ရီမာကျော်ခမျာ

mgyoe.com

mgyoe.com


သူ့ကို ဘာမှမဖြေရှင်းနိုင်သေးခင် အိမ်တွင်းစင် ယပ်ပြေး ခတ်ရင်း...

"ဘုရား... ဘုရား အိမ်တွင်းဖခင်ကြီးရယ် ဗွေမယူပါနဲ့၊ အမိုက်အမဲမို့ ခွင့်လွှတ်ပါ" ဟု ယောကျ်ားဘက် မျက်စောင်းထိုးလိုက်၊ ပါးစပ်က တတွတ်တွတ်ရွတ်လိုက်နှင့် တော်တော်ကြီးကြောက်လန့်တတ်သလို...

"နေပါဦးမိန်းမရ... ဦးရှင်ကြီးနဲ့ အိမ်တွင်းဖခင်ကြီးက အတူတူပဲ မဟုတ်လား" ဟု ပြောတာမျိုး။

"ပန်းပဲမောင်တင့်တယ်ကရော ဘယ်သူလဲ" ဟု မေးတာမျိုးများ ကြားရလို့ကတော့ အဲဒီနေ့ ရီမာကျော့်နှင့် သူ့ယောကျ်ား ကိုကိုဦးတို့ တစ်ပွဲတစ်လမ်း ရန်ဖြစ်ပြီသာမှတ်ပေတော့ပဲ။

"ပါးစပ်ကို ပိတ်ထားပါ။ ရှင် ဘာတွေလျှောက်မေးနေတာတုန်း။ မသိရင် မသိသလိုနေပါ။ ဆွေမျိုးစပ်တာ မှားကုန်မှ ခက်ပေ့ဖြစ်ကုန်ပါ့မယ်။ အဲဒါကြောင့် အမေက ပြောတာ ရိုးရာကိုမနောက်ကောင်းဘူးနော်" တဲ့။ သည်အခါမျိုးမှာ ကိုကိုဦးကလည်း မခေ၊ ပြန်ချေပသည်။

"ဟ... မနောက်ပါဘူး။ တကယ်မသိလို့ မေးနေတာပါ"

"ဘာမှမတော်ဘူး၊ ဘာမှမတော်ဘူး၊ တစ်ဦးစီ၊ အဲလေ... တစ်ပါးစီ၊ တစ်ပါးစီ၊ အို... မဖြစ်သေးပါဘူး၊ မနက်ဖြန် လက်ဖက်ဆက်မှ ဖြစ်မယ်၊ လက်ဖက်ဆက်မှဖြစ်မယ်"

ရီမာကျော့်က အဲလောက်ကို ရိုးရာကို ရိုသေကိုးကွယ်သူမို့ အခုလို လင်စုံမယားဖက် ဧည့်သည်လာတာမျိုးကို နည်းနည်းမှ သည်းမခံနိုင်ပေ။ ပြီးတော့ ဧည့်သည်က ကိုယ့်အမျိုးဖြစ်ဖို့ လမ်းမမြင်။ ကိုယ့်မှာ နယ်အမျိုးဆို၍ မူးလို့တောင် ရှူစရာမရှိသည့်ဘဝ။

"ဟော... အဲဒါ ကိုကိုဦး မိန်းမလေ၊ ရီမာကျော့်တဲ့။ သမီးရေ... အဲဒါ အမေကြည့်တူမ ချိုချိုဆိုတာပေါ့"

ကျဉ်းတဲ့တိုက်ခန်းဆိုတာ ဖိနပ်ချွတ်နဲ့ ဧည့်ခန်းကလည်း လက်တစ်ဖောင်စာပဲ ဝေးတာမဟုတ်လား။ ဖွေ့ခန်းနဲ့ ဧည့်ခန်းရောက်၊ ခင်းထားတဲ့ ဖျာပေါ်ထိုင်ချလိုက်ရုံနဲ့ ဧည့်သည်နှင့် ရီမာကျော့်တို့ နဖူးတိုက်၊ ဒူးတိုက် တွေ့တော့မတတ် ကပ်ကပ်ဖွဲ့ဖွဲ့ ထိုင်ပေတော့ပဲ။

ဟုတ်ကဲ့... သြော်နဲ့ပဲ ဆွေမျိုးစပ်ကြရလေတော့သည်။ ယောက္ခမ ဖြစ်သူက အပြောလည်းချို၊ အနေလည်းနွဲ့ပါသည်။ ချွေးမဖြစ်သော ရီမာကျော့်လို မာဆတ်ဆတ်မဟုတ်။ အခြေအနေကို လိမ်မာပါးနပ်စွာ မီးစင်ကြည့်က တတ်လေသည်။ သူ့သား ကိုကိုဦးနှင့် သူ့ချွေးမ ရီမာကျော့်တို့လင်မယား စကားများရန်ဖြစ်ထားပြီး စကားမပြောတာ နှစ်ရက်၊ သုံးရက်မကချိန်မှာ ထိုဧည့်သည်က ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာသည်။ ဆွေမျိုးရယ်လို့ တစ်ခါမှမမြင်ဖူးသည့် ယောက်မဖြစ်နေသလို သူတို့ဆွေမျိုးချင်းတောင် မဆုံဖြစ်တာ၊ မတွေ့ဖြစ်တာ အနှစ်နှစ်ဆယ်ကျော် ကြာပြီဆိုပါလား။ ဘာပဲဖြစ်ဖြစ် ရီမာကျော့်မှာ တာဝန်ရှိသည်။ အိမ်ရှင့်ဝတ္တရားတော့ အစွမ်းကုန်ကျေပွန်ရမည်သာ ဖြစ်၏။ ဒါပေမဲ့ ခက်တာ၊ ဒီလင်မယားကို ဘယ်မှာ ညသိပ်ရမလဲ ဆိုတဲ့အချက်က အရမ်းအရေးကြီးလေပြီ။

အခုအချိန်မှာ စကားမပြောဘဲ တင်းခံထားသည့် ယောကျ်ားကိုပဲ တဆွေးတဆွေး အရေးပေါ်စကားပြောရတော့မည့်ကိန်း ဆိုက်နေသည်။ အို... ဘာလို့ပြောရမှာလဲ၊ ဒီကိစ္စ ကိုယ့်နည်းကိုယ့်ဟန်နှင့် ရှင်းမည်။

"ဧည့်သည်တွေ ထမင်းစားပြီးပြီလား အမေကြည်"

နောက်ဖေးထမင်းစားခန်းဘက် ဝင်လိုက်လာသည့် အမေကြည်ကို အကျီလဲနေရင်းက တိုးတိုးလေးမေးတော့ ကျွေးပြီးပြီတဲ့။ တော်ပါသေးရဲ့။ ဘာနဲ့ကျွေးလဲဟုတော့ မမေးတော့ပါ။ အိမ်မှာ အမေကြည်က သူ့ဘာသာသူ အဆင်ပြေသလို ချက်ကျွေးထားမှာ သေချာပါသည်။ သားနှင့်ချွေးမကို အလိုလိုက်ရှာသလို မြေးတစ်ယောက်တည်းကိုလည်း ထားစရာနေရာမရှိအောင် ချစ်ရှာသော ယောက္ခမကိုတော့ ရီမာကျော့်က ကြည်ဖြူသလို ချစ်လည်းချစ်ပါသည်။ ချွေးမနှင့် ယောက္ခမပေမယ့် ကွယ်ကွယ်ဝှက်ဝှက် မရှိကြ။ ချွေးမအထာကို သိနေသော ယောက္ခမပီပီ ဧည့်ခန်းက သူ့ဆွေမျိုးမကြားအောင် တိုးတိုးလေးပြောရှာလေ၏။

"သမီးရေ... ဘာမှစိတ်မပူနဲ့ သိလား၊ အမေကြည့်တူမလင်မယားကို တစ်ယောက်စီ ခွဲသိပ်လိုက်မယ်။ ချိုချိုကို အမေကြည်နဲ့ အိပ်ခိုင်းပြီး သူ့ယောကျ်ားကို ကိုကိုဦးနဲ့ ရုံးခန်းသွားအိပ်ခိုင်းလိုက်ရင် မကောင်းဘူးလား ဟင်၊ တော်ကြာ ကိုကိုဦးလည်း ပြန်ရောက်တော့မှာ၊ အမေကြည် ဖုန်းဆက်ခေါ်ထားတယ်"

"ဒါဆိုလည်း ပြီးတာပါပဲ အမေကြည်ရယ်"

ကြိတ်ကြိတ်ကလေး ကပ်ပြောရှာသော အမေကြည့်စကားကြားရမှ ရီမာကျော့် အသက်ရှူဝသွား၏။ တော်ပါသေးရဲ့။ ဒီအစီအစဉ်ကောင်းပါသည်။ သူ့သားနဲ့ စကား

mgyoe.com

mgyoe.com

မပြောပေမဲ့ သူ့တူမတွေကို ပစ်ပစ်ခါခါလုပ်မှာ မဟုတ်ဘူးဆိုတာ အမေကြီးက သိနေသည့်အတိုင်း ရီမာကျော်ကလည်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို ပြန်ပြောရင်း ဆွေမျိုးစပ်အလွမ်းသယ်ပွဲမှာ ညှို့သည်နှင့် အလွမ်းပေါင်းသင့်ခဲ့ရလေ၏။

"ချိုကလေ... ယောက်မအကြောင်း ကြားနေတာကြာပြီ။ ချို့မောင်လေးက သိပ်လိမ်မာတာမဟုတ်လား။ မောင်လေးကို ငယ်ငယ်က ချိုတို့ ထိန်းလာတာ။ ချိုတို့လက်ပေါ် ကြီးလာတာလေ။ မောင်လေးကို ချိုတို့ဖေဖေက သိပ်ချစ်တာ။ ချို့ဖေဖေက အမေကြီးရဲ့အထက်ကလေ၊ အစ်ကိုပေါ့။ ချိုတို့မြို့ကိုလည်း လာလည်နော် ယောက်မ၊ ချိုတို့က ခင်တတ်တယ်သိလား။ ချိုတို့နယ် ရောက်လာလို့ကတော့ ရှယ်ပြုစုမယ် စိတ်ချ၊ လာလည်ရမယ်နော်"

"ဟုတ်ကဲ့... ဟုတ်ကဲ့..."

အပြောချိုသလောက် အမူအရာလည်းချို၊ ရုပ်ရည်လည်း ချိုမြသော ချိုချိုကို ထိုနေ့က သိပ်မရောထွေးမိပေမဲ့ လိုက်လိုက်လျောလျော စကားပြောနိုင်ခဲ့သေး၏။ ဒါတောင်မှ သွားကိုက်နေ၍ တစ်ချက်တစ်ချက် သူရယ်စရာပြောပေမဲ့ ကိုယ်မရယ်နိုင်ခဲ့။ တအင်းအင်းလိုက်လုပ်နေ၍ ယောကျ်ားက သူ့ကို မကျေနပ်တုန်းပဲဟု မှတ်ကာ...

"လာ... မမချိုတို့နှစ်ယောက်လုံး ကျွန်တော့်ရုံးခန်းမှာ လိုက်အိပ်ကြ။ ဒါမှ အကြာကြီးစကားပြောရမှာ။ ဟိုဘက်ရပ်ကွက်က ညလုံးပေါက် လက်ဖက်ရည်ဆိုင်ဖွင့်တယ်။ ဒီညအပ်ထားတဲ့အလုပ်တွေလည်း လုပ်စရာရှိတာနဲ့ အတော်ပဲ" လူစုခွဲနည်း အတတ်ပညာကို ကိုကိုဦး လှလှပပသုံးလိုက်၏။

"ဟုတ်လား... အို လိုက်မယ်၊ လိုက်မယ် မောင်လေးရေ၊ မမချိုတို့က ကိုယ့်မောင်လေးကို သိပ်စကားပြောချင်နေတာ အတော်ပဲ။ ယောက်မရေ ဟိုဘက်လိုက်အိပ်မယ်နော်"

"ကောင်းတာပေါ့၊ ဟိုမှာ ကျယ်ကျယ်ဝန်းဝန်း အိပ်ရမယ်။ ဒီမှာ အခန်းကျဉ်းတော့ အားနာတယ်"။ ဘယ်သူက ဘယ်လိုအကွက်ချသည် မသိပေမယ့် ကျေနပ်သွားသူထဲမှာ ရီမာကျော် ထိပ်ဆုံးကပဲ ဖြစ်လေ၏။ သူတို့ကို အိမ်ဦးခန်း သိပ်လို့ကလည်း မဖြစ်၊ တည်းခိုခန်း ပို့လို့ကလည်း ရိုင်းမှာစိုး၊ ဟိုတယ်သွားတည်းကြပါလို့လည်း အာမ မခံနိုင်။ ကိုယ်တောင် ဟိုတယ်မှာ ညအိပ် မတည်းဖူးဘဲနဲ့။ ဟိုတယ်တစ်ညစာက ကိုယ့်အိမ်စရိတ် ဆယ်ရက်စာလောက်ရှိတာဆိုလား ကြားဖူးတာပဲ။ အခုလို ဘယ်ဘက်က ဦးဦး၊ အလုပ်ခန်းသွားအိပ်ကြမည်ဆိုသည့် စကားကြားရတာ အကောင်းဆုံးပင်။ အလုပ်ခန်းမှာက ဘုရားစင်ပဲရှိသည်။ ဘုရားခန်းမှာတော့ အိပ်လို့မရတာ သေချာသည်။ အခြေအနေကို လှလှပပ ဖြေရှင်းသွားသည့် ယောကျ်ားကို စိတ်ထဲကဖြင့် လှမ်း ထောမနာပြုမိ၏။ အတော်ကြီးလည်း ဝမ်းသာနေမိ၏။

"ဘာလဲ... ကျုပ်ကြောက်နေမှန်း ရှင်သိလို့ မဟုတ်လား။ ရှင့်ကို ပြောပြီးသားလေ၊ အိမ်ဦးခန်းမှာ လင်မယား စုံတွဲ မသိပ်ကောင်းဘူးလို့။ ဒီလောက်တော့ ကိုယ့်ယောကျ်ားက အလိုက်သိရှာသားပဲ။ ပြန်တောင် ခေါ်ချင်ပြီ ယောကျ်ားရေ"

သည်လိုဖြစ်မလာလို့ကတော့ ဒီည ရီမာကျော် နှလုံးရောဂါရမှာ သေချာလေ၏။

* * *

"ဘာ... သူတို့လင်မယားက နှလုံးရောဂါသည် ဟုတ်လား"

"တိုးတိုးပြောစမ်းပါ မိန်းမရာ၊ ကိုပြောတဲ့ နှလုံးဆိုတာ နှစ်လုံး၊ သုံးလုံး၊ တစ်လုံးတွေကို ပြောတာ"

"တစ်လုံး"

ဘာလဲ တစ်လုံး...။ ကြားတောင် မကြားဖူးဘူး။

ဧည့်သည်စုံတွဲက မနက်ဆိုထွက်သွားလိုက်၊ ညနေဆို ပြန်ရောက်လာလိုက်၊ ညဆို သူတို့လုပ်ငန်းကိစ္စတွေ ပြောပြလိုက်၊ အဆင်ပြေတာ၊ အဆင်မပြေတာတွေပြော။ ရန်ကုန်က ဟိုဘက်ဆွေမျိုး၊ သည်ဘက်ဆွေမျိုးတွေ အကြောင်းက စကားဖောင်ဖောင်ပြောတတ်သည့် ချိုချို့ဆီမှ အားရပါးရ ကြားလာရသောရက် ငါးရက်လောက် ဖြစ်လာသောအခါ ရီမာကျော် သွားတော်တော်ကိုက်လာပါတော့၏။ တကယ် သွားကိုက်တာပါ။

သွားကိုက်နေသော ရီမာကျော်ခမျာ မခေါ်ချင်ခေါ်ချင်နှင့် ယောကျ်ားဖြစ်သူနှင့် ပြန်ခေါ်ရလေတော့သည်။ ရှော့... ဆေးသောက်၊ ရှော့... ဆန်ပြုတ်သောက်လေ၊ ဆားပြုတ်ရည် ငုံထားပါလား မိန်းမရာနှင့် ရောသောပေါသော စကားပြောရင်းမှ မသိမသာ ပြန်ခေါ်ချိန်မှာ သွားကိုက်၍ မျက်နှာရှုံ့မဲ့နေသည့်ကြားမှ ရီမာကျော် မရရအောင် မေးမိ

mgyoe.com

mgyoe.com



တော့၏။

"သူတို့က ရန်ကုန်ကို ဘာလာလုပ်တာလဲ"

ဗလုံးဗထွေးပြောပေမဲ့ ရီမာကျော် ဘာပြောသည်ကိုတော့ ကိုကိုဦးက ရိပ်မိသည်။ "နှလုံးရောဂါသည်တွေ ပေါ့ကွာ" ဟု အသံအုပ်အုပ် ပြောတာကို အလန့်တကြား ထ အော်မိတာ ရီမာကျော်။ ပြီးမှ အားခနဲတစ်ချက်အော်ကာ သွားဖုံးရောင်နေရုံမက ပါးပါရောင်နေသော နေရာကို လက်ဖြင့်ဖွဖွလေးအုပ်ကာ တစ်ဖောင်လောက် ဝေးသော ဧည့်ခန်းမှ ပန်းကန်ဆေးတဲ့နောက်ဖေးဘက် ပြေးထွက်ခဲ့ရ၏။

တော်သေးတာ... အမေကြည်နဲ့ သားဖြစ်သူက တီဗွီကြည့်နေကြ၏။ ဧည့်သည်တွေက တယ်လီဖုန်းဆက်နေကြ၏။ ရီမာကျော်ခမျာ မောရိယမန်းဆေးတွေ လူးထားသောကြောင့် ပါးတစ်ဖက်ကလည်း ရောင်နေ၊ သွားကလည်း ကိုက်နေ၊ ခေါင်းကလည်း ကိုက်နေသည့်ကြားမှ နှလုံးရောဂါနှင့် လာတွေ့သောအခါ အတော်ကြီးငိုချင်သွားလေ၏။

"တစ်လုံးဆိုတာ ဘောလုံးပွဲလောင်းတာပြောတာ။ ပုံကြည့်လိုက်တော့ လည်ပုံလည်ပေါက်နဲ့ တော့။ ဘာမှကို မသိဘူး။ ချိုချိုတို့က သူတို့မှာ ဟိုကြွေးသည်ကြွေးတွေရှိလို့ ထင်တာပဲ၊ ရန်ကုန်မှာ သောင်တင်နေတာ။ အရင်တုန်းက ဒီလိုမဟုတ်ဘူး။ သူ့ယောက်ျားက သိပ်ချမ်းသာတာ။ သူ့မြို့မှာ မြို့မျက်နှာဖုံး၊ အခု ဘာဖြစ်သွားလဲ မသိဘူး"

ယုံပါသည်။ မနေ့က ရုံးဆင်းပြန်လာတော့ သွားကိုက်စပြုနေပါပြီ။ သွားဆေးခန်းမဝင်မိဘဲ အိမ်ပြန်ရောက်လာကာမှ သွားတဖြည်းဖြည်းကိုက်လာချိန်မှာ ချိုချိုကို တွေ့လိုက်ရတော့ စိတ်ထဲက "ဟင်... မပြန်ကြသေးဘူးလား" ဟု မေးမိသွား၏။ အခုကျမှ မထူးတော့ပါ။ အမေကြည်ခမျာ ရီမာကျော်ကို အတော်ကြီး အားနာနေရှာလေပြီ။ သည်တော့ ရီမာကျော်ကပဲ အလိုက်တသိ သွားကိုက်တာ အောင့်ပြီး တဟင်း... တဟဲဟဲနှင့် "စားပြီးပြီလား၊ ရေချိုးလေ။ ချိုချို့အသားလေးတွေ ဝင်းအိနေတာပဲ။ ငယ်ငယ်က တော်တော်ချောမှာပဲ၊ အခုတောင် ချောတုန်း။ အသားအရေ တော်တော်စိုပြည်တယ်နော်၊ နယ်မြို့မှာ နေပေမဲ့ နေပူမိပုံမရဘူး၊ အရိပ်ထဲမှာ ဖိမ်နဲ့နေရတယ်ထင်တယ်" ဆိုတာတွေကို တစ်ရက်ခြား ပြောနေကျအတိုင်း ပြောရပြန်၏။

ထို့အတူ ချိုချို့ဘက်ကလည်း သူမတို့ တစ်ချိန်က ရွှေထီးဆောင်းခဲ့ရသည်များကို ရီမာကျော်အားကျအောင် မစားရဝခမန်း ပြောပြန်၏။ ကြားရတာ အားကျစရာကြီးများ ဖြစ်နေမလား။

"သိလား ရီမာ၊ ချို ငယ်ငယ်ကဆို သိပ်စိတ်ကောက်တတ်တာ။ ချို့ယောက်ျားက သိပ်ချမ်းသာတာ။ ထမင်းဆို ချက်စရာကို မလိုဘူး။ အလိုလည်း လိုက်တယ်။ ချစ်လည်း ချစ်တယ်။ ဒါတောင် ချိုက ဗိုလ်ကျတယ်။ ချို့ကိုဆို စိန်နားကပ်တွေ၊ စိန်လက်ကောက်တွေ ဆင်တာ။ အိုရွှေဆို တံတောင်ဆစ်ရောက်မတတ်ပဲ။ ချို့အတွက်က အားလုံး ဝတ်ဖူးစားဖူးပါပြီ။ ဘာမှမလိုတော့ပါဘူး။ ဒီမှာ ရစရာလေးတွေရှိတာ မပြတ်လို့ နေနေရတာ၊ ရီမာ့ကို အားတောင်နာနေပြီ သိလား"

သိလား... သိလားတွေကို ရီမာကျော် လုံးဝမသိရှာပေ။

"ရီမာတို့က အခန်းက ကျဉ်းတယ်နော်၊ ပြောတယ်၊ ချို့အမျိုးသားက သူ့အမျိုးတွေရှိတဲ့ သုဝဏ္ဏမှာတည်းဖို့။ မတည်းချင်ပါဘူးလို့၊ ချို့အမျိုးဘက်ပဲ တည်းမယ်ဆိုပြီး ဖွတ်တည်းရတာ။ အို... ကိစ္စမရှိပါဘူး။ ချိုတို့ကို အားမနာနဲ့၊ လောကဓံကို ခံနိုင်နေပြီ။ နေဦး... ခြံနဲ့ဝင်းနဲ့ မနေချင်ဘူးလား။ အဆင်ပြေလို့ကတော့ ချို့အမျိုးတွေကို သိန်းတစ်ထောင်တန် ခြံတစ်ခြံလောက် ဝယ်ပေးမယ်သိလား။ နယ်မှာက ကိုယ့်ခြံကိုယ့်ဝင်းနဲ့ နေကြတာ"

ဘုရားရေ... လို့သာ တမိတော့၏။ သွားတစစ်စစ်ကိုက်နေတဲ့ကြားမှ သိန်းတစ်ထောင်ဆိုတာကြီး ဖြုန်းခနဲကြားလိုက်တော့...

"ဟင်... ဘယ်ကပိုက်ဆံနဲ့ ဝယ်မှာလဲ" ဟု မေးဖြစ်အောင်ကို မေးလိုက်မိလေ၏။ ရီမာကျော် ထိတ်ခနဲတောင် ဖြစ်သွားတာ အမှန်။ ချိုချို နောက်ပြောနေပုံမရ။ တကယ့်ကို အင်နှင့် အားနှင့် ပြောနေ၏။

"ချိုတို့မှာ ရစရာတွေရှိတယ်။ အခုလောလောဆယ်သာ အဆင်မပြေသေးတာပါ။ စိတ်ချ... ချို ဝယ်ပေးနိုင်မှာ"

"ဟာ... တော်ပြီတော်ပြီ၊ ကိုယ့်မိသားစုနဲ့ကိုယ် ဒီအခန်းလောက်နဲ့ ရတယ်။ မဝယ်ပေးနဲ့၊ ကိုယ့်ဘာသာကိုယ် ဝယ်စမ်းပါ"

သွားကိုက်တယ်ဆိုတာ စိတ်ခံစားမှုတစ်မျိုးဟု သွားဆရာဝန်တချို့က မှတ်ချက်ချဖူးသည်။ ကျန်းမာရေး

mgyoe.com

mgyoe.com

စာအုပ်တွေမှာလည်း ပါသလိုပဲ။ အခုမှ ပိုကိုက်လာ၏။ ကြေးကြောက်သူပီပီ တစ်ဖက်က ပါးစပ်နဲ့ ဝယ်ပေးနေချိန်မှာတောင် ပါးစပ်နဲ့ "ကောင်းတာပေါ့" တစ်လုံးတောင် မပြောမိခဲ့။ စိတ်ထဲမှာလည်း ဝမ်းမသာနိုင်ဘဲ လန့်တောင် လန့်မိတာ အမှန်ပင်။ ဘယ့်နှယ်.... သိန်းရာထောင်ဂဏန်းတွေ၊ ဒီလိုလွယ်လွယ်ပြော၊ လွယ်လွယ်ဝယ်နိုင်တဲ့ လူတန်းစား ရှိသေးလား။ ပိုက်ဆံတွေ တွင်းထဲက နှိုက်... နှိုက်... အဲ... ဒါဆို ရေနံတွင်းသူဌေးတို့၊ ကျောက်တွင်းသူဌေးတို့ရဲ့ အနွယ်တော်တွေ ဖြစ်မှာပေါ့။ တစ်ချိန်က ကျိုကျိုတက် ချမ်းသာခဲ့ပုံရလိမ့်မည်။ ဒီခေတ်မှာ ဘာမို့လို့ ဒီလောက် ချမ်းသာနိုင်မှာလဲ။

ရီမာကျော် တစ်ခုတွေးမိသည်။ ပြီးခဲ့တဲ့တစ်ပတ်က ဂျာနယ်တစ်စောင်ရဲ့ ဗေဒင်ဟောစာတမ်းမှာ...

"မမျှော်လင့်ဘဲ အိမ်၊ ခြံ ဝင်တတ်သည်။ ကြီးစွာသော အမွေမျိုး ရတတ်သည်။ အဝေးမှ စောင့်ရှောက်မည့်သူ ပေါ်လာနိုင်သည်"ဟူသော စာတစ်ပိုဒ်အတိုင်း မှန်နေလေပြီလား။

ထိုအကြောင်း ရယ်မောပြီး "ရိုးရာ မ တာထင်တယ်" ဟု ကိုကိုဦးကို ပြန်ပြောပြတော့ အော်ရယ်သည်။

"ဘာရိုးရာမှ မ မဘူး။ နှလုံးရောဂါပဲ မ တာဖြစ်မယ်"။ ထိုအကြောင်းကိုပဲ အမေကြည်ပြောပြတော့...

"အိမ်တွင်းအဖေကြီး မ,တာထင်တယ်။ ကိုယ်က ရိုသေတာကိုး၊ ဒီတော့ ကိုယ့်မိရိုးဖလာကလည်း ပြန်စောင့်ရှောက်တာဖြစ်ရမယ်"

အမေကြည်ကတောင် ထိုအတွက် မှတ်ချက်ပြောချိန်မှာ ချိုချိုတို့ ပြန်သွားကြလေပြီ။ မောင်နှမသုံးယောက်ဖဒ်နှင့် ကျေးဇူးတို့အတွက် နမ်းတစ်စေ့၊ စပါးတစ်စေ့စာ ကျေလိုကျေငြား ကိုယ့်ချွေးနဲ့စာထဲမှ ငွေသုံးသောင်းကန်တော့လိုက်ကြသေးတော့ ချိုချို့ခမျာ မျက်ရည်ဝဲမတတ် ကြည်နူးသွားရှာလေသည်။

လောလောဆယ် သူ့သိန်းတစ်ထောင်ထက် ကိုယ့်ငွေသုံးသောင်းက အဖိုးတန်နေခဲ့မှာ သေချာသလောက်ပါပဲ ဟု ရီမာကျော်ဘက်ကလည်း ပီတိဖြစ်နေကာမှ နှစ်ရက်မဆိုင်း ရီမာကျော့်အမေနှင့် ကိုကိုဦးအမေတို့က ထိုပီတိကို ဖျောက်ပစ်လိုက်လေတော့၏။

* * *

"ဘုရား... ဘုရား အိမ်တွင်းအရှင်ကြီး... အမိုက်အမဲလေးတွေမို့ ဗွေမယူပါနဲ့၊ ခွင့်လွှတ်တော်မူပါ၊ အိမ်တွင်းအဖေကြီးကို အမြဲရိုသေပါတယ်။ တနင်္လာသားနဲ့ ဗုဒ္ဓဟူးသမီး မိသားစုတို့က အမြဲရိုသေလေးစားလျက်ပါ။ အတွင်းရန်များ အပြင်ကို ရောက်စေပြီး အပြင်ရန်များ ဤအိမ်အတွင်းသို့ မရောက်ရှိအောင် စောင့်ရှောက်ပေးတော်မူပါ။ အခုလိုနေရာအပြောင်းအလဲဖြစ်သွားတာ တပည့်တော်မတို့ မသိလိုက်ပါဘူး။ ခွင့်လွှတ်ပါ အိမ်တွင်းအဖေကြီး"

"လက်ဖက်များ၊ ပန်းများ၊ အမွှေးနံ့သာများနဲ့ ဆက်ကပ်ပါတယ် အိမ်တွင်းအဖေကြီး... စောင့်ရှောက်တော်မူပါ။ အမြဲရိုသေလေးစားတဲ့ မိသားစုပါ။ ကလေးတွေ မသိနားမလည်တာ ခွင့်လွှတ်ပါ"

ထိတ်ထိတ်လန့်လန့် ဖြစ်ရုံမက ပါးစပ်ကလည်း တတွတ်တွတ်နှင့် တောင်းပန်မဆုံးဖြစ်နေသော အမေနှစ်ယောက်ကို အားနာလိုက်တာမှ အရမ်းပါပဲ ဟု ရီမာကျော်စိတ်ထဲမှ ပြောနေမိ၏။ ကြည့်စမ်းပါဦးတော့ကွယ်။ အိမ်တွင်းစင်ရှေ့မှာ ရီမာကျော့်အမေက ယပ်သွင်းပြီး အမေကြည်က ထိုင်ကန်တော့နေ၏။ ပန်းနှင့် လက်ဖက်ပွဲကို အမေက မြှောက်သည်။ သေသေချာချာ တောင်းပန်သည်။

ထိုအချိန်မှာ ကိုကိုဦးနှင့် ရီမာကျော်က မျက်နှာငယ်လေးတွေနှင့် အိမ်တွင်းစင်ရှေ့မှာ လက်အုပ်ကလေးတွေ ချီလို့ပေါ့။

ချီရပေမပေါ့... ဖြစ်ပုံက ဒီလိုပါ။

"အမလေး... ကြည်ကြည်ရေ လာပါဦး၊ နတ်အုန်းသီး ဘယ်လိုကြောင့် အပြင်ဘက်ကြွက်မြီးအညွှာ လှည့်နေရတာလဲ"

နေ့တိုင်း အိမ်လာတတ်သည့် အမေ့အော်သံကြောင့် တစ်အိမ်သားလုံး နတ်စင်နား အပြေးရောက်သွားကြ၏။ ဟင်... ဟုတ်ပါရဲ့။ "ဘာဖြစ်တာလဲ အမေ" အမြင်ထက် အားလုံး အသံတိတ်သွားကြ၏။ တစ်ခါမှ မကြုံဖူးသည့် မြင်ကွင်း။ ရိုးရာကိုးကွယ်လာတာ အမေမှာတဲ့အတိုင်း အိမ်တွင်း အုန်းဆွဲတာ အိမ်တွင်းခန်းဘက် အညွှာထားရသည်ကို ပုံသေနည်းမှတ်ထားလေသည်။

"အညွှာအပြင်မှာထားရင် ဘာဖြစ်လဲမမ" ဟု အမေကြည်ခမျာ တုန်တုန်ရီရီနှင့် အမေ့ကို မေးရှာ၏။ အမေကလည်း အတော်ကြီးကြောက်လန့်တကြားနှင့်...

"ဘာဖြစ်ရမှာလဲ ကြည်ကြည်ရယ်၊ ကိုယ့်အိမ်စီးပွား

mgyoe.com

အပြင်ထွက်တာပေါ့။ တို့အယူအဆကတော့ စီးပွားလာဘ် လာဘရရင် အပြင်မရောက်ရအောင်၊ စီးပွားတိုးအောင် ကျန်းမာရေး၊ လူမှုရေးအတွက် ထားကြတာ ဒါထုံးစံပဲ။ ဘယ်လိုက ဘယ်လို ဘယ်သူ လှည့်တာလဲ"

"ဟာ... ရီမာတို့ ထိတောင်မထိဘူး"

"ကျွန်တော်က ပိုတောင်ဆိုးသေးတယ်။ ဘာမှကို နားမလည်လို့ အနားတောင် မကပ်ဘူး"

ကိုကိုဦးစကားကြားမှ ရီမာကျော် ဒေါပွသွား၏။ မြုန်းခနဲ စိတ်ထဲပေါ်လာတာ ချိုချို့မျက်နှာကြီး။ ဒီအိမ်မှာ ဘယ်ညေ့သည်မှ လာတာမဟုတ်။ တစ်ချိန်လုံး၊ တစ်နေ့လုံး ဘယ်သူမှ လာမနေ။ မထင်ကောင်း ထင်ကောင်း။ ဒါကြောင့် လွှတ်ခနဲပြောမိတာ ရီမာကျော်မှာ အပြစ်ရှိသလား။

"ချိုချို့ကြည့်ရတာ လျှင်ပုံ လည်ပုံပေါက်တယ်နော်။ သိပ်တော့ နုံနုံအအရုပ် မဟုတ်ဘူးနော်"

"ဟိုကလည်း ပြောသွားပါတယ်။ ရီမာကျော်ပုံစံက သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ဘဲ ကျမယ့်ရုပ်တဲ့"

မခံချင်အောင်ပြောသည့် ကိုကိုဦးကျောကုန်းကို ထို နေ့က အုန်းခနဲထုရုံအပြင် အော်ရယ်နေသော ယောကျ်ား ကို စိတ်ဆိုးရကောင်းမှန်း မသိခဲ့။ အခုတော့ ဆိုးလိုက် သည့် စိတ်ဆိုတာ။ ရင်ထဲအသည်းထဲ ဖြောင်းဆန်မတတ် ပါပဲ။

"ကိုင်း... ပြောဦးလေ၊ ကျုပ်ကို သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ဘဲ ကျသလေးဘာလေးနဲ့၊ ရှင့်အစ်မက ခုနစ် ဆယ့်လေးမင်းလောက် ပန်းမကိုင်ဘဲ ကျမဲ့ရုပ်သိလား၊ သိလား။ အခု ပြန်တောင်းပန်၊ အိမ်တွင်းဖခင်ကြီးကို လာ တောင်းပန်လှည့်"

ကြောက်တတ်သော အမေနှင့် ယောကျ်ာမအပြင် လန့်တတ်သော မိန်းမဖြစ်သူကြောင့် ကိုကိုဦး စိတ်အတော် ကြီး ရှုပ်ထွေးသွားကာ တစ်အိမ်လုံးတန်းစီ လက်အုပ်ချီသ လို သူပါ ရော လက်အုပ်ချီကန်တော့လိုက်လေတော့၏။

* * *

ထိုအဖြစ်အပျက် ဖြစ်ပြီး တစ်လမျှကြာသောအခါ၌ ကိုကိုဦးနှင့် ရီမာကျော်တို့ အထက်ဘက် မြို့တစ်မြို့ဆီ အလှူတစ်ခုဖြင့် ရောက်သွားကြလေ၏။ ဆယ်စုနှစ်မက မရောက်တာကြာပြီဖြစ်သော မန္တလေးသို့လည်း ရောက် သည်။ သူငယ်ချင်းမိတ်ဆွေတွေဆီ ဝင်လည်ပြီး သူငယ်ချင်း တစ်ယောက်နေသော တောင်မြို့ဘက်သို့ လိုက်သွားခဲ့၏။ ခြေတံရှည် သစ်သားပျဉ်ထောင်အိမ်လေးက ချစ်စရာကောင်း သလို နွားနို့ပူပူတိုက်တော့လည်း မလိုင်နှစ်တွေက အရသာ ရှိလှ၏။

ရောက်လေရာ အိမ်မှာ ဘုရားစင်တွေ့ရင် ရှိခိုးတတ် သော ရီမာကျော့်ထုံးစံအတိုင်း ကိုကိုဦး သူငယ်ချင်းအိမ်က ဘုရားစင်ကို သပ္ပာယ်စွာတွေ့တော့ အားရပါးရ ထိုင်ရှိခိုး ပြီး မော့အကြည့် ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်း ကြောင့် ဟင်ခနဲ ဖြစ်သွား၏။

အဲဒီအိမ်က အိမ်တွင်းစင်မှာထားသည့် နတ်အုန်းသီး အညွှာက အိမ်ရှေ့ဘက် လှည့်လို့ပါလား။

"အစ်မ... အစ်မ ဒီအိမ်တွင်းအုန်းက ဘာဖြစ်လို့ အိမ် ရှေ့ဘက် အညွှာလှည့်ထားတာလဲ"

ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ၊ အားနာရကောင်းမှန်း မသိစွာဘဲ အိမ်ရှင်အစ်မကို မေးမိလေ၏။ ရီမာကျော်ရော၊ ကိုကိုဦးပါ အလွန်အမင်း စိုးရိမ်ကြောင့်ကြခဲ့ရသော တအုံ နွေးနွေးကိစ္စကြီးက ဘွားခနဲပေါ်လာသော ဖြစ်ရပ်မှန်နှယ်။

"ဘာလဲ ရန်ကုန်မှာ အိမ်ခန်းဘက် အုန်းသီးအညွှာ လှည့်တယ်မဟုတ်လား။ အစ်မတို့ကလည်း ရန်ကုန်က ပြောင်းလာတာဆိုတော့ သိတယ်။ ဒါပေမယ့် ဒီမှာ နတ် ကတော်က ဒီဒေသဘက်မှာ ဒီလိုပဲထားရတယ်ဆိုလို့ထား တာ။ ဒီဘက်က ရိုးရာဓလေ့ပေါ့ ညီမရယ်"

"ဒါဖြင့်... ဒါဖြင့် စီးပွားရေးတွေ ဘာတွေရော ကောင်းလား"

"ကောင်းသားပဲ၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း... ဘာမှမဖြစ်ပါဘူး"

ကိုကိုဦးနှင့် ရီမာကျော်တို့ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီး အားရပါးရ ပြုံးမိကြ၏။

ရင်ထဲက ပဟေဠိတစ်ပုဒ် အဖြေထွက်သွားသလို ပါပဲ။ စေတနာလောကွတ်ချော်ပြီး သူ့ဒေသဓလေ့ကို ကိုယ့် ဒေသဓလေ့နှင့် ပြင် ဆင်ပြောင်းလဲပေးသွားသော ချိုချို... အိမ်ရှင် ခွင့်မတောင်းဘဲပြုမိ၍ သူမအပေါ်ထင်မိယောင်မှား နှင့် ဒေါမနဿပွားပြီး သောကများခဲ့ရသည့် ရီမာကျော်တို့ မိသားစုအဖြစ်ကို ချိုချိုကတော့ သိမည်မထင်ပါ။

"နတ်အုန်းသီးအညွှာကို အင်တင်နာတိုင် လှည့်သ

mgyoe.com

mgyoe.com


လို လျှောက်လှည့်နေတာ အိမ်တွင်းအဖေကြီးက ခွင့်လွှတ်တာပဲလား"

"တော်ပါတော့ လျှောက်နှောက်မနေနဲ့ ယောကျ်ား"

သည်လိုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်အမှန် ဘာလဲဆိုတာ ကာယကံရှင်ချိုချိုသာ သိလိမ့်မည် ဆိုသော်ငြား... ချိုချို့အပေါ် အာဃာတကြီးစွာ ဒေါသဖြစ်နေဆဲ ရီမာကျော်၏ ဒေါသအပေါင်းကတော့ ကောင်းကင်ထိပ်ဖျားက မြေကြီးတိုင် ပြုတ်ကျသွားခဲ့လေတော့၏။

တော်ပါသေးရဲ့ ... ရိုးရာကယ်ပေလို့။

ရန်ကုန်ပြန်ရောက်လျှင်ဖြင့် အမေတွေ စိတ်ချမ်းသာအောင် နယ်အပြန်စကားလက်ဆောင် ပါပေတော့မည်။

"အမေရေ... သူ့ခလေ့ သူ့ရိုးရာ ရှိတယ်တဲ့၊ ဘာမှမကြောက်နဲ့တော့ အိမ်တွင်းဖခင်ကြီးက ခွင့်လွှတ်တယ်သိလား" ဟု ပြောရင်း ဇာတ်လမ်းအစုံအလင်ကို နုတ်သံနှော ပြောပြလိုက်ရပေတော့မည်။

နှင်းဝေငြိမ်း

၂၀၀၉၊ ဇန်နဝါရီ၊ ပန်းအလင်္ကာမဂ္ဂဇင်း။

mgyoe.com

.mgyoe.com

# ဩဂတ်စတြာရွှေနပေ၏ ဝုက်ဖဲများ

## နန္ဒာစိုး(ဆင်ဖြူကျွန်း)

[ ၁ ]

တကယ်တမ်းတွေးကြည့်လိုက်လျှင်တော့ သည်ကိစ္စမှာ ဘယ်သူ့ကိုမှ အပြစ်တင်လို့မရ။ 'ဘယ်သူမပြု မိမိမှု' ဆိုသောစကားကဲ့သို့ အငြိမ်မနေနိုင်ဘဲ သက်သက်မဲ့ လျှာရှည်ကာ သွား အာချောင်မိသော မိမိမှာသာ အပြစ်ရှိသည်ဟု ပြန်ကောက်ချက်ချရမလို ရှိ၏။ ဒါကိုလည်း သူ့ကိုယ်တိုင် သူ့ကိုယ်သူ သိပါသည်။ သို့ပေမယ့် သိတာက သိတာပဲ။ ရင်ထဲမှာ မအီမလည်ကြီး ဖြစ်ကျန်ရစ်ခဲ့ရသကဲ့သို့ ခေါင်းထဲမှာလည်း တစ်ပက်မှ မသောက်ရပါဘဲနှင့် မူးဝေကာ အူချာပေါက်နေခဲ့ရတာကတော့ အတော်ခံရချက် ဆိုးသည်။ နောက်ဆုံးတော့ ညှံ့ချက်သန်လှသော သူ့ကိုယ်သူသာ ပြန်၍အပြစ်ပုံချကာ နှပ်ပစ်လိုက်ရတော့သည်။

"မှတ်ကွ၊ မှတ်ထားလိုက်စမ်း တစ်သက်စာ၊ ဝါးလက်ခုပ်တောင် စည်းချက်မှန်အောင် မတီးတတ်၊ သီချင်းသွားပေါ်အောင်တောင် လေမချွန်တတ်ဘဲနဲ့ ဂီတအကြောင်းသွား စကားစ... လေကြောရှည်ချင်တဲ့ကောင်၊ အတွယ်ခံရတာ နည်းသေးရဲ့"ဟု။

* * *

[ ၂ ]

ယောက်ျားဆောင်က ခုတင်ဆယ်လုံး၊ မိန်းမဆောင်က ခုတင်ဆယ်လုံး စုစုပေါင်းမှ ခုတင်နှစ်ဆယ်သာဆံ့သည့် ဤမြေလတ်မြို့ငယ်ကလေးမှ တိုက်နယ်ဆေးရုံကလေးသို့ ဒေါက်တာမောင်ထူး ပြောင်းရွှေ့ရောက်ရှိလာခဲ့ရသည်မှာ တစ်နှစ်ပင် မပြည့်သေး။ ဟောက်စ်ဆာဂျင်ဆင်းပြီး 'ဆမ' လက်မှတ်ရပြီးချိန်မှာပင် လုပ်ငန်းခွင်ဝင်မည့်ကိစ္စအတွက် လျှောက်ထားရာတွင် ဒေါက်တာအသစ်စက်စက်ကလေးဖြစ်သော ဒေါက်တာမောင်ထူးက လျှောက်လွှာတွင် မည်သည့်မြို့သို့ ပို့ပို့ တာဝန်ထမ်းဆောင်ရန် အသင့်ရှိကြောင်း ဖော်ပြလိုက်၏။ သူ့လို လူပျိုလူလွတ် လူငယ်တစ်ယောက်အဖို့ သွားနိုင်လာနိုင်တုန်း ရောက်ရာအရပ်သည် သူ့အတွက် ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတတွေ တိုးပွားစေမှာချည်း ဖြစ်သည်ဟု သူက ခံယူ ထားသည်။ ထို့ကြောင့် ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသများသို့ ပို့လျှင်ပို့စေဦးတော့ ပျော်ပျော်ကြီးချီတက်လိုက်မည်ဟု ဆုံးဖြတ်ပြီးဖြစ်သည်။

ပြီးတော့ သူ့ငယ်ငယ်ဗီဇကိုက တစ်နေရာတည်းမှာ ပျော်သူမဟုတ်။ "ခြေထောက်မှာ ဗွေပေါက်နေတဲ့ကလေး" ဟု သူ့မိခင်က ညာညာတာတာ သုံးသပ်ပေးသော်လည်း ဘုကန့်လန့်ခွသမားဖြစ်သော သူ့ဖခင်ကမူ "မင်းက ချေးကျရာပျော်တဲ့ ကြက်လိုအကောင်စား၊ ကျရာမြေမှာ အပင်ထပေါက်တဲ့ ရွက်ကျပင်ပေါက်လို ဒေါ့မရှိတဲ့ကောင်" ဟု တစ် တစ်ခွခွ ဩဘာပေးခြင်းကို ခံယူထားခဲ့ရသူဖြစ်၏။ ဒေါက်တာမောင်ထူး ဆရာဝန်ဖြစ်လာတော့ အကြောင်းသိပြီးဖြစ် သော မိဘတွေက သူ့သဘောအတိုင်း ကျရာဒေသသို့ပို့ဖို့ လျှောက်လွှာတွင် ရေးသားဖော်ပြသည်ကို ထူးပြီး

mgyoe.com

mgyoe.com

ကန့်ကွက်ခြင်းမရှိ။ မိဘတွေက စီးပွားရေး တောင့်တင်းနိုင်မာသူတွေမို့ သားတော်မောင် ဒေါက်တာမောင်ထူး၏ လုပ်စာကို မျှော်လင့်အားကိုးနေဖို့မလို။ သားစိတ်ချမ်းသာရင်ပြီးတာပဲ၊ သူလျှောက်ချင်တာလျှောက်၍ ရောက်ချင်ရာဒေသ ရောက်လိမ့်မည်။ ဆရာဝန်တောင်ဖြစ်ပြီမို့ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်လိမ့်မည်ဟူ၍သာ သဘောထားကြ၏။

သို့သော် ကံကြမ္မာက ဒေါက်တာမောင်ထူးကို မျက်နှာသာပေးသည်လား၊ သို့မဟုတ် ဒီလောက်ခြေစကြာဖြန့်ချင်တဲ့ကောင်တော့ ဝေးဝေးမသွားရအောင် အမြီးဆွဲထားဦးမှပဲဟု သက်သက်ကလိလေသလား ရေရေရာရာမပြောတတ်။ ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသများသို့ကားမရောက်ဘဲ မြန်မာပြည်အလယ်ပိုင်းက မထင်မရှား သာမန် မြေလတ်မြို့ကလေး၏ ယခုမှ တိုက်နယ်ဆေးရုံအဖြစ်စတင်တိုးချဲ့ဖွင့်လှစ်မည့် ဆေးရုံကလေးတွင်သာ တာဝန်ထမ်းဆောင်စေဟု အမိန့်ချလေသည်။

ဘာပဲဖြစ်ဖြစ် ဒေါက်တာမောင်ထူးကတော့ ကြိုက်တာပါပဲ။ တာဝန်ကျရာမြို့ကလေးသို့ တစ်ရံမဆိုင်းဘဲ အမြန်စိုင်းလေသတည်း။ မြို့ကလေးသို့ရောက်မှ ဒေါက်တာမောင်ထူး သိရသည်။ မြို့ကလေးက ငယ်သာငယ် အစွယ်နှင့်ဆိုသလို ဖြစ်သည်။ မြို့ကသာ ငယ်သော်လည်း ကျောထောက်နောက်ခံ နယ်မြေဒေသတွေ၊ ကျေးရွာတွေက မနည်းမနော ကျယ်ဝန်းလှ၏။ ကျောထောက်နောက်ခံ ကျေးရွာအများမှ ရွာသူရွာသားအားလုံးပင် ကျန်းမာရေးကိစ္စနှင့်ပတ်သက်လာလျှင် မြို့ကလေးက ဆေးရုံသို့သာ အားကိုးတကြီး လာကြရ၏။ သည်တော့ တစ်နယ်လုံးမှလာသမျှလူနာအားလုံးကို ဆေးရုံကလေးက လက်ခံကုသပေးရလေရာ လူနှစ်ဆယ်ထက် ပိုမဆံ့သော ဆေးရုံကလေးမှာ နေရာထိုင်ခင်းကစ၍ ပြဿနာတစ်ခုဖြစ်နေသည်ကို ကြုံရ၏။ ထိုပြဿနာကို မည်သို့ဖြေရှင်းရအံ့နည်းဟု ဒေါက်တာမောင်ထူး ခေါင်းခဲနေစဉ်မှာပင် မြို့ခံနယ်ခံ ပရိသတ်က ဝိုင်းဝန်းဖြေရှင်းပေးကြသည်။ သူတို့ဖြေရှင်းနည်းက အတော်ရှင်းသည်။ သူတို့အတွက် အမှန်တကယ်လိုအပ်နေသော လိုအပ်ချက် 'ဟာကွက်' တစ်ခုလည်း ဖြစ်နေတာ တွေ့ရသည်။

"ဆရာရယ်... လာသမျှကို ဆေးရုံတင်ရရင်လည်း ခက်ရချည်ရဲ့။ ပြီးတော့ ကျွန်တော်တို့နယ်မှာ ပြင်ပဆေးခန်းရယ်လို့ ရှိတာမှ မဟုတ်ဘဲ။ ဒီတော့ ဆရာကိုယ်တိုင်က မြို့ထဲမှာ ဆေးခန်းကလေး ဖွင့်လိုက်ပေါ့။ တော်ရုံတန်ရုံလူနာနဲ့ အာဂန္တုအဖျားအနာသမားတွေလောက်တော့ ပြင်ပက ဆရာ့ဆေးခန်းကလေးမှာ ကုလိုက်ရုံနဲ့ သက်သာပျောက်ကင်းသွားကြရင် ဆေးရုံကို သွားစရာမလိုတော့ဘဲ ကိစ္စပြီးစီးသွားမယ်။ ဆေးရုံကတော့ မတင်လို့မဖြစ်တဲ့ အရေးကြီးလူနာတွေအတွက် နေရာချန်ထားတဲ့ သဘောပေါ့"

သူတို့ဝိုင်းပြောကြတော့လည်း ဟုတ်နေ၏။ မြို့ကလေးမှာ မြန်မာတိုင်းရင်းဆေး သမားတော်တွေ ရှိသော်လည်း သူတို့ဒေသအခေါ် 'အင်္ဂလိပ်ဆရာဝန်' ဖွင့်သော ဆေးခန်းတော့ မရှိချေ။ ဖြူစင်ရိုးသားကြသော ဤကျေးလက်လူနာပရိသတ်နှင့် တွေ့ပါမှပဲ၊ အဖေမြန်မာ၊ အမေမြန်မာတို့က မွေးဖွားလာခဲ့သော မြန်မာစစ်စစ် ဒေါက်တာမောင်ထူးမှာ ဘဝမကူးရဘဲ အရှင်လတ်လတ်ကြီးဖြင့် 'အင်္ဂလိပ်ဆရာဝန်' ဖြစ်သွားရလေသည်။ နားကြပ်ဖြင့် ရောဂါစမ်းသပ်ကာ ဆေးထိုးအပ်ဖြင့် ဆေးထိုးကုသသူမှန်လျှင် 'အင်္ဂလိပ်ဆရာဝန်' ဟု သတ်မှတ်လိုက်ကြလေသဖြင့် ဒေါက်တာမောင်ထူးမှာ ကိုယ့်အဖြစ်ကို ပြုံးမိရသေးတော့၏။

နောက်ဆုံးတော့ 'သံဃာအား ဘုရားမဆန်'သာ ဆိုသကဲ့သို့ ဒေါက်တာမောင်ထူးမှာ မြို့လယ်တွင် အိမ်ခန်းကလေးငှား၍ ဆေးခန်းဖွင့်လှစ်ပေးရလေတော့သည်။ တကယ်တမ်း ပြင်ပဆေးခန်းဖွင့်ကြည့်လိုက်တော့ အခြေအနေမဆိုးလှချေ။ ကျေးလက်လူနာများမှာ များသောအားဖြင့် ဆေးရုံတက်ဖို့ ဝန်လေးကြသူများချည်းဖြစ်ရာ ပြင်ပမှ ဒေါက်တာမောင်ထူး၏ ဆေးခန်းမှာ လာရောက်ကုသကြသူတွေက များသည်။ သူကလည်း ဆေးဖိုးဝါးခကို သင့်တင့်မျှတရုံသာယူပြီး မတတ်နိုင်ကြရှာသော လူနာများဆိုလျှင် အိတ်စိုက်၍ပင် ကုသပေးတတ်လေရာ ဆေးခန်းဖွင့်၍ ခြောက်လမပြည့်မီပင် ပရိသတ်အချစ်တော် ဆရာဝန်ကလေးအဖြစ် နာမည်သတင်း မွှေးလာခဲ့ရလေသည်။ စေတနာအကျိုးပေးပင်။ လူနာအတော်များများမှာ မြို့ပေါ်သာမက ကျေးလက်မှလူနာများပါ သူနှင့်ခင်မင်ရင်းနှီးလာခဲ့ကြပြီး ဖြစ်လာရလေတော့သည်။

ကဲလေ ထားလိုက်ပါတော့။ ဒါက ဒေါက်တာမောင်ထူးနှင့် မြို့ကလေးဝန်းကျင်မှ လူနာပရိသတ်တို့ ဆက်နွှယ်လာခဲ့ကြပုံ အကျဉ်းချုပ်ပဲ ဆိုကြပါစို့။ သို့သော် တစ်ခုတော့ ပြောစရာကျန်ဦးမည် ထင်သည်။ အခြားမဟုတ်။ ယနေ့

mgyoe.com

mgyoe.com


အဖို့ ဒေါက်တာမောင်ထူးခမျာ သူ့ကိုယ်သူ နှပ်ပစ်၍ကျန် ရစ်ခဲ့ရသော ကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်လာခဲ့ရသော အ ကြောင်းအရာ၏ အခြေခံမှာ ယင်းသို့ခင်မင်ရင်းနှီးပြီးဖြစ် သော လူနာပရိသတ်ထဲမှ တစ်ဇုံတစ်ယောက်နှင့် တိုက်ရိုက် ပတ်သက်နေခြင်းဖြစ်သည်ဆိုသည့် အကြောင်းပင်။ မှန် သည်။ ထိုလူနာ၏အမည်မှာ ဦးဘကောင်းဟူလေသည်။

* * *

[၃]

ဆေးရုံပိတ်ရက် တနင်္ဂနွေနေ့တွင်မှ ဖိတ်ကြားခြင်းခံ ရသော ဘုရားပွဲကျင်းပရက်နှင့် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေ တာက အတော်ကျေးဇူးတင်စရာ ဖြစ်လေတော့သည်။ သို့ မဟုတ်ခဲ့လျှင် ဆေးထိုးပေးလက်စ (ဆေးပတ်မလည်သေး သော)လူနာများကို စုံစေအောင် စောင့်ဆိုင်းပေးနေရသည် နှင့်ပင် ဆေးခန်းကို ညနေလေးနာရီတွင် ပိတ်နိုင်မည် မဟုတ်။ ခုတော့ အေးအေးဆေးဆေးပဲ။ မနေ့ကတည်းက ရက်ချိန်းကျန်နေသေးသော လူနာများကို တနင်္ဂနွေနေ့တွင် ညနေပိုင်း ဆေးခန်းပိတ်မည်မို့ စောစောလာခဲ့ကြရန် ကြို တင်မှာကြားနိုင်ခဲ့၏။ လူနာများသည် သူ့စကားကို နား ထောင်ကြကာ ယနေ့အဖို့ အချိန်စောလာပေးကြသဖြင့် ညနေလေးနာရီထိုးချိန်တွင် သူ ဆေးခန်းကို စိတ်ချလက်ချ ပိတ်ထားနိုင်ခဲ့မည် ဖြစ်သည်။

ကိုရင်မောင်တို့ အုပ်စုက တကူးတက တဖွဖွလာ ရောက်ဖိတ်ကြားထားသော ဘုရားပွဲသို့ သူ စိတ်ဖြောင့် ဖြောင့် သွားနိုင်ပြီဖြစ်သည်။ ကိုရင်မောင်ဆိုသည်က မြို့က လေးနှင့် လေးမိုင်ခန့်ဝေးသော ရွာသစ်ကြီးရွာက ဖြစ်သည်။ ကိုရင်မောင်၏ မိခင်ကြီးမှာ အူ အတက်ပေါက်၍ သူ့ထံသို့ ထော်လာဂျီဖြင့် ရောက်လာခြင်းဖြစ်၏။ သူက ချက်ချင်းပင် ဆုံးဖြတ်လိုက်ကာ ခွဲစိတ်ကုသပေးလိုက်သဖြင့် သက်သာ ပျောက်ကင်းသွားခဲ့သူ ဖြစ်၏။ သည်ကတည်းက သူသည် ကိုရင်မောင်တို့မိသားစု အသိုက်အဝန်းအဖို့တော့ တဖွဖွ တသသ ပြောမဆုံးတော့သည့် မဟာ့မဟာကျေးဇူးရှင်ကြီး စာရင်းသို့ ဝင်သွားလေတော့သည်။

ကိုရင်မောင်တို့ မိသားစုက ရွာသစ်ကြီးထဲတွင် ကြွယ်ပိုးကြွယ်ဝထဲက ဖြစ်သည်။ လယ်ယာ၊ ဥယျာဉ်တွေ ရှိသည်။ ကိုယ်ပိုင် ထော်လာဂျီရှိသည်။ ကိုရင်မောင်သည် အသီးအနှံများ ရောင်းချရန် မြို့ကလေးသို့ လာလေတိုင်း သူ့ထံ အမြဲဝင်လေသည်။ သူတို့လယ်ယာထွက် အသီးအနှံ တွေ တစ်မျိုးမဟုတ် တစ်မျိုးကို မှတ်မှတ်ရရ သယ်ဆောင် လာလေ့ရှိသည်။ ငှက်ပျောခိုင်ကြီး ထမ်းချင် ထမ်းလာ သည်။ ကောက်သစ်ဦးပေါ်သည့် ငချိပ်ကောက်ညှင်းဆန် အိတ်(လေးပြည်ထက်မနည်း)ကို ထော်လာဂျီပေါ် တင်ချင် တင်လာသည်။ ရွှေဖရုံသီး၊ ကျောက်ဖရုံသီးတွေ ပါလာ သည့် အခါမျိုးလည်း ရှိ၏။ ကြာလာတော့ သူ့မှာ ဆေး ခန်းရှေ့သို့ ကိုရင်မောင်၏ ထော်လာဂျီယာဉ်တော်မဟာ ကြီး တဒိန်းဒိန်းနှင့် ထိုးရပ်လာတာမြင်ရုံနှင့်ပင် "ဒုက္ခပဲ သည်လူတော့ ဘာတွေ သယ်လာပြန်ပြီလဲမသိဘူး" ဟု အားနာကာ သွေးလန့်နေရတော့သည်။

"ဘာမှ သယ်မလာပါနဲ့ဆိုဗျာ။ ခင်ဗျားက ပြောလို့ လည်း မရဘူး။ ကျွန်တော်က ထမင်းချိုင့်ဆွဲစားတဲ့ သူဗျ။ အဲဒီဟင်းချက်စရာ အသီးအနှံတွေ မလိုပါဘူး၊ ချက်စားနိုင် တာလည်း မဟုတ်ပါဘူးလို့ဆိုနေ"

"ဘယ်ဟုတ်မလဲဆရာ၊ ကိုယ်တိုင်ချက်မစားနိုင် လည်း ဆရာချိုင့်ဆွဲမှာစားနေတဲ့ ထမင်းဆိုင်က လူတွေကို တစ်ဆင့်ပေးလိုက်ပေါ့။ ကျွန်တော်ကတော့ မြို့လာတိုင်း တစ်ခုခုတော့ ယူလာမှာပဲ။ မြို့သွားမယ်ဆိုရင် ကျွန်တော့် အမေကကို ဟဲ့... ဆရာကလေးဖို့ ပဲစေ့ပဲဆန်ကလေး ယူ သွားဦးတို့၊ ငှက်ပျောတစ်ခိုင် ခုတ်သွားဦးတို့ လုပ်လာတာ ဆရာရဲ့။ ကိုင်း... ထားခဲ့ပြီဗျို့။ ပဲနောက်ကလေး ပါလာ တာ ဒိုင် သွားရောင်းလိုက်ဦးမယ်။ အပြန်မှ ဝင်လာဦးမယ် ဆရာ"

သူက အားနာမျက်နှာပူစွာ ဆီးကြိုပြောတိုင်း ကိုရင် မောင်က တဟဲဟဲရယ်၍ ပါလာသည့်လက်ဆောင်တစ်ခုခု ကို ဆေးခန်းထောင့်မှာ ချထားခဲ့ပြီးမှ ပြန်သွားလေ့ရှိ၏။ တစ်ခါတစ်ခါတော့လည်း "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်း ကောင်းပါ ဆရာရဲ့။ ကျွန်တော်တို့က ဆရာ့ကို ဆွေမျိုးလိုကို ခင်မင် အားကိုးတာပါ။ ဘာမှ အားမနာနဲ့...ယူလာတာတွေ က ကျွန်တော့်ခြံထွက်၊ လယ်ထွက်တွေချည်း။ ဘယ်ကမှ ဝယ်ပေးနေတာ မဟုတ်ဘူး" ဟု နှစ်သိမ့်သွားတတ်သေး သည်။ ကိုရင်မောင်တို့ မိသားစု၏ လက်ဆောင်ကိစ္စက တော့ဖြင့် ဘယ်လိုမှ ပြောမရတော့သဖြင့် မနိုင်၍ ခန္တီစ ထားလိုက်ကာ လုံးဝလက်လျှော့ထားလိုက်ရလေတော့သည်။

ယခုလည်း ပြီးခဲ့သော သောကြာနေ့ကတည်းက

mgyoe.com

တစ်ရက်ကြိုတင်ရောက်လာကာ ကိုရင်မောင်က ပြော၏။

"သန်ဘက်ခါ တနင်္ဂနွေနေ့ညနေကို ကျွန်တော်တို့ရွာမှာ ဘုရားပွဲရှိတယ်။ ဆရာ လာဖြစ်အောင် လာခဲ့ရမယ်။ ညစာထမင်းပါ စားပြီးမှ ပြန်ရမယ်နော်။ အဲဒါ ခုကတည်းက တစ်ရက်ကြိုပြီး လာဖိတ်တာ။ မလာရင်တော့ ကျွန်တော်တို့ဆွေမျိုးတွေအားလုံးက ဆရာ့ကို စိတ်ဆိုးရလိမ့်မယ်။ ဧည့်ခံဖို့ အထူးစပယ်ရှယ် ကြိုတင်ချက်ပြုတ်ထားကြမှာ"

ဘယ်လိုမှ ငြင်းလို့ရမှာမဟုတ်ဟု သူသိသည်။ ထို့ကြောင့် ကတိပေးလိုက်ရ၏။

"လာခဲ့မယ်ဗျာ။ သီသီကလေး တစ်ရက်တည်းကပ်လွတ်သွားလို့ တော်သေးတယ် အောက်မေ့ဗျ"

"ဘာလဲဆရာ၊ ဘယ်လိုတစ်ရက်တည်း ကပ်လွတ်တာတုန်း"

"ဒီလိုဗျ၊ တနင်္လာနေ့ကို ကျွန်တော်က ရန်ကုန်ကို ပြန်ဖို့ စီစဉ်ပြီးသား၊ ရန်ကုန်က ကျွန်တော့်မိဘများက လာမဲ့ဗုဒ္ဓဟူးနေ့မှာ သူတို့လှူဒါန်းထားတဲ့ ဘုန်းကြီးကျောင်းသစ်ကို ရေစက်ချပွဲလုပ်မှာမို့ မိသားစုတွေအတူတူ ရေစက်ချချင်လို့ မဖြစ်မနေပြန်ခဲ့ရမယ်လို့ ဖုန်းဆက်ထားတာ။ ဒါကြောင့် တနင်္လာနေ့ကို ကျွန်တော် ဒီက ထွက်ရမယ်။ အခု ကိုရင်မောင်တို့ ဘုရားပွဲက တနင်္ဂနွေနေ့ကျတော့ တစ်ရက် စောသွားတာပေါ့။ ဒါကြောင့် ကျွန်တော် လာနိုင်တယ်လေ။ တစ်ရက်တည်း သီသီကလေး ကပ်လွတ်သွားတယ်ဆိုတာ အဲဒါကို ပြောတာ"

"အမလေး တော်ပါသေးရဲ့ ဆရာရယ်။ ကံကောင်းလို့... ဘုရားပွဲမီတယ်ဆိုရုံကလေးပါလား။ သေချာပေါက်လာခဲ့နော်ဆရာ။ မျှော်နေမှာ၊ မလာလို့ကတော့ ကျွန်တော့်ထော်လာဂျီမောင်းချလာပြီး လာခေါ်မယ်သာ အောက်မေ့ပေတော့"

ကိုရင်မောင်က သူ့ထော်လာဂျီကြီးကို မဏ္ဍပ်တိုင်တက်ပြကာ ခြိမ်းခြောက်သွားသေးသဖြင့် သူပြုံးနေလိုက်ရ၏။ သူမပေါ်လာလျှင် ကိုရင်မောင်က သူ့ထော်လာဂျီကို စက်သံတဒိန်းဒိန်းပေးကာ တကယ်မောင်းချလာမည့်သူဟု အကြွင်းမဲ့ယုံကြည်ထားပြီးဖြစ်သည်။ ထို့ကြောင့် ဖိတ်ကြားထားသော တနင်္ဂနွေနေ့ရောက်လာတော့ ကိုရင်မောင်တို့ရွာကိုသွားဖို့ သူပြင်ဆင်ရသည်။

ညနေဘက် ရေမိုးချိုးပြီး ဆေးခန်းပိတ်မည်လုပ်နေတုန်းမှာပင် ဆေးခန်းရှေ့ မော်တော်ဆိုင်ကယ်တစ်စီး ထိုးရပ်လာသည်။ ကြည့်လိုက်တော့ သူ့လူနာဦးဘကောင်း၏ မြေးဖြစ်သည်။ ဦးဘကောင်း ဆေးခန်းလာတိုင်း ဆိုင်ကယ်ဖြင့် အမြဲလိုက်ပို့သည့် လူငယ်ကလေးက ယနေ့တော့ တစ်ယောက်တည်းဖြစ်သည်။

"ဟော... လာဟေ့၊ မင်းဘဘကြီးကော မပါလာဘူးလားကွ"

ကောင်လေးက ဆေးခန်းထဲ လှမ်းဝင်လာသည်။ ထိုမြေးအဘိုးနှင့်ကတော့ သူ ရင်းနှီးနေခဲ့ပြီဖြစ်၏။

"ဘဘက ကိစ္စရှိတယ်ဆိုပြီး နေ့လယ်ကတည်းက ဘယ်ကိုထွက်သွားတယ် မသိဘူးဆရာ။ ဒါကြောင့် ကျွန်တော်တစ်ယောက်တည်း လာခဲ့ရတာ။ ဘဘကြီးက မနက်ကတည်းက ဆရာ့ဆီသွားဖို့ ကျွန်တော့်ကို မှာသွားပြီးသား"

"ဟုတ်လား၊ ဘာတွေမှာသွားလို့လဲ"

"ဆရာက တနင်္လာနေ့ ရန်ကုန်သွားမှာဆို"

"အေးလေ၊ မင်းဘဘကို ငါ ကြိုတင်ပြောထားတာပဲ၊ မနက်ဖြန်ပဲ သွားတော့မဲ့ဥစ္စာ"

"အဲသည့်ကိစ္စအတွက်ပေါ့ဆရာ။ ဘဘက ဆရာ့ကို ပစ္စည်းဝယ်ခဲ့ဖို့ မှာထားတယ်ဆို၊ အဲဒီအတွက် ငွေလာပို့တာ။ ငွေက သုံးသောင်းပေးလိုက်တယ် ဆရာ။ လိုရင်ဆရာ စိုက်ဝယ်ခဲ့ပေးပါတဲ့"

"ရပါတယ်ကွာ၊ လိုရင် ငါစိုက်ပါ့မယ်"

ကောင်လေးက ငွေသုံးသောင်းနှင့် စာတစ်စောင်ပေးပြီး သူ့ကိုနှုတ်ဆက်၍ ပြန်သွားသည်။ စာကိုဖွင့်ဖတ်လိုက်တော့ စာက တိုတိုကလေးဖြစ်သည်။

ဆရာ

*ကျွန်တော့်ရောဂါအတွက် လိုအပ်တယ်လို့ ဆရာအကြံပေးထားတဲ့ အထောက်အကူပြုပစ္စည်းဆိုတာကို ဝယ်ခဲ့ပါဆရာ။ အကောင်းဆုံးအမျိုးအစားသာ ဝယ်ခဲ့ပါဆရာရေ။ ငွေလိုရင်လည်း ဆရာစိုက်ခဲ့ပေးပါ။ တန်ဖိုးအတိုင်း ကျွန်တော် ချက်ချင်းပေးပါ့မယ်။ ဒီနေ့မှ ကျွန်တော်ကလည်း သွားစရာကိစ္စပေါ်လာလို့ လိုက်မလာနိုင်ဘဲ အိမ်ကမြေးကိုပဲ ငွေအပို့လွှတ်ရတာ ခွင့်လွှတ်ပါဆရာ။*

ဦးဘကောင်း

စာနှင့်ငွေကို သိမ်း၊ ဆေးခန်းကိုပိတ်ပြီးနောက် ဆိုင်ကယ်ဆွဲကာ ကိုရင်မောင်တို့ ရွာသစ်ကြီးရွာဘုရားပွဲသို့

သူမောင်းထွက်ခဲ့သည်။ ၁၅ မိနစ်သာသာမှာပင် ကိုရင်မောင်တို့ရွာကို ရောက်သည်။ ရွာကတော့ ဘုရားပွဲလာ ပရိသတ်တွေဖြင့် စည်ကားနေသည်။ ဘုရားပွဲကွင်းဆီမှ သီချင်းဆိုသံတွေကိုလည်း အသံချဲ့စက်မှတစ်ဆင့် ကြားနေရ၏။ ကက်ဆက်ခွေကိုဖွင့်ခြင်းမဟုတ်၊ လူတွေကိုယ်တိုင် ဆိုနေ၊ တီးနေကြမှန်း သိသာသောအသံများဖြစ်သည်။ တစ်ချီတစ်ချီတွင် သီချင်းဆိုသံထဲမှာ ဖြတ်ပြီး အသံချဲ့စက်က ဟမ်းထိုးသော 'စွီ... စွီ' ဆိုသည့် အသံရှည်ကြီးက ထွက်ထွက်လာတတ်သေး၏။

ကိုရင်မောင်တို့ မိသားစုကတော့ သူရောက်လာသည့်အတွက် ဝမ်းသာနေကြသည်။ လှိုက်လှဲပျူငှာကြိုဆိုကြပြီး ရွှေကြည်ဆနွင်းမကင်း၊ ကျောက်ကျော၊ ထန်းသီးမုန့်၊ မုန့်ဖက်ထုပ်၊ ကြောင်လျှာပွင့်သုပ်၊ ပေါက်ပေါက်ဆုပ်၊ လက်ဖက်ပဲကြော်သုပ် စသည်ဖြင့် ကျေးလက်မြန်မာမုန့်မျိုးစုံကို စားပွဲပြည့်မျှ တည်ခင်းကျွေးမွေးကြသည်မှာ တကယ့်ဆွေမျိုးရင်းချာထဲ ရောက်သွားသလို သူ ကြည်နူးရ၏။ မုန့်တွေက စားမနိုင်။

"ဆရာလေးရေ... ညစာထမင်းစားပြီးမှ ပြန်ရမယ်နော်။ တစ်ဆွေလုံးတစ်မျိုးလုံး ကျကျနနချက်ထားကြတဲ့ ဟင်းမျိုးစုံ ဟိုအိမ်ကတစ်ခွက်၊ ဒီအိမ်ကတစ်ခွက် လာပို့ကြဦးမှာပါ။ အိမ်ကလည်း သေသေချာချာ ချက်လို့ပြုတ်လို့"

အူအတက်ပေါက်စဉ်က သူခွဲစိတ်ကုသပေးခဲ့ရဖူးသော ကိုရင်မောင်၏ အမေက ဝမ်းသာအားရ လေသံကြီးဖြင့် ပြော၏။ ကိုရင်မောင်က သူ့အမေကို ဝင်သတင်းပေး၏။

"အောင်မယ်... ခုလိုကျွေးမွေးခွင့်ရတာ ကံကောင်းဗျ အမေရ။ ဆရာက မနက်ဖြန် ရန်ကုန်ခဏပြန်ရဦးမှာ။ ဆရာ့မိဘတွေရဲ့ ကျောင်းရေစက်ချအလှူပွဲအတွက် မဖြစ်မနေ ပြန်ရမှာတဲ့"

"ဟုတ်လား... သာဓုပါတော် သာဓု... သာဓု။ သာဓု သုံးကြိမ်ခေါ်ပါတယ်။ ဒါဆို ဆရာလေးမိဘတွေအတွက် ပဲစေ့ပဲဆန်လေးတွေ အညာလက်ဆောင်ပေးလိုက်ဦးမှာပေါ့။ စားတော်ပဲအသစ် ပေါ်ပြီလေ ဆရာလေးရဲ့"

"နေပါစေတော့ အမေရယ်။ အခုဘုရားပွဲမှာ ကျွန်တော် လာအားပေးတာနဲ့ပဲ ကျေနပ်ပါ။ ကျွန်တော့်မှာ တခြားဝန်စည်စလယ်တွေလည်း သယ်ရဦးမှာမို့ တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေမှာစိုးဗျ"

"အို... ကိုယ်ထမ်းသယ်ရမှာမှတ်လို့။ မော်တော်ကားက သယ်မှာပဲဟာ။ ကျုပ်... အဲအဲ... အရီးလေးတို့ကတော့ ပေးကို ပေးလိုက်ရဦးမှ ကျေနပ်မှာတော့"

ရယ်ရယ်မောမော ပြောကြဆိုကြရင်း တည်ခင်းသော မုန့်မျိုးစုံကို ဟိုကနည်းနည်း၊ သည်ကနည်းနည်းနှင့် ပန်းကန်စုံအောင် နှိုက်ရတာနှင့်ပင် အတော်ဗိုက်ပြည့်သွား၏။ နာရီဝက်လောက်ကြာတော့ ကိုရင်မောင်က ပြောသည်။

"ဆရာလေးရေ... ပွဲခင်းဇာတ်စင်ဆီ ခဏသွားဦးမလို့။ ဗိုက်ချောင်သွားအောင် လမ်းလျှောက်ရင်း လိုက်ခဲ့ပါဦးလား။ ပြိုင်ပွဲလည်း ခဏတစ်ဖြုတ်ကြည့်ရအောင်လို့လေ"

"ကောင်းသားပဲ၊ ကျွန်တော် လိုက်ခဲ့မယ်လေ။ ပြိုင်ပွဲဆိုတာက ဘာပြိုင်ပွဲကြည့်ရမှာတုန်း ကိုရင်မောင်ရဲ့"

"ဟောဗျာ... ဆရာလေး အသံမကြားဘူးလား။ ဇာတ်စင်ပေါ်မှာ သီချင်းဆိုပြိုင်ပွဲရှိတယ်။ ကာရာအိုကေစက်နဲ့ မဟုတ်ဘူး။ ကိုယ့်တူရိယာနဲ့ ကိုယ့်အတီးသမားနဲ့ တွဲပြီး တကယ်ဆို၊ တီးပြီးပြိုင်ကြရတာ။ ပတ်ချာလည်ရွာတွေက ဝါသနာရှင်တွေရော၊ ရွာခံဝါသနာရှင်တွေရော ပြိုင်ကြတာ။ ညကျ ဇာတ်ပွဲမ ထွက်ခင် ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆု ၂ ဆု၊ ပေါင်း ၅ ဆု ချီးမြှင့်မှာ။ ဆုကို ကျွန်တော်ပဲ ပေးရမှာ။ ဟဲဟဲ... ကျွန်တော်က ဒီရွာက လူငယ်ခေါင်းဆောင် ကာလသားခေါင်းဆောင်ကိုး ဆရာရဲ့။ ညကျ ဇာတ်စင် ပေါ် တက်ရလိမ့်ဦးမယ်"

ကိုရင်မောင်က သူ့ကိုကိုယ် ပြန်ဂုဏ်ဖော်ရသလို ဖြစ်နေ၍ထင်သည်။ ရက်အမ်းအမ်းလေသံကြီးဖြင့် ပြော၏။

"တယ်ဟုတ်ပါလား၊ ဒီပြိုင်ပွဲကမှ တကယ့်စွမ်းရည်ပြိုင်ပွဲပဲဗျ။ ကိုယ့်ဟာကိုယ် တီးကြ၊ ဆိုကြပြီး ပြိုင်ကြတာဆိုတော့"

"ဘုရားပွဲဆွမ်းပေါင်းချိန် ညနေ စည်ကားသိုက်မြိုက်မှုအတွက် ဒီပြိုင်ပွဲက နှစ်တိုင်းထည့်ပေးတယ်ဆရာရဲ့။ အကဲဖြတ်ဒိုင်လူကြီးတွေကိုတော့ မြို့ကနေ အထူးဖိတ်ကြားရတာပေါ့။ ဒိုင်တွေကလည်း နှစ်စဉ်ဆောင်ရွက်ပေးနေကြတဲ့ ဂီတဘိုးအေဒိုင်လူကြီးတွေပါဆရာ။ သူတို့ ဒီရွာဘုရားပွဲမှာ ဒိုင်လုပ်ပေးလာတာ သမနိရှည်လှပြီ။ အဲဒီ ဒိုင်လူကြီးသုံးယောက်ကိုလည်း ကျွန်တော့်အိမ်မှာပဲ ညစာထမင်းကျွေးမွေးဧည့်ခံပြီးမှ ထော်လာဂျီနဲ့ ပြန်လိုက်ပို့ရမှာလေ။ ရွာထွက်အသီးအနှံ့လက်ဆောင်ပစ္စည်းတွေလည်း ပြန်ကျေးဇူးပြုရသေးတာပေါ့"

mgyoe.com

mgyee.com

ကိုရင်မောင်က ရှင်းပြသည်။ သူတို့နှစ်ယောက် ပွဲခင်းရောက်သွားကြတော့ ဇာတ်စင်ရှေ့ ပွဲကြည့်ကွင်းမှာ ကွင်းပြည့်လုမတတ် အားပေးနေကြသော ရွာပေါင်းစုံမှ လာသည့် ပရိသတ်ကို တွေ့ရ၏။ ပြိုင်ပွဲကား ကြည့်ရတာ ပျော်စရာပင် ကောင်းလေသည်။ ပရိသတ်က ကိုယ့်ရွာက လူ၊ သူ့ရွာကလူ မခွဲခြားဘဲ အားပေးကြ၏။ အစီအစဉ် ကြေညာသူက ဘယ်ရွာက မောင်ဘယ်သူ၊ ဘယ်သီချင်း နှင့် သီဆိုယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာလိုက်တိုင်း ဟေးခနဲအော်ကာ လက်ခုပ်တီး အားပေးကြ၏။ သည်လို နှင့် သူ သီချင်းသုံးပုဒ်လောက် နားထောင်လိုက်ရသည်။ ဟသ်ာတထွန်းရင်၏ စာဥ သီချင်းနှင့်ယှဉ်ပြိုင်သူမှာ မယ်ဒလင်ကို ကိုယ်တိုင်တီး၍ဆိုရင်း ပြိုင်၏။ နောက်တစ်ယောက်ကျတော့ တွံတေးသိန်းတန်၏ နှမလက်လျှော့နေလေတော့ သီချင်းတဲ့။ ဝါးပတ္တလားကြီးတစ်လုံး စင်ပေါ်ထမ်းတင်လာကာ နောက်တစ်ယောက်က တီးပြီး ရှေ့တစ်ယောက်က ဆိုသည်။ နောက်တစ်ဦးကတော့ ဂီတနက်သန်ကိုစောညိမ်း၏ ချစ်ပြုံးနှင်းဆီ သီချင်းဖြစ်သည်။ ထိုသူကတော့ ဗမာဂီတာကြီးကို ချွဲနွဲ့စွာကိုယ်တိုင်တီးခတ်ရင်း သီဆိုပြိုင်ပွဲဝင်လေသည်။ ပြိုင်ရင်းတန်းလန်းက သီဆိုပုံချော်တော်ငေါ့သွားသဖြင့် ပရိသတ်က ဝေါခနဲရယ်ကြသည်မျိုးလည်း ရှိ၏။ မကြာမီပင် ပြိုင်ပွဲပြီးသွား၏။

"တောက်... ဒီလိုမှန်းသိ ဒီဇာတ်စင်ကို အစောကြီးကတည်းက လာတယ်ဗျာ။ ကျွန်တော်တို့က ပွဲသိမ်းခါနီးနောက်မြီးဆွဲ သုံးပုဒ်တည်း မီတော့တာကိုး။ မဆိုးဘူးဗျ။ တူရိယာတွေ အစုံကြည့်ရ၊ နားထောင်ရတယ်"

သူက ဆန့်တငင်ငင်ဖြင့် အားမလိုအားမရပြောလိုက်မိတော့ ကိုရင်မောင်က ထပ်မံဖြည့်စွက်လေသေး၏။

"အောင်မယ် ဆရာ့နှယ်၊ တူရိယာစုံဆို တယောထိုးပြိုင်တဲ့သူပါတယ်။ မောင်း ဆိုင်းခွင်ကို စင်ပေါ် မ,လာတဲ့သူလည်း ပါတယ်။ နှဲမှုတ်ပြီး ပြိုင်တဲ့သူတို့၊ ကလေးကစားတဲ့ ကပ်စီယိုအော်ဂင်ကလေးနဲ့ သီချင်းရအောင် တီးပြီးပြိုင်တဲ့သူတောင် ရှိသေး ဆရာရေ့"

လက်စသတ်တော့ ကျေးလက်က ဂီတပြိုင်ပွဲစစ်စစ်နဲ့ တိုးနေတာကိုးဟု သူအောက်မေ့လိုက်မိ၏။ နှဲ၊ တယော၊ မယ်ဒလင်၊ ဗမာဂီတာ၊ ဝါးပတ္တလား၊ မောင်းဆိုင်းတို့အပြင် ကပ်စီယိုအော်ဂင်တောင် ပါသေးသည်ဆိုတော့ တူရိယာမျိုးစုံပင်။ ကိုရင်မောင်က ဆက်၍ပြောသည်။

"ကဲ ပြိုင်ပွဲလည်းပြီးသွားပြီဆိုတော့ ဒိုင်လူကြီးအဖွဲ့ကို ကျေးမွေးဧည့်ခံဖို့ ကျွန်တော့်အိမ်ကို တစ်ပါတည်းခေါ်ခဲ့မှဖြစ်မယ်ဆရာရေ၊ ခဏလေး... ခဏလေး... ကျွန်တော်ဒိုင် အဖွဲ့ကို သွားပင့်လိုက်ဦးမယ်"

ခဏနေတော့ ကိုရင်မောင်နှင့်အတူ သီချင်းဆိုပြိုင်ပွဲကို အကဲဖြတ်ပေးကြသည့် အမှတ်ပေးဒိုင်အဖွဲ့ လူကြီးသုံးယောက်ပါလာသည်။ ဒိုင်အဖွဲ့မှာ တိုက်ပုံအင်္ကျီတွေ ဘာတွေနှင့် ကျကျနနဝတ်ဆင်ထားကြ၏။ စောစောတုန်းက ထိုသုံးယောက်က ဇာတ်စင်ရှေ့မှာ သားသားနားနား ခင်းချထားသည့် စားပွဲရှည်ကြီးနှင့် ကုလားထိုင်သုံးလုံးမှာ ခန့်ခန့်ကြီးထိုင်၍ အဆို၊ အတီး ပြိုင်ပွဲဝင်သမျှကို အမှတ်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများပင်။ သူ့အနီးရောက်တော့ ထိုပုဂ္ဂိုလ်သုံးဦးထဲမှ တစ်ဦးက အသံအကျယ်ကြီးဖြင့် ရင်းနှီးစွာ နှုတ်ဆက်လာသဖြင့် သူအံ့အားသင့်သွားသည်။

"ဟာ... ဆရာကလည်း ဘုရားပွဲလာသကိုး။ ဒီလိုမှန်းသိ မနက်ကတည်းက ခေါ်တာပေါ့ဆရာ"

နှုတ်ဆက်လာသူက သူ့လူနာတွေထဲက တစ်ဦးဖြစ်သည့် ဦးဘကောင်းဖြစ်၏။ သည်တော့ ကိုရင်မောင်က သူနှင့် ဦးဘကောင်းတို့ကို တစ်လှည့်စီကြည့်ကာ ဝင်ပြောလေသည်။

"ကျွန်တော်က မိတ်ဆက်ပေးမလို့ဟာ လက်စသတ်တော့ ဆရာတို့ချင်းက သိနှင့်ကြပြီးသားကိုး။ ဆရာရေ... အဲဒီဆရာဦးဘကောင်းက ဒီဒိုင်အဖွဲ့ရဲ့ ဒိုင်ချုပ်ခင်ဗျ။ ကျန် တဲ့နှစ်ဦးက သူ့ရဲ့လက်ထောက် အကူဒိုင်တွေလေ။ ကျွန် တော့်အိမ် ရောက်တဲ့အခါကျရင် သူတို့သုံးယောက်ရဲ့ ပေးမှတ်တွေ စုပေါင်းတွက်ချက်ပြီး ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆု ၂ ဆုအတွက် ဘယ်သူတွေကိုပေးဖို့ ရွေးချယ်တယ်ဆိုတာ ဆရာကြီးဦးဘကောင်းက ဆုံးဖြတ်ပေးလိမ့်မယ်။ ကျွန်တော်က သူဆုံးဖြတ်ပေးတဲ့စာရင်းအတိုင်း ရေးမှတ်ထားပြီး ညကျမှ ဇာတ်မထွက်ခင် ဇာတ်စင်ပေါ်က ကြေညာပေးပြီး တစ်ဦးချင်းကို စင်ပေါ်ခေါ်ပြီး ဆုတွေချီး မြှင့်ပေးရမှာခင်ဗျ"

"ဗျာ... ပေးရမယ့်ဆုတွေကို ဒီ ဦးဘကောင်းက ရွေးချယ်ဆုံးဖြတ်ပေးတယ်၊ ဟုတ်လား"

သူက နဝေတိမ်တောင် ယောင်နနလေသံကြီးနှင့် ပြန်မေးလိုက်တော့ ကိုရင်မောင်က ထပ်ဖြေသည်။

"ဟုတ်တယ်လေ ဆရာရဲ့။ အဲဒါက နှစ်စဉ်ပဲ။

mgyee.com

mgyoe.com


ဆရာကြီးဦးဘကောင်းက ကျွန်တော်တို့ တစ်နယ်လုံးရဲ့ ဂီတပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ အတီးအမှုတ်ပြိုင်ပွဲဟူသမျှမှာ မပါမဖြစ်ဆိုသလို ပါဝင်ပြီး အမြဲတမ်း ပ၊ ဒု၊ တနဲ့ နှစ်သိမ့်သတ်မှတ်ဆုတွေကို ရွေးချယ်အတည်ပြု ဆုံးဖြတ်ပေးရတဲ့ ဒိုင်ချုပ်ပဲခင်ဗျ"

ထိုစကားကို သူနားကြားမလွဲဘဲ လုံးစေ့ပတ်စေ့ ပီပီပြင်ပြင် ကြားလိုက်တာ သေချာပါသည်။

* * *

[ ၄ ]

ရန်ကုန်မှာ သူ ကြာကြာမနေ။ သူ့မိဘများ၏ ကျောင်းဆောင်သစ်လှူဒါန်းရေစက်ချပွဲအပြီး နောက်တစ်နေ့မှာပင် မြို့ကလေးသို့ သူပြန်ဖို့ပြင်သည်။ သည်တော့ မိခင်ဖြစ်သူက အလိုမကျသံဖြင့် ပြော၏။

"မင်းက ဘယ့်နှယ်ကြောင့် ဒီလောက် အလောသုံးဆယ်နိုင်ရတာတုန်း၊ ရောက်တုန်းလေးများ လေးငါးရက်ဖြင့် နေပါဦးလား။ ဧကန္တ ဒီလောက်လောနေပုံကြည့်ရရင် နယ်မှာ ရည်းစားတွေဘာတွေများ ရနေပြီလား"

"မဟုတ်ပါဘူး အမေရယ်။ ရည်းစားထက် ပိုအရေးတကြီး တွေ့ရမဲ့သူရှိလို့ပဲ။ ကျွန်တော့်လူနာပဲ။ နာမည် က ဦးဘကောင်းတဲ့"

သူ အမှန်အတိုင်းပြောလိုက်ခြင်း ဖြစ်သည်။ အဖေဖြစ်သူကတော့ ဘာမျှမတား။ "သူ့လူနာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဆရာဝန်မှ သိတာကွ။ မင်းက ဝင်တားမနေနဲ့။ ပြန်ချင်ပြန်ပစေ" ဟုပင် နားလည်စွာပြုံးရင်း ဝင်ပြောပေးသေး၏။ နောက်တစ်နေ့မှာပင် သူချက်ချင်း ပြန်လာခဲ့သည်။ ဟုတ်တာပဲ၊ သည်ရက်တွေထဲမှာ ဦးဘကောင်းနှင့် သူဆုံချင်နေသည်။ သူ့ရင်ထဲမှာ ကလိကလိနှင့် ယားကျိကျိဖြစ်နေရတာကို ဆက်သည်းခံမနေချင်တော့သောကြောင့် ဖြစ်သည်။ ဦးဘကောင်းနှင့် အမြန်တွေ့ရမှ ဖြစ်မည်။

သူပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် ဦးဘကောင်းတို့မြေးအဘိုး ဆိုင်ကယ်နှင့် သူ့ဆေးခန်းသို့ ပေါက်ချလာသည်။ ဆေးခန်းမှာ လူရှင်းနေချိန်မို့ သူ့အကြိုက်ကျ၏။ စကားစမြည် အေးအေးပြောနိုင်မည်။

"ပြန်လာတာ မြန်လှချည်လားဆရာ။ ကျွန်တော် မှာလိုက်တဲ့ အထောက်အကူပြု ပစ္စည်းကော ဝယ်ဖြစ်ခဲ့ရဲ့လား။ ဆရာကိုယ်တိုင် အကြံပြုထားတဲ့ ပစ္စည်းလေ"

ဦးဘကောင်းက သူ့ထုံးစံအတိုင်း အသံအကျယ်ကြီးဖြင့် အော်ပြော၍ သူက လက်ဝါးကာပြလိုက်သည်။ ပြီးနောက် စားပွဲအံဆွဲထဲမှာ အသင့်ပြင်ထားသော ပစ္စည်းကလေးနှင့် ငွေနှစ်ထောင်ကို ထုတ်လိုက်၏။ သူထုတ်လိုက်သော ပစ္စည်းကလေးက အခြားမဟုတ်။ နားမကြားသူများ၊ နားလေးနားထိုင်းသူများ တပ်ဆင်လေ့ရှိသည့် နားကြပ်ကလေးဖြစ်သည်။ ကျပ်ပြားဝိုင်းခန့် ဆွဲပြားလိုအဝိုင်းကလေးထဲမှာ အသံဖမ်း၍ ထပ်ဆင့်မြှင့်တင်ပေးသည့် ဆားကစ်ပါရှိသည်။ ထိုကျပ်ပြားဝိုင်းကလေးလို ကိရိယာကလေးမှ ဖြာထွက်လာသော ကြိုးသေးသေးနှစ်စ၏ ထိပ်ဘက်များတွင် နားဝနှစ်ဖက်သို့ ထိုးသွင်းတပ်ဆင်ရန် စပီကာဘုလုံး သေးသေးလေးတွေ ထပ်မံတပ်ဆင်ထား သည်။ သူက ဘက်ထရီခလုတ်ကိုဖွင့်ကာ ထိုနားကြပ်ကို ဦးဘကောင်း၏ နားဝနှစ်ဖက်သို့ ကျနစွာတပ်ပေးလိုက်သည်။ ထိုနားကြပ်၏ ကူညီမှုဖြင့် သူပြောလိုက်သော သာမန်မျှလေသံကို ဦးဘကောင်း ပီပြင်စွာကြားရပေလိမ့်မည်။

"ဦးအတွက် နားကြပ်က နှစ်သောင်းရှစ်ထောင်ပဲ ပေးခဲ့ရတယ်။ ငွေနှစ်ထောင်တောင် ပိုသေးတယ်။ အထဲက ဘက်ထရီခဲတစ်ခဲကလေး အားကုန်သွားရင် အသစ်ဝယ်ထည့်ပေးရုံပဲ၊ ဘယ်လိုလဲ၊ ကျွန်တော်ပြောတာကို ကောင်းကောင်းကြားရရဲ့လား"

ဦးဘကောင်းမျက်နှာကြီး ဝင်းလက်သွားသည်ကို မြင်လိုက်ရကတည်းက အခြေအနေက အိုကေသွားပြီဟု သူနားလည်လိုက်သည်။ ဦးဘကောင်းက ဝမ်းသာအားရလေသံဖြင့် ပြန်ပြောသည်။ သူ့ထုံးစံအတိုင်း အသံကျယ်ကြီးနှင့် ပြောခြင်းပင်ဖြစ်သည်။

"ဟာ... သိပ်အဆင်ပြေတာပဲဆရာ။ ကျွန်တော် ကောင်းကောင်းကြားရပြီ၊ ဟန်ကျလိုက်တာ"

"တစ်ယောက်ယောက်နဲ့ စကားပြောတဲ့အခါတိုင်း နားကြပ်နောက်ဘက်က ဘက်ထရီခလုတ်ကလေးကို ဖွင့်ထားပေါ့ ဦးရာ"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

"အခု ဘက်ထရီခလုတ်ကလေး ပိတ်ထားလိုက်ပါဦး၊ ခဏလေးပေါ့"

ဦးဘကောင်းက ခလုတ်ကလေးကို ပိတ်လိုက်

mgyoe.com

mgyoe.com

သည်။ သူက ကြားရသေးရဲ့လားဟု သာမန်လေသံဖြင့် ပြောကြည့်သည်။ ဦးဘကောင်း ဘာမျှမတုံ့ပြန်။ သူကပင် ဘက်ထရီခလုတ်ကလေးကို လက်လှမ်း၍ဖွင့်လိုက်ပြီး ထပ်မေးသည်။

"စောစောတုန်းက ကျွန်တော် ဘာပြောလိုက်သလဲ ဦး"

"မသိဘူးဆရာ၊ အဲဒါကို မကြားလိုက်ဘူး"

"ဒါဖြင့် အခုကော"

"အခုတော့ ကောင်းကောင်းကြားရတယ် ဆရာ"

"ကိုင်း... လောလောဆယ်တော့ အဲဒီနားကြပ်ကလေးကိုသာ အသုံးပြုနေပေတော့ဗျာ။ ရန်ကုန်တို့ဘာတို့ သွားဖို့ကြုံလာတော့မှ ဟိုမှာ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးက အထူးကုဆရာဝန်ကြီးတွေနဲ့ပြပြီး ဆက်ကုပေတော့။ ကျွန်တော်တို့ ဒီနယ်မြို့ကလေးမှာတော့ ဦးရဲ့နားတွေ သူ့သဘာဝအတိုင်း ပြန်ကြားလာအောင် ကုဖို့မလွယ်ဘူး။ ကျွန်တော်လည်း အဲဒီအထိ မစွမ်းနိုင်တော့ဘူးဗျ"

"ရပါပြီဆရာ။ အခုလောက်ဆိုရင်ပဲ တော်တော်ကြီး အဆင်ပြေနေပါပြီ။ ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာ့ကိုလည်း သိပ်ကျေးဇူးတင်တာပဲ။ ပိုတဲ့ ငွေနှစ်ထောင်လည်း ပြန်ပေးမနေနဲ့တော့ ဆရာ။ ဆရာလက်ဖက်ရည်ဖိုး ယူထားလိုက်ပေတော့"

ဦးဘကောင်းမှာ အတော်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေပုံရ၏။ ပြောသောလေသံတွေကပင် တုန်ရင်နေ၏။ ဦးဘကောင်းကဲ့သို့ပင် သူကလည်း ဝမ်းသာမိပါသည်။ သူ့ဆေးခန်းသို့ ဦးဘကောင်း လာကုနေတာ ကြာခဲ့ပြီဖြစ်သည်။ လာကုစကပင် ပြောစကားကို သူမှတ်မိနေသေး၏။

"ကျွန်တော် နား မကြားတာ ဆယ့်လေးငါးခြောက်နှစ် မကတော့ဘူးဆရာ။ ဒီနယ်မှာရှိတဲ့ မြန်မာတိုင်းရင်းဆေးဆရာတွေနဲ့ ကုခဲ့တာကြာပြီ။ ဘာမှမထူးဘူး။ ဒါပေမဲ့ အင်္ဂလိပ်ဆရာဝန်နဲ့တော့ တစ်ခါမှ ကုမကြည့်ဖူး ဘူး။ ဒါကြောင့် ရလိုရငြားဆိုပြီး ဆရာ့ကို လာပြကြည့်တာ ပါ။ ကြိုးစားပေးပါဦး ဆရာရယ်။ ပြန်ကောင်းလာရင် လည်း အမြတ်ပေါ့။ ဘာမှမထူးဘူးဆိုလည်း ဒုံရင်းပဲပေါ့။ အရှုံးမရှိပါဘူး။ ကြည့်ပေးပါဦး နော် ဆရာ"

ဦးဘကောင်းက သူ့ရောဂါအခြေအနေနှင့် သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟာ၏။ ပြန်ကောင်းလာလျှင် အမြတ်၊ သည်အတိုင်းပဲ ရှိနေမည်ဆိုလျှင်လည်း ဒုံရင်းပဲဟု ဆိုသည်။ သူတို့နယ်ဒေသအခေါ်အတိုင်း အင်္ဂလိပ်ဆရာဝန်နှင့် တစ်လှည့်ပြောင်းကု၍ စမ်းသပ်ကြည့်ချင်သည့်သဘော။ ထိုဆန္ဒက ပိုပြင်းထန်နေပုံရ၏။

"ကောင်းပြီလေ၊ ကျွန်တော် ကြိုးစားကြည့်ဦးမယ်"

သာမန်ထက် လေသံ သုံးဆမျှမြှင့်အော်ကာ သူ ပြောလိုက်၏။ သို့သော် ဦးဘကောင်း မကြားချေ။ အတူလာသော ဆေးခန်းလိုက်ပို့သည့် ဦးဘကောင်း၏ မြေးက ဝင်ရှင်းပြ၏။

"အဲဒီအသံလောက်နဲ့ ပြောလို့ ဘဘက မကြားဘူး ဆရာ"

"ဟေ... ဒီလိုလား၊ ဒါဖြင့် မင်းဘဘက ဘယ် တုံး (Tone) လောက်နဲ့ အော်မှ ကြားတာတဲ့တုန်း"

"သူ့နားဝမှာ ပါးစပ်နဲ့တော့ကပ်ပြီး ဆရာစောစောက ပြောတဲ့လေသံထက် နှစ်ဆလောက်ပိုမြှင့်ပြီးအော်မှ သဲ့သဲ့ ကလေးလောက် ကြားတတ်တာဆရာ။ ဒါတောင် ဟင်... ဟင် ဘာပြောတယ်၊ ဘာပြောတယ်နဲ့ ပြန်ပြန်မေးနေလို့ သုံးလေးခါ ကပ်အော်ရတတ်သေးတယ်"

"ခွေးတဲ့မှပဲကွာ၊ မင်းဘဘနဲ့ တစ်နာရီလောက် စကားပြောရရင် ပြောတဲ့သူမှာ လိပ်ခေါင်းရောဂါ ဖွဲလာ မယ့်ပုံပဲ။ ဒါဖြင့် မင်းတို့ကျ ဘယ်လိုဆက်သွယ်ပြောကြသလဲ"

သူ့စကားကြောင့် ဦးဘကောင်း၏ မြေးတော်မောင်က ရယ်လေသည်။

"ကျွန်တော်တို့ကတော့ ခြေဟန်လက်ဟန်နဲ့ပြပြီး ပြောတာပဲဆရာ"

"လက်စသတ်တော့ နိုင်ငံတကာသုံး ကမ္ဘာဦးဘာသာစကားနဲ့ ပြောတာကိုး။ အဲလိုကျ မင်းဘဘက နားလည်သလား"

"ကျွန်တော်တို့နဲ့ကတော့ အမြဲတမ်းအမူအရာ၊ ခြေဟန်လက်ဟန်နဲ့ ပြောနေကျဖြစ်လို့လား မသိဘူးဆရာ။ ဘဘက နားလည်တယ်။ ဒါပေမယ့် ပြောနေကျမဟုတ်တဲ့ သူတွေနဲ့ တွေ့ရင်တော့ ခွကျကုန်တာပဲ ဆရာ"

သူ သက်ပြင်းမောကြီး ချလိုက်ခဲ့ရ၏။ သည်ပုံအတိုင်းဆို ဦးဘကောင်းအနေအထားက သိပ်တော့မလွယ်ဘူးဆိုသည့် အစားထဲကပဲဟု နားလည်လိုက်၏။ မည်သို့ဖြစ်စေ သူ စမ်းသပ်ကြည့်ချင်သေးသည်။ လူနာကိုယ်တိုင်ကလည်း လိုလိုလားလား တောင်းဆိုနေတာပဲမဟုတ်

mgyoe.com

mgyoe.com


လား။ ဆေးကုသမှုအတွေ့အကြုံတစ်ခုတော့ တိုးလာမှာ မုချပဲဖြစ်သည်ဟု သဘောပိုက်လိုက်ပြီး လက်လှမ်းမီရာ စာရွက်ဖြူတစ်ရွက်ဆွဲကာ ဘောလ်ပင်ဖြင့် စာတစ်ကြောင်း ရေးချလိုက်သည်။

(ကျွန်တော်တို့ ကြိုးစားကြည့်ကြသေးတာပေါ့ ဦး)

ထိုစာကြောင်းကလေးကို ဦးဘကောင်းထံ လှမ်းပေးလိုက်တော့ ဦးဘကောင်းက ယူဖတ်သည်။ ပြီးနောက် သဘောကျစွာ အသံကျယ်ကြီးဖြင့် အော်ပြောလေသည်။

"အိုကေဆရာ... အိုကေ" တဲ့။

သို့သော် တကယ်တမ်း ကုသကြည့်တော့ ဦးဘကောင်းပြောသလို အခြေအနေက "အိုကေ"မလာခဲ့ချေ။ သူလည်း ဉာဏ်မီသလောက် တွေးတောအဖြေရှာ ကုသကြည့်သည်။ Ear Drumခေါ် နားစည်တွေမှာများ မှိုတစ်မျိုးမျိုး ကပ်ငြိပိတ်ဆို့နေလေသလားဟု နားအတွင်း သန့်ရှင်းသွားစေနိုင်သည့် နားသန့်ဆေးရည်အမျိုးမျိုး သုံးကြည့်သည်။ ထည့်ကြည့်သည်။ မထူးခြား။ နားအတွင်းမှာ အနာတစ်မျိုးမျိုးရှိနေသလို နားပြည်ယိုတာတို့ ဘာတို့လည်း မတွေ့ရ။ သည်တော့ အာရုံကြောတွေကို နိုးဆွထက်မြက်လာစေနိုင်မည့် စားဆေး၊ ထိုးဆေးတွေ သုံးကြည့်ပြန်သည်။ တိုးတက်လာခြင်း မရှိ။ သို့နှင့် နောက်ဆုံးတစ်နေ့တွင် ရှေ့နေပေတို့အတွက် အထူးထုတ်လုပ်သုံးစွဲကြစေသော အသံချဲ့စွမ်းရည်မြင့်ဆားကစ်ထည့်သွင်းထားသည့် နားကြပ်ကို ဝယ်ယူတပ်ဆင် သုံးစွဲရန်သာ သူ အကြံပြုလိုက်ရလေတော့သည်။ နားရောဂါဝေဒနာရှင်များအတွက် သီးသန့်ထုတ်လုပ်ထားသော နားကြပ်များမှာ စတက်သိုစကုပ်ခေါ် ဆရာဝန်သုံး နားကြပ်များထက် အသံချဲ့စွမ်းရည် ပိုမိုတိုးမြင့် ထုတ်လုပ်ထားကြောင်း သူ သိသည်လေ။

ထို့ကြောင့် ဦးဘကောင်းကို ထိုနားကြပ်မျိုး ဝယ်ယူသုံးစွဲရန် သူက စာရေးပြကာ အကြံပြုခဲ့ရ၏။ ဦးဘကောင်းမို့ ဆေးခန်းထဲသို့ ဝင်လာတာမြင်လျှင် သူ့မှာ အိတ်ကပ်ထဲမှ ဘောလ်ပင်ကို အလိုလိုလက်နှင့် စမ်းမိပြီး ဖြစ်ရ၏။ ပြီးတော့ နီးစပ်ရာဗလာစာအုပ်တစ်အုပ်ကိုဆွဲကာ သူပြောလိုသည်တို့ကို စာရေးပြပြီး ပြောရ၏။ နားကြပ်သုံးရန်သာ အကြံပြုရသော်လည်း စင်စစ်မှာတော့ ထိုနားကြပ်မျိုးက သူတို့မြို့ငယ်ကလေးမှာ ဝယ်၍မရ။ ခြောက်လရှိ၍မှု တစ်ခုရောင်းရဖို့ မလွယ်သောကြောင့်လားမသိ။ မြို့ကလေးရှိ ဆေးဆိုင်တွေက ဆိုင်မတင်။ သူပေးသောအကြံပြုချက်နှင့် ပတ်သက်၍ ဦးဘကောင်းက သူ့ကိုပင် ပြန်တာဝန်ချထားပေးလေသည်။

"ကျွန်တော်လည်း နားမလည်တော့ မဝယ်တတ်ဘူး ဆရာ။ ဆရာကိုယ်တိုင်ပဲ အဲဒီအထောက်အကူပြုပစ္စည်း ဝယ်လို့ရနိုင်မယ့် မြို့ကြီးပြကြီးတွေဆီ ခရီးကြုံရောက်တဲ့အခါ ဝယ်လာပေးပါ။ ကျသင့်ငွေကို ကျွန်တော် ပေးပါ့မယ်" ဟုသတည်း။

ယခုတော့ ဆရာနှင့်လူနာ နှစ်ဦးစလုံး အဆင်ပြေကြရလေပြီ။ သူ ရန်ကုန်မှဝယ်လာပေးခဲ့သော နားကြပ်ကောင်းမှုကြောင့် အကြားအာရုံပြန်ရလာသည့်အတွက် ဦးဘကောင်းက ဝမ်းမြောက်နေသည်။ ထိုနည်းတူ ကိုယ်ပေးခဲ့သော အကြံကို ကိုယ်ကိုယ်တိုင်က ပြန်အကောင်အထည်ဖော်နိုင်ရုံမျှမက လူနာ၏ လိုအပ်ချက်နှင့်လည်း အံဝင်ခွင်ကျ ကိုက်ညီသွားခဲ့ခြင်းအတွက် သူကလည်း ကျေနပ်ပီတိဖြစ်နေရ၏။

ခေါင်းထဲသို့ လျှပ်ပြက်သကဲ့သို့ ဖြတ်ဝင်လာခဲ့သော ဦးဘကောင်းနှင့် ပတ်သက်သမျှ အကြောင်းအရာတွေကို သူ ဖြတ်တောက်ပစ်လိုက်သည်။ ပြီးနောက် စောစောကပြောလက်စ စကားကို သူ ဆက်ရသည်။ သည်မျှ ခင်မင်ရင်းနှီးကြပြီးသူချင်းကို လက်ဖက်ရည်ဖိုး ယူရမယ်ဆိုတာ မဟုတ်သေး။

"ဘယ့်နှယ့်ကြောင့် ကျွန်တော်က ပိုနေတဲ့ ငွေနှစ်ထောင်ကို လက်ဖက်ရည်ဖိုး ယူရမလဲ ဦးရဲ့။ လိုရင်တောင် ကျွန်တော်က ငွေစိုက်ခဲ့ဖို့ပဲဥစ္စာ။ မယူချင်ပါဘူးဗျာ။ ဈေးကြုံမှာလို့ ပိုတဲ့ငွေဆိုတာ ပြန်ပေးရရိုး ထုံးစံပဲရှိတယ်။ ရော့ ဦးပဲ ပြန်ယူ"

ဦးဘကောင်းက ဖွတ်ငြင်းဆန်နေသည့်ကြားကပင် သူက ပိုငွေတစ်ထောင်တန်နှစ်ရွက်ကို ဦးဘကောင်းအကျႌအိတ်ကပ်ထဲသို့ မဖြစ်မနေ တွန်းထိုးထည့်ကာ ပြန်ပေးရသည်။ ဆက်မပြောသာ၍သာ ငြိမ်နေလိုက်ရသော်လည်း ဦးဘကောင်းက ကျေနပ်ဟန်မတူ။

"မဟုတ်သေးဘူး ဆရာ။ ဒီအထောက်အကူပြုပစ္စည်းကလေးကို မှတ်မှတ်ရရ ဝယ်လာပေးတဲ့အတွက်တော့ ဆရာ့ကို တစ်နည်းနည်းနဲ့ ကျေးဇူးဆပ်ရမှ ဖြစ်မယ်။ ဘယ်လိုလုပ်ရရင် ကောင်းမလဲ။ တစ်ရက်ရက်မှာ ဆရာ့ကို အိမ်ခေါ်ပြီး ကျွေးမွေးပြုစုရရင် ကောင်းမယ်ထင်တယ်။

mgyoe.com

mgyoe.com

ဟုတ်တယ်… ဆရာ အားလပ်မဲ့နေ့ကိုပြော… ကျွန်တော် ထမင်းဖိတ်ကျွေးမယ်ဗျာ"

ဦးဘကောင်းက သူ့ဘာသာသူ စဉ်းစားပြီး သူ့အတွေး သူပြန်ထောက်ခံကာ အတည်ပြုလေသည်။ သူခေါင်းခါရပြန်သည်။ ပြီး လေသံပျော့နှင့် တောင်းပန်ငြင်းဆန်ရှာ၏။

"မလုပ်နဲ့ ဦးရယ်။ ဆေးရုံကတစ်ဖက်၊ ဒီဆေးခန်းက တစ်ဖက်နဲ့ ဂျင်ခြေလည်နေတာပါ။ ထမင်းလည်း ဖိတ်မကျွေးချင်ပါနဲ့။ မလာချင်ပါဘူးဗျာ"

"ဒါဖြင့် တခြားတစ်ခုခုတော့ စဉ်းစားဦးဆရာရယ်။ ကျွန်တော် ဆရာ့အတွက် တစ်ခုခုတော့ လုပ်ပေးပါရစေ"

ဦးဘကောင်းက လက်မလျှော့။ ခက်တော့နေပြီ။ လောလောဆယ်မှာ သူ ကျေနပ်ဖို့ထက် သည်အဘိုးကြီး ကျေနပ်မှုရသွားအောင် သူ့ဘက်က တစ်ခုခုတော့ မဖြစ်မနေ တောင်းဆိုပေးရမည့်ကိန်း ဆိုက်နေ၏။ သူ တွေခနဲ တစ်ချက်စဉ်းစား၏။ သည်မှာပင် ကိုယ့်သေတွင်း ကိုယ်တူးဖို့ မဟာအကြံဉာဏ်က သူ့ခေါင်းထဲမှာ လက်ခနဲပေါ်လာခဲ့ခြင်းဖြစ်တော့၏။

ဟုတ်သည်။ ပြီးခဲ့သော တနင်္ဂနွေနေ့တုန်းက ကိုရင်မောင်တို့ရွာဘုရားပွဲမှာ သူကြုံခဲ့ရသည့် ဦးဘကောင်းနှင့် ပတ်သက်သည့် ကိစ္စကို ဖျတ်ခနဲသတိရလာခဲ့သည်။ အခြားမဟုတ်။ ရွာဘုရားပွဲ၏ သီချင်းဆိုပြိုင်ပွဲမှာ ဦးဘကောင်းက အမှတ်ပေးဒိုင်လူကြီးမျှသာမက ဦးဆောင်ဆုံးဖြတ်ချက်ပေးရသည့် ဒိုင်ချုပ်အဖြစ်ပင် ဆောင်ရွက်ပေးခဲ့သည်ဆိုသော ကိစ္စ။ အဲဒီကိစ္စက သူ့ရင်ထဲမှာ ကလိကလိနှင့် ယားကျိကျိဖြစ်နေစေခဲ့၏။ ပြန်တွေးမိလေတိုင်း ခိုးလိုးခုလုနှင့် မအီမလည် ဖြစ်နေစေခဲ့၏။ အဲဒါက တစ်ပတ်ပင် မကြာခဲ့သေး။

ဘယ့်နှယ်ဗျာ။ ဘာသံမှ မကြားရသည့် နားလေးနားထိုင်း ရွှေနားပေဦးဘကောင်းက ဂီတပြိုင်ပွဲ၊ အဆိုအတီးပြိုင်ပွဲမှာ အပြီးသတ်ဆုံးဖြတ်ချက် ချပေးရသည့် ဒိုင်ချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ပေးနေသည်ဆိုသော အဖြစ်ကတော့ လူကြားလို့မှ မကောင်းသည့် ကျားသားမိုးကြိုးကိစ္စမျိုးဟု သူ ထင်သည်။ လေးလုံးခြောက်ဖက် ကျားကိုးစီး စားမကုန်သည့် တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ဖြင့် ယောကျ်ားရင့်မာကြီးတစ်ဦးက ကိုယ်ဝန်ဆောင်ပြီး မီးမကင်ဆေးစားကာ ကလေးတစ်ယောက် မီးဖွားပေးလိုက်သည်ဆိုသလိုမျိုးကြီး ဖြစ်နေ၏။ ပြီးတော့ ဦးဘကောင်းနားတွေ အကြားအာရုံခေါင်းပါးသည့်ကိစ္စက တစ်ဆင့်ကြားစကားမဟုတ်။ ဆိုရလျှင် သူကိုယ်တိုင်ပင် ကြိုးစား၍ ကုသပေးနေခဲ့သည်မို့ ကာယကံရှင်နှင့် ထပ်တူ သူလည်းသိနေသည် မဟုတ်လော။

ရန်ကုန်မှာတုန်းက မိဘအသိုက်အဝန်းထဲ ရောက်နေပါလျက်နှင့် မြို့ကလေးသို့ သူချက်ချင်းတက်သုတ်ရိုက် ပြန်ပြေးခဲ့မိသည်မှာ ထိုကိစ္စနှင့် ပတ်သက်နေ၏။ ဦးဘကောင်းတွင် ထိုသို့ ဂီတပွဲဒိုင်ချုပ်လုပ်နိုင်ဖို့ လျှို့ဝှက်ချက်တစ်ခုခုရှိရမည်။ စွမ်းရည်တစ်မျိုးမျိုးတော့ ရှိနေရလိမ့်မည်။ သို့ဆိုလျှင် ထိုလျှို့ဝှက်ချက်သည် အဘယ်နည်း။ ထိုစွမ်းရည်သည် မည်သို့နည်း။ ဒါကို သူသိချင်သမှ အပြင်းအထန်ပင် ဖြစ်၏။ ဦးဘကောင်းနှင့် တွေ့လျှင်တော့ မဖြစ်မနေ မေးကြည့်မည်ဟု သူ ဆုံးဖြတ်ချက်ချခဲ့ပြီး ဖြစ်သည်။ ဦးဘကောင်းက ဒိုင်ချုပ်လုပ်ပြီး ဆုံးဖြတ်ချက်ချပေးသည် ဆိုတာကို သူ့အဖို့ ရယ်ရမလိုလို၊ ငိုရမလိုလို သောင်မတင်ရေမကျကိစ္စကြီး ဖြစ်နေတော့ ထိုကိစ္စအတွက် အမြန်ပင် အဖြေရှာချင်စိတ် ပေါက်နေတာ အမှန်ပင်။

ကဲ… အခုတော့ အဆင်ပြေလိုက်သမှ ရေကန်အသင့် ကြာအသင့်ဟုပင် ဆိုရမည့်ကိန်း။

ကျွန်တော် ဆရာ့အတွက် တစ်ခုခုတော့ လုပ်ပေးပါရစေတဲ့။ သူ တစ်ခုခု တောင်းဆိုဖို့ကို ဦးဘကောင်းက ဦးစွာ အသည်းအသန်ပင် တောင်းဆိုနေချေသေး၏။ ဟုတ်ပြီ၊ အလျဉ်းသင့်လိုက်လေဟု သူ ဆုံးဖြတ်ချက်ချလိုက်သည်။

"ကျွန်တော့်အတွက်တော့ ဘယ်လိုမှ ကျေးဇူးပြုဖို့ ဆိုပြီး စဉ်းစားမနေနဲ့ဦး။ ကျွန်တော်သိချင်တဲ့ အချက်ကလေးတချို့ကို မေးမယ်။ ဦးက ဖြေပေး။ အဲဒါဆို ကျွန်တော် ကျေနပ်ပြီလို့ အောက်မေ့လိုက်တော့၊ ဟုတ်လား"

ဦးဘကောင်းက နားကြပ်ခလုတ်ဖွင့်ထားပြီးဖြစ်၍ သူ့စကားကို ကောင်းစွာကြားရပြီးဖြစ်သောကြောင့် စကားပြောကြရာမှာ အခက်အခဲမရှိတော့။ သူ့စကားကြောင့် ဦးဘကောင်း အံ့အားတော့ သင့်သွားဟန်တူသည်။ မျက်မှောင်ကြုတ်၍ ချက်ချင်းပြန်မေးလေသည်။

"နေပါဦး… ဆရာက ဘာတွေသိချင်နေလို့ ဘယ် မေးခွန်းတွေ မေးဖို့တုန်း"

"သိပ်ခက်ခက်ခဲခဲတွေ မဟုတ်ပါဘူးဗျာ။ ဦးအတွက်က ကိုယ်တွေ့ကိစ္စမို့ အဖြေရလွယ်မယ့် မေးခွန်းမျိုးတွေပဲ

mgyoe.com

mgyoe.com


ဖြစ်မှာပါ။ အထူးသဖြင့် ဂီတနဲ့ပတ်သက်လို့ပေါ့"

ဂီတနှင့် ပတ်သက်သည်ဟု ဆိုလိုက်သဖြင့် ဦးဘကောင်းမျက်နှာက ပြုံးသွားသည်။ အရာရာ စပ်စုလာခါစ အရွယ် ကလေးငယ်တစ်ဦး၏ မေးလာသမျှမေးခွန်းတွေကို ကြင်နာသဘောထားကြီးစွာ ရှင်းလင်းဖြေကြားပေးတော့မည့် လူကြီးတစ်ယောက်၏ အပြုံးမျိုးနှင့်ပင် တူသေးတော့သည်။

"မေးပါဆရာ... ကျွန်တော်သိသလောက်တော့ ဖြေပေးရမှာပေါ့"

ဦးဘကောင်းက စကားလမ်းကြောင်း ဖွင့်ပေးလိုက်သည်။

"ဒီလိုလေ ဦးက အဆို၊ အတီးပြိုင်ပွဲတွေမှာ ဒိုင်ချုပ်တောင် လုပ်နိုင်တယ်ဆိုတော့ ဒီဂီတကိစ္စနဲ့ ပတ်သက်လို့ အတွေ့အကြုံ များခဲ့ပုံရတယ်လို့ ကျွန်တော် တွေးမိပါတယ်။ ဦး ဘယ်တူရိယာတွေကို တီးခဲ့ဖူးသလဲ၊ ဘယ်တူရိယာတွေကို ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်ခဲ့ဖူးသလဲဆိုတာ သိပါရစေ"

သူ မေးခွန်းတစ်ခု စတင်လိုက်သည်။ ဦးဘကောင်းက ပေါ့ပါးသောလေသံဖြင့် ဖြေ၏။

"ဆရာရယ်... ကျွန်တော်က ငယ်ငယ်ကတည်းက ဂီတဝါသနာအိုးပေကလား။ ကျွန်တော် မတီးတတ်တဲ့ တူရိယာက ခပ်ရှားရှားပဲ။ မယ်ဒလင်၊ တယော၊ ပတ္တလား၊ ဗမာဂီတာ၊ ဘင်ဂျို အကုန်တီးဖူးတယ်၊ ထိုးဖူးတယ်။ လေမှုတ်တူရိယာထဲမှာ နဲ၊ ပလွေ၊ ကလယ်ရီနက်၊ ဆက်ဆိုဖုန်း၊ ကော်နက်၊ ထရမ်းပက် အကုန်မှုတ်ဖူးတယ်။ ပီယာနိုလည်း နှိပ်ဖူးတာပဲ။ မြန်မာဆိုင်းဝိုင်းဆိုလည်း ကြေးနောင်ဝိုင်း၊ မောင်းဆိုင်းတွေမှာ ဝင်ကလိဖူးတယ်။ ဒိုးချောင်လည်း ဝင်ထိုင်ဖူးတယ်။ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတွေဆိုလည်း ကျွန်တော် ဝင်နွှဲဖူးတာပဲဗျ။ သီချင်းဆိုတယ်ဆိုတာလောက်ဖြင့် အပျော့ပေါ့။ ဘယ်နပေါက်သံနဲ့ ဟဲရမလဲ... အောက်ပြန်သံတောင် ရအောင်ဆိုခဲ့တဲ့ ကောင်ဗျ"

သူ အတော်ဖျားသွားလေသည်။ အာဂအဘိုးကြီးပါကလားဟု အတော်ပင် ခေါင်းနားပန်းကြီးသွားမိရ၏။

"ဒါဖြင့် အဲဒီတူရိယာတွေအားလုံးကို ဦး ကျွမ်းကျင်နိုင်နင်းတယ်ပေါ့"

ဦးဘကောင်း ခေါင်းခါပြလေသည်။

"ဟင့်အင်း... ဘယ်တူရိယာကိုမှ ထူးချွန်အဆင့်ရောက်အောင် မတတ်ဘူး။ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဒီလောက်စုံတကာစေ့အောင်လိုက်ပြီး တစ်မျိုးပြီးတစ်မျိုး တီးမှုတ်နေမှတော့ ဘယ်လိုလုပ် ထူးချွန်နိုင်တော့မလဲ။ ဒါပေမဲ့ အဲဒီတူရိယာအကုန်လုံးရဲ့ အထာတွေကိုတော့ အကုန်တီးမိခေါက်မိသိတယ်။ ကြိုးတပ်တူရိယာဆိုပါစို့။ ဘယ်လက်က ဘယ်အကွက်ကိုနှိပ်ပြီး ညာလက်က ဘယ်ပုံစံမျိုးခတ်လိုက်ရင် ဘယ်လိုအသံမျိုးထွက်ရမယ်ဆိုတာ စိတ်ထဲကမြင်ရုံနဲ့ ချက်ချင်း မှန်းဆသိတယ်။ ဝါးပတ္တလားတို့၊ မောင်းဆိုင်းတို့၊ ကြေးနောင်တို့လို လက်ခတ်နဲ့တီးရတဲ့ တူရိယာမျိုးကျရင်လည်း ဘယ်အပေါက် ဘယ်အဆံကို လက်ခတ်ကျရင် ဘာသံထွက်မယ်၊ လက်ခတ်ကလည်း ဖော့ခတ်လိုက်သလား၊ ဆတ်ခနဲ အားထည့် ခတ်လိုက်သလားဆိုတာကို မြင်ရုံနဲ့ ထွက်လာမဲ့အသံအနေအထားကို သိနိုင်တယ်။ ချော့လုံး ခြောက်လုံး ဟန့်လုံး လှန့်လုံးဆိုတာ ကွဲသေးတာကိုး ဆရာရဲ့"

"တူရိယာတွေကတော့ ထားပါတော့။ ကိုယ်တိုင်ထိဖူး၊ တို့ဖူး၊ တီးဖူး၊ ခတ်ဖူးလို့ အထာသိနေတယ်ဆိုတာ လက်ခံနိုင်လောက်တဲ့ စကားပါပဲ။ ဒီလိုဖြင့် သီချင်းဆိုသံတွေကျတော့ရောဗျာ"

"အဲဒါလည်း ဘာထူးလို့လဲ ဆရာရဲ့။ ဆိုတဲ့သူက ပုံမှန် သက်သက်သာသာ ဆိုနေသလား၊ ဒါဆို ကိုးဆယ်ရာခိုင်နှုန်းက အဲဒီလူဟာ ဘယ်သံပိုင်ရှင်ပဲလို့ သိနိုင်တယ်။ အဲ... မျက်နှာကိုမော့ပြီး လည်ချောင်းက အကြောတွေထောင်ထနေအောင် ဟစ်နေပြီဆိုရင်... သေချာပြီ အဲဒီလူဟာ ညာသံအမြင့်ကို အော်နေတာပဲ။ အဆိုသမားဟာ ယောကျ်ားလေးဖြစ်နေပြီး အဲလို ရုပ်ပျက်အထိအော်နေပြီဆိုရင် 'တစ်' ပေါက်ဆိုတဲ့ သံမှန်အမြင့်ကို မီအောင် အော်နေတာဖြစ်ဖို့ သေချာသလောက်ပဲ။ ကမ္ဘာ့သင်္ကေတဆိုရင် 'ကီး–စီ' Key-C ပေါ့။ အဲဒီကီးဟာ သံမြင့်မီအောင် အော်ရမယ်ဆို ရင် ယောကျ်ားလေးအဆိုတော်အဖို့တော့ သေမဲ့သာပြင်ပေတော့။ မိန်းကလေးတွေအဖို့ကတော့ သက်သက်သာသာလေးဆိုနိုင်တဲ့ ကီးပဲ။ ပြီးတော့ ဆိုနေတဲ့သူရဲ့ မေးရိုး မေးဝဲ၊ ပါးအရွဲ့အစောင်း၊ နှုတ်ခမ်းအနုတ်အသိမ်းလှုပ်ရှားမှု၊ အသက်ရှုအောင့် ပြန်ထုတ်ပုံတွေကို ကြည့်ပြီး ဒီလူဟာ အရွဲအနွဲ့ကောင်းသလား၊ အလှန့်အဟန့်ကောင်းသလား၊ အတုန်အခါ အားသန်သလား... မှန်းဆခွဲခြားလို့ရနိုင်တယ်။ တချို့သီချင်းတွေက ဆိုနေရင်းက

mgyoe.com

အသက်ခိုးရှုတတ်၊ အောင့်ထားတတ်မှ သံစဉ်နဲ့ လိုက်မီအောင် ဆိုလို့ဖြစ်တဲ့ သီချင်းတွေဖြစ်နေတတ်တယ်။ တန်ရုံအဆိုပညာနဲ့ လိုက် မမီနိုင်ဘူး။ စည်းတစ်စိတ်ဝါးတစ်စိတ်လောက်တော့ လွဲ ကျန်ပြီး ကသိကအောက်ဖြစ်ကုန်ပြီသာမှတ် ဆရာရေ့"

ဦးဘကောင်းက ကျကျနန ရှင်းပြလေသည်။ သူရှင်းပြစကားသံတွေ နားထောင်ရရုံနှင့်ပင် သူဖြတ်သန်းခဲ့သော ဂီတသမားဝါစဉ်က နှစ်များစွာရှိခဲ့မည်ဟု သိသာနိုင်၏။

"ဒါနဲ့ မဆိုင်တာဖြတ်မေးရဦးမယ်။ ဦး တဖြည်းဖြည်းနဲ့ ဘယ်လိုလုပ်ပြီး နားလေးတဲ့ဆီကို ရောက်သွားခဲ့တာတုန်း၊ ဒီလိုလေ... ကျွန်တော်မေးတာက ဦး... နားလေးလာတာဟာ အဲဒီဂီတတူရိယာတွေနဲ့များ သက်ဆိုင်နေမလားလို့ တွေးမိလာလို့ မေးကြည့်တာပါ"

ထိုမေးခွန်းကိုတော့ ဦးဘကောင်း ချက်ချင်းမဖြေ။ အတော်ကြာအောင် တွေးနေသေး၏။ သူ နားလေးလာခဲ့ရပုံကို ယခုမှ သူ့ဘာသာသူ ပြန်စဉ်းစားအဖြေရှာနေပုံရသည်။ နှစ်မိနစ်ခန့် ကြာအောင် တွေးနေပြီးမှ ဖြေ၏။

"ဆရာပြောသလိုပဲ ဖြစ်နိုင်မလားမသိဘူး။ ကျွန်တော်က တူရိယာတစ်မျိုးမဟုတ်တစ်မျိုးကို လက်ဆော့နေခဲ့တာချည်းပဲ။ ကျွန်တော့်နားနှစ်ဖက်ဟာ အိပ်နေတဲ့အချိန်ကလွဲရင် ဘယ်တုန်းကမှ အေးအေးသက်သာ နေခဲ့ရတယ်မရှိဘူးဗျ။ တူရိယာတစ်မျိုးမျိုးရဲ့ အသံတိုက်ခိုက်မှုဒဏ်ကို အမြဲလိုလို ခံနေခဲ့ရတာကလား။ ဧကန္တတော့ ဒီလောက် တူရိယာသံ ဂီတသံတွေကြားချင်လှတဲ့ နားစည်တွေ ဘယ်တော့မှ မကြားရအောင် ဒဏ်ခတ်လိုက်ကြစမ်းကွာဆိုသလို အဲဒီ ကြားချင်လှတဲ့ ဂီတသံတွေကပဲ ကျွန်တော့်နားစည်တွေ၊ အကြားအာရုံတွေကို တတိတိတိုက်စားဖျက်ဆီးပစ်ခဲ့ကြရှောသလားလို့ အခု ဆရာမေးလာတော့မှ ပြန်တွေးကြည့်မိရတော့တယ် ဆရာရေ။ ကျွန်တော်အသက် ၄၀ လောက်မှာ စပြီး နားလေးလာတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာပြီး အသက် ၅၀ ကျော်ပါလေရောဘာမှကို မကြားရတော့ဘူး"

"ဟင်... ဒါဆိုရင် ဦးနဲ့ အဲဒီဂီတသံတွေ၊ သီချင်းသံတွေနဲ့ လင်ခန်းမယားခန်း ပြတ်သွားပြီလို့ ပြောရတော့မှာပေါ့ဗျ။ ဘာမှ မကြားရတော့ပါဘူးဆိုတဲ့ နောက်မှတော့ ဆိုး၏၊ ကောင်း၏၊ သင့်၏ဆိုတာတွေ ဘယ်လိုခံစားရတော့မှာတုန်း၊ ဘယ်လိုအကဲဖြတ်ရတော့မှာတုန်း"

ရောက်လာပြီ၊ သူ့အဓိက သိချင်နေသော အချက်။ သူ့ရင်ကို ကလိကလိ ယားကျိကျိဖြစ်နေစေခဲ့သော အချက်သို့ ရောက်လာပြီဖြစ်၏။ ထို့ကြောင့် သူက အတိအကျအပိုင်အနိုင်မေးခွန်းကို ထုတ်လိုက်၏။ ဦးဘကောင်းက ခေါင်းခါပြလေသည်။ ပြီးတော့ သူ မမျှော်လင့်ခဲ့သော အဖြေကိုပင် ဖြေချလိုက်လေသေး၏။

"ဆရာရယ်... နားမကြားတော့တာနဲ့ပဲ ဂီတကို မခံစားနိုင်တော့ဘူးလို့ ဘယ်သူက ပြောသတုံး"

"ဗျာ... အဲ မဟုတ်သေးဘူးထင်တယ်ခင်ဗျ၊ ဦးပြောသလိုဆို လုံးလုံးမျက်စိကွယ်သွားပြီးသား လူက ပန်းချီ၊ ဓာတ်ပုံပြိုင်ပွဲ ဝင်အကဲဖြတ်သလို ဖြစ်နေမှာပေါ့ဗျ။ မျက်စိကွယ်ပါတယ်ဆိုနေမှ ဒီအနီရောင်က တယ်ရင့်သကိုး၊ ဟိုအပြာရောင်က ဖျော့နေပြန်ပြီလို့ ပြောသလိုကြီး ဖြစ်မနေဘူးလား"

သူ စောဒကတက်လိုက်တော့ ဦးဘကောင်းက မိန့်မိန့်ကြီးပင် ပြုံးလိုက်ချေသေး၏။ တော်တော်မခံချင်စရာကောင်းသော သရော်ပြုံးဟု သူ့ခံစားရသည်။

"အဲဒါက ဆရာ ဉာဏ်မမီလို့ ပြောနေတာပါ။ ဒီလိုရှိတယ်ဆရာ။ ဂီတမှာ မျက်စိကကြားပြီး နားကမြင်ရမယ်တဲ့ ဆရာရဲ့။ သူက ပြောင်းပြန်ပဲ။ ဆိုလိုတာက တီးကွက်တွေ တီးခတ်ပုံတွေကို မျက်လုံးက မြင်ရုံနဲ့ နားက သူ့အလိုအလျောက် သံစဉ်တွေကို မှန်းဆပုံဖော်ကြားယောင်ပြီးသား ခင်ဗျ"

"ဗျာ... မျက်လုံးက မြင်ရုံနဲ့ နားက မှန်းဆပုံဖော်ကြားယောင်ပြီးသား... ဟုတ်လား။ ဒါဖြင့် အဲလိုကြားယောင်လာတာတွေက လုံးဝ အမှားအယွင်းမရှိဘဲ မှန်နေတယ်လို့ ပြောနိုင်ပါ့မလားဗျာ"

"ပြောနိုင်ပါတယ်ဆရာ။ သူက ပိုတောင်တိကျသေးတယ်လို့ ပြောနိုင်ပါတယ်။ နားအကြားအာရုံ ရနေတဲ့သူကမှ နားကြားလွဲတာတို့၊ ထင်ယောင်ထင်မှား သံသယဝင်လိုက်မိရတာတို့ ရှိနိုင်သေးတယ်။ လုံးလုံးမကြားတဲ့ သူက ကြားလာရတဲ့ အာရုံထဲက အသံတွေကတော့ အတိအကျပဲဆရာ။ တစ်ဆံခြည် မလွဲဘူး။ ဆရာနှယ်... ကမ္ဘာကျော် ဂီတဆရာကြီး ဘီသိုဗင်ဟာ လုံးဝ မျက်မမြင်၊ နားမကြားပုဂ္ဂိုလ်ကြီးခင်ဗျ"

ဒါကတော့ တစ်ဆိတ်လွန်လာပြီဟု သူ ဘုတောချင်

mgyoe.com

စိတ် ပေါက်လာ၏။ ဦးဘကောင်းကလည်း အလျှော့ပေးမည့်ပုံ မပေါ်သည့်အပြင် သူ့စကားကိုသူ အပိုင်အနိုင်ကြီးပင် ရဲရဲတောက်ပြောနေချေသေးသဖြင့် အတော်ခွကျကုန်သည်။ သူ ဘယ်လိုမှ ဘဝင်မကျနိုင်။ သဘောမတူနိုင်။

"ထားတော့ဗျာ၊ မျက်မမြင်ဘဲနဲ့ တူရိယာတစ်မျိုးမျိုးကို အပိုင်အနိုင် တီးခတ်နေတဲ့သူတွေကို ကျွန်တော် မြင်ဖူးတယ်။ မျက်စိမမြင်ပေမယ့် ဂီတသံအမှန်အမှားကို ဆုံးဖြတ်တည့်မတ်ပေးနိုင်မယ့် နားအကြားအာရုံတွေ ရှိနေသေးတော့ သူတို့တီးသံဆိုသံ မှားနေရင် သူတို့ ချက်ချင်းပြင်နိုင်မယ်ဆိုတာ လက်ခံလို့ရတယ်။ ဒါပေမယ့် လုံးလုံးမှ ဘာသံမှ ကြားရတဲ့သူက ဂီတကို ခံစားတယ် အကဲဖြတ်တယ်၊ ဘယ်သူက သင့်တယ်၊ ဘယ်သူက ကောင်းတယ် တောင် ရွေးချယ်ဆုံးဖြတ်ချက် ချလိုက်သေးတယ်ဆိုတော့... ဒါကတော့ လွန်လွန်းတယ်။ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်တယ်ဗျာ"

"ဟဲ ဟဲ ဟဲ... ဆရာက မဖြစ်နိုင်ဘူးလို့ ထင်တယ်ပေါ့လေ။ အဲလိုလား" သူ ခေါင်းညိတ်ပြလိုက်တော့ ဦးဘကောင်းက ပိုင်နိုင်စွာ ရယ်ချလိုက်လေသည်။ ပြီးနောက် ခပ်ထေ့ထေ့ပြုံး၍ ပြော၏။

"အဲဒါ ပညာပဲလေ ဆရာ၊ အဲဒါ ပညာပဲ"

"ဗျာ... ဘယ်လို"

"မှတ်ထား ဆရာရေ၊ မဖြစ်နိုင်ဘူး ဆိုတာကို ရအောင် ဖြစ်အောင် လုပ်တတ်တာကိုက ပညာဗျ။ ဒါမျိုးက လူတိုင်းတတ်တဲ့ ပညာမျိုးမဟုတ်ဘူး။ လူတိုင်းမတတ်တဲ့ ဒီပညာပါရမီရှိမှသာ ဆိုတဲ့ ဂီတအခြေခံ ဆိုတဲ့ သီချင်းကို ဆရာမကြားဖူးဘူးနဲ့ တူတယ်။ စောစောကပြောခဲ့တယ်။ ဂီတမှာ မျက်စိကြားရင် နားမြင်ရမယ်ဆိုတဲ့ ပြောင်းပြန်သဘောတရား၊ ဟော သူ့ကို အတည့်ပြန်အဓိပ္ပာယ်ဖော်ဦးမယ်ဆိုရင် နားက ကြားလာရုံနဲ့လည်း မျက်စိထဲမှာ တီးပေါက်တီးကွက်တွေကို အလိုလိုမြင်ယောင်လာပြီးသားဖြစ်ရမယ်ဗျ။ နားမကြားတာနဲ့ ဂီတကို ခံစားအကဲဖြတ်ဆုံးဖြတ်ချက်ချပေးတာနဲ့ ဘာမှမဆိုင်ဘူး။ ကျွန်တော်ဆိုရင် ဘာမှ မကြားတော့ဘူးဆိုတဲ့ အချိန်ကျမှ ဂီတပွဲတွေမှာ ဒိုင်ချုပ်လုပ်လာခဲ့တာ ကြာပဲကြာလှပြီ။ ကျွန်တော့်ဆုံးဖြတ်ချက်တွေအတိုင်းပဲ လက်ထောက်ဒိုင်အဖွဲ့က ဘယ်သူက ပထမ၊ ဘယ်သူက ဒုတိယ၊ ဘယ်သူက နှစ်သိမ့်နဲ့ ဆုတွေချီးမြှင့်ပေးလာခဲ့တာလည်း မရေတွက်နိုင်တော့ဘူး။ ဒီမှာ ဆရာ ရှေ့လျှောက်ပြီး ကြုံလာရဦးမဲ့ ဂီတပွဲတွေ ကျရင်လည်း ကျွန်တော် အကဲဖြတ်တဲ့အခါ အခု ဆရာတပ်ပေးလိုက်တဲ့ နားကြားကိရိယာကို တပ်နားထောင်လိမ့်မယ်၊ အသုံးချလိမ့်မယ်လို့ မထင်နဲ့ဗျ။ ကျွန်တော်က အဲဒ်နားကြားကိရိယာကတစ်ဆင့် ကြားလာရမယ့် ဂီတသံတွေကို အယုံအကြည်မရှိဘူး။ နားကြား လွဲနိုင်တယ်။ အသုံးအဖြတ် မှားနိုင်တယ်။ ဒါကြောင့် ကျွန်တော်က ကျွန်တော့် ထုံးစံအတိုင်းပဲ ဘယ်လိုအကူအညီ ကိရိယာမှမသုံးဘဲ ဒီအတိုင်းတီးတဲ့ တီးကွက်တွေ၊ လက်လှုပ်ရှားမှုတွေကို ကြည့်၊ ဆိုတဲ့ ပါးစပ်တွေရဲ့ အရွဲ့အစောင်း၊ အဖွင့်အပိတ်လှုပ်ရှားမှုတွေကိုကြည့်ရင်း အာရုံထဲက ကြားလာမယ့် အသံတွေပေါ်မူတည်ပြီး ဆုံးဖြတ်ပေးသွားဦးမှာပဲဗျ။ မှတ်ထား။ ဂီတအကြောင်းပြောရတာ... တစ်ခါတလေ ကျွဲပါးစောင်းတီးရသလိုပဲ ကြုံရတတ်တယ်"

ကိုင်း၊ မှတ်ကရောကွာ။ ကျွဲပါးစောင်းတီးရသလိုပဲလို့တောင် ပြောင်တွယ်ထည့်လိုက်ပါပကောလားဟု သူ အသက်ရှူမှားသွား၏။ ဦးဘကောင်းက လူနားလည်ဖို့ မလွယ်လှသော သူ့ဂီတဆုံးဖြတ်ချက်တွေအကြောင်း ရှင်းပြရင်း သူ့ကို မထိခလုတ် ထိခလုတ် ခွပ်ထည့်လိုက်သလို သူ အောင့်သက်သက်ကြီး လိုမ့်ခံလိုက်ရ၏။

"ဘာပဲပြောပြောပေါ့ ဦးရာ။ ကျွန်တော်ကတော့ ဦးရဲ့ သဘောတရားရှင်းပြချက်တွေကို နားမလည်နိုင်၊ လက်မခံနိုင်သေးတာ အမှန်ပဲ။ သဘာဝယုတ္တိထက် လွန်နေတယ်လို့ပဲ ထင်မြင်မိတယ်ဗျ"

သူက လေသံပျော့ကလေးဖြင့် စောဒကတက်လိုက်တော့ ဦးဘကောင်းက အထက်စီးဆန်လှသော အပြုံးကို ပြုံးကာ ခေါင်းတညိတ်ညိတ်ဖြင့် ထပ်ပြောလေသည်။

"အဲဒါကြောင့် ဆရာ့ကို ဉာဏ်မမီသေးဘူးလို့ ပြောခဲ့တာပေါ့ဆရာရဲ့။ မဖြစ်နိုင်ဘူးဆိုတာကို ရအောင်လုပ်တတ်တာကိုက ပညာပါလို့ဆိုနေ။ ကဲကဲ... ဆရာကိုယ်တိုင် ဂီတနဲ့ပတ်သက်လို့ တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်အောင် လေ့လာ သင်ယူလိုက်ပါဦးလေ။ ဆရာ့မှာ ဂီတအခြေခံကလေး ထိုက်သလောက်ရှိလာပြီဆိုတဲ့ အချိန်ကျမှ ကျွန်တော်တို့ ဒုတိယအကြိမ် ထပ်ဆွေးနွေးကြသေးတာပေါ့။ အခုအချိန်မှာတော့ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါဦးဆရာ။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး။ ဟဲဟဲ ဟဲဟဲ"

mgyoe.com

ဦးဘကောင်းက ပွဲသိမ်းစကားဆိုလာခဲ့ပြီမို့ သူက လည်း အလိုက်သိစွာပင် ခေါင်းညိတ်ကာ ပြန်ခွင့်ပြုလိုက်ရ၏။ သို့သော် သူ့ရင်ထဲမှာတော့ မအီမလည်ကြီး ဖြစ်နေခဲ့ရသလို သူ့ခေါင်းထဲမှာလည်း မူးဝေကာ အူချာပေါက်ကျန်ရစ်နေခဲ့ရတာကတော့ အမှန်ပင်။ မည်သို့ဖြစ်စေ သက်သက်မဲ့ လျှာရှည်ကာ သွား အာချောင်မိသော သူ့မှာသာ အပြစ်ရှိသည်ဟုပဲ သူ့ကိုယ်သူ နှပ်ပစ်လိုက်ရတာကတော့ သေချာလေသည်။

* * *

[၅]

ယခုနောက်ပိုင်းကာလ အတော်ကြာသည်အထိ ဦးဘကောင်းနှင့် သူပြန်မဆုံတွေ့ဖြစ်ကြသေးပါ။ ထို့ကြောင့် မပြီးပြတ်သေးခဲ့သော ဆွေးနွေးပွဲကိုလည်း ရှေ့ဆက်မပြုလုပ်နိုင်ခဲ့သေးပါ။ သူကိုယ်တိုင်ကပင် တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်စွာ တီးခတ်နိုင်သည်အထိ သင်ယူတတ်မြောက်ပြီးချိန်ကျမှ ဦးဘကောင်းနှင့် ပြန်ဆုံတွေ့ကာ မကျေပွဲကို ဆက်နွှဲမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ ခုချိန်မှာတော့ သူ မဆွေးနွေးရဲသေးပါ။ ဆွေးနွေးပွဲကို လက်ရှောင်ထားရဦးမည်ပင် ဖြစ်ပါသည်။

အခြားကြောင့် မဟုတ်။ သူက ဆေးဆရာဖြစ်သလို ဦးဘကောင်းက ဂီတဆရာဖြစ်သည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်တုန်းက အတော်ဆုံးဆေးဆရာသည် ဇီဝကဖြစ်သလို အတော်ဆုံး ဂီတဆရာသည်လည်း ပဉ္စသိခ်နတ်သားဖြစ်သည်ဟု သူကြားဖူး မှတ်ဖူးခဲ့သည်။ ဘုရားရှင်ကိုပင် မလျှော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းစဉ်ကို ကျင့်ဆောင်နိုင်ဖို့ သူ့ဗေလုဝစောင်းတော်ဖြင့် သရုပ်ပြခဲ့ဖူးသည်ဆိုတော့ ပဉ္စသိခ်နတ်သားသည် နယ်နယ်ရရမဟုတ်။ ဘုရားရှင်လက်ထက်တော်တုန်းက အာဂ ဂီတဆရာဟု ဆိုရမည်ပင် ဖြစ်၏။

သည်လိုဆိုတော့ ဆရာဇီဝကသည် ဆေးဆရာတို့၏ 'သင်္ကေတ' ဖြစ်သလို ပဉ္စသိခ်နတ်သားသည်လည်း ဂီတဆရာတို့၏ အမှတ်အသား'ကိုယ်စားလှယ်'ဖြစ်နိုင်စကောင်း၏။ ဒါကို သူလိုလူငယ်တစ်ယောက်ကပင် သိရှိနေသေးရာ ဦးဘကောင်းလို လူကြီးတစ်ယောက်အနေနှင့်လည်း ကောင်းကောင်းကြီး သိရှိနေမည်မှာ သေချာ၏။ သို့ပါလျက်နှင့် သည်ကြားထဲကနေပြီး အမှတ်မရှိဘဲ ဦးဘကောင်းနှင့် ဂီတအကြောင်းကို ဒုတိယမွှ သွားဆွေးနွေးဖို့ ကြိုးစားခဲ့လျှင် သူ့လောက်မိုက်သူ ရှိတော့မည် မဟုတ်ဟု တွေးမိသောကြောင့်ဖြစ်၏။

ဟုတ်သည်လေ။ ထိုဒုတိယမွှဆွေးနွေးပွဲတွင် ဦးဘကောင်းက ဘုရားရှင်လက်ထက်တော်တုန်းက အတော်ဆုံးဆေးသမားနှင့် ဂီတသမားတို့ကို ဥဒဟရုဏ်ဆောင်ပြဖို့ သတိရလာကာ မိန့်မိန့်ကြီးပြုံး၍...

"ဆရာက ဆေးသမားဆိုတော့ ဘုရားရှင်လက်ထက်တော်တုန်းက ဆရာဇီဝကလို အစွမ်းထက်တဲ့ဆေးသမားဖြစ်ဖို့ ကြိုးစား၏၊ မကြိုးစား၏တော့ ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်ကတော့ ဘုရားရှင်လက်ထက်တော်တုန်းက အတော်ဆုံးဂီတသမားဖြစ်တဲ့ ပဉ္စသိခ်နတ်သားကိုတောင်မှ တွေ့များတွေ့ခွင့်ရခဲ့ရင် 'ဆက်ကြိုးစားပါဦး အမောင်နတ်သား၊ သင့်ဂီတလောက်တော့ သနားတယ်လို့ ပြောချင်သေးတာဗျ" ဟု ဆိုလာခဲ့လျှင် အခက်ကြီး ခက်ရမှာ စိုးရသေးသောကြောင့် ဖြစ်လေသည်။

နန္ဒာစိုး(ဆင်ဖြူကျွန်း)



mgyoe.com

mgyoe.com

# တွယ်တာခြင်း၏ မှားယွင်းမှုပုံရိပ်များ

ထွန်းတောက်ထွင့်(သချ်ာ)

[ ၁ ]

ကောင်လေးကို ကျွန်တော် စသိတာ ကိုရင်ဝတ်က လေးနဲ့ပါ။ ဘယ်အရပ်ကနေ ရွှေပြည်သာရောက်လာမှန်း မသိဘဲ ကိုးနှစ်အရွယ် ကလေးတစ်ယောက်ကို ကယ်တင်ပြီး ကိုရင်ဝတ်ပေးခဲ့တဲ့ ကျောင်းထိုင်ဘုန်းကြီးဟာ ကျွန်တော့်မိဘတွေရှိစဉ်က ကိုးကွယ်ခဲ့တဲ့ ဆရာတော်တစ်ပါးဆိုတော့ ဆွေမျိုးမရှိတဲ့ လူပျိုကြီး ကျွန်တော်ဟာ ဘုန်းကြီးဆီသွားရင်း ကောင်လေးနဲ့သိပြီး သူ့ဘဝကို စိတ်ဝင်စားခဲ့တာမျိုးပါ။ "ဘယ်မျိုးရိုးဇာတိမှ မေးလို့မရဘူး ဒကာကြီး။ သူ့ကို ကိုရင်ဝတ်ပေးပါ။ ဆရာတော့်စကားအတိုင်းနေပါ့မယ်ဆိုပြီး ငိုယိုနေလို့ ခေါ်ထားလိုက်တာပဲ။ ဘုန်းကြီးလည်း တစ်ပါးတည်းဆိုတော့ လောလောဆယ် ခြေဆုပ်၊ လက်နယ်ရတာပေါ့လေ။ စာပေကျမ်းဂန်တော့ သင်ပေးမယ် စဉ်းစားထားတာပါပဲ"။ ကိုရင်ဝတ်နဲ့ ကျွန်တော့်ဆီ ဆွမ်းခံကြွတတ်တဲ့ ကောင်လေးဟာ ဆရာတော်ရဲ့ အရိပ်အောက်မှာ ဖြူစင်မှုများစွာနဲ့ ခြောက်နှစ်လောက်နေခဲ့အပြီးမှာတော့ ဘယ်လိုပယောဂတွေ ဖိစီးလာသလဲ မပြောတတ်ပါဘူး။ လူပျိုဖြစ်စ အရွယ်လောက်မှာ မသင့်တော်တဲ့ အကျင့်ဆိုးတစ်ခုကို ပြုမူပြီး လူထွက်သွားကြောင်း သိလိုက်ရပါတယ်။ ကျောင်းပြင်ဖို့ ဆရာတော်သိမ်းထားတဲ့ ငွေနှစ်သောင်းကို ခိုးယူပြီး လူထွက်သွားတာဆိုတော့ ဆရာတော်လည်း တော်တော်လေးကို စိတ်ဆိုးတာပေါ့လေ။ ကျွန်တော့်ဆီ ရောက်လာခဲ့ရင် လက်မခံဖို့အထိ ဆရာတော်က သတိပေးပါသေးတယ်။ ဒါပေမဲ့ ကောင်လေး တစ်ယောက် လူထွက်ပြီး တစ်ပတ်အကြာမှာတော့ ကျွန်တော့်အိမ်ကို ညဘက်ကြီး ရောက်လာခဲ့ပါတယ်။

"ဟာ... ကိုရင်... အဲ ဘယ်လိုခေါ်ရမလဲ မသိဘူး"

"ဟို... ဒကာကြီး၊ အဲ... အစ်ကိုကြီး ကြိုက်သလို ခေါ်ပါ။ ကိုရင့်မှာ... အဲ ကျွန်တော့်မှာ နာမည်မှမရှိဘဲ"

"ဟ... မင်း ဆရာတော်ကျောင်းရောက်တာ ကိုးနှစ်သား ရှိနေပြီဥစ္စာ၊ မင်းမိဘပေးခဲ့တဲ့ နာမည်တော့ ရှိမှာပေါ့"

"ဟို... ဟို ရှိ၊ အဂ်ါသားဆိုတာတော့ သိပါတယ်။ အစ်ကိုကြီး ကြိုက်သလို ခေါ်ပါ။ ကျွန်တော် ဒီမှာနေပါရစေနော်၊ အစ်ကိုကြီး"

"ကောင်းကွာ၊ အေး နေချင်နေပေါ့။ ကဲ...ကဲ ဒါဆိုရင် ငါ မင်းကို နာမည်ပေးမယ်။ ကိုရင်ဇနက္က အင်္ဂါသားဆိုတော့ စိုးမင်း၊ အင်း... စိုးဝင်း... ရှုပ်ပါတယ်ကွာ၊ ကောင်လေးလို့ပဲ ခေါ်မယ်။ မကောင်းဘူးလား"

"ဗျာ... ရပါတယ်၊ အစ်ကိုကြီး ကြိုက်သလိုသာ ခေါ်ပါ"

mgyoe.com

mgyoe.com

ဆရာတော့်စကားကို အာခံတာ မဟုတ်ဘဲ ဒီလောက် မြင့်မြတ်သန့်စင်တဲ့ဘဝကနေ ရှုပ်ထွေးပွေလီတဲ့ လူ့လောကထဲကို အမည်းစက်ကြီးနဲ့ ကူးပြောင်းလာတဲ့ ကောင်လေးရဲ့ လုပ်ရပ်ကို သိချင်တာတစ်ခုတည်းနဲ့ ကျွန်တော် လက်ခံထားလိုက်ပါတယ်။ ဘယ်က ရလာမှန်းမသိတဲ့ အဝတ်ဟောင်းအိတ်ကလေးကိုဖွင့်ပြီး ငွေတစ်သောင်းတိတိ ကျွန်တော့်ဆီ အပ်လာတဲ့အခါမှာတော့ အံ့ဩသလိုလို ဖြစ်သွားရပါတယ်။

"ဒီပိုက်ဆံတွေ ဘယ်ကရလာသလဲ ကောင်လေး"

"ဆရာတော် မသိအောင် ယူခဲ့တာပါ။ ဟို ကျွန်တော် အစ်ကိုကြီးဆေးဆိုင်မှာ ဝိုင်းလုပ်ချင်ပါတယ်။ ပိုက်ဆံရရင် ဆရာတော့်ကို ပြန်ဆပ်ချင်လို့ပါ။ ကျွန်တော့်ကို ကြိုက်သလောက်ခိုင်းပါ အစ်ကိုကြီးရယ်နော်၊ ကျွန်တော် ကောင်းကောင်းမွန်မွန်နေပါ့မယ်။ ဆရာတော့်ပိုက်ဆံ တစ်ဝက်ပဲ ကျွန်တော့်လို့ပါ"

ကောင်လေးရဲ့ စိတ်ထားကို ကျွန်တော် သဘောကျသွားတာ အမှန်ပါပဲ။ အများကြီးတော့ မယုံစားရဲသေးပါဘူး။ ဒီလိုနဲ့ပဲ အိမ်မှာခေါ်ထားလိုက်ပြီး ကျွန်တော့်ဆေးဆိုင်မှာပဲ စရိတ်ငြိမ်း တစ်လငါးထောင်နဲ့ ခိုင်းထားလိုက်ပါတယ်။ ဆရာတော့်ပိုက်ဆံကို ကျွန်တော် သွားဆပ်တဲ့အခါမှာတော့ ဆရာတော် ဆူပူကြိမ်းမောင်းသမျှ ငြိမ်ခံပြီး ပြန်လာရတာပါပဲ။ ကျွန်တော့်ဆီရောက်ပြီး ခြောက်လလောက်ကြာလာတဲ့အထိ ကောင်လေးဘက်က ဘာမှမဖောက်ပြန်ခဲ့သလို ပိုက်ဆံခိုးပြီး လူထွက်ရခြင်း အကြောင်းရင်းကိုလည်း မေးလို့မရခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ် ဆိုင်မှာလည်း အပိုးကျိုးသလို အိမ်မှုကိစ္စတွေပါ အကုန်လုပ်ပေးတတ်တဲ့ ကောင်လေးဟာ ကျွန်တော့်ကို သူ့မိဘလောက်နီးနီး တွယ်တာခဲ့သလို ကျွန်တော့်ဘက်ကလည်း တူသားနောင်မယ် တစ်ယောက်လို တွယ်တာခဲ့ရတာပါပဲ။

* * *

[ ၂ ]

အစ်ကိုကြီး

*အိပ်ပျော်နေလို့ မနှိုးချင်တာနဲ့ ကျွန်တော် ပိုက်ဆံနှစ်ရာ နှိုက်ယူသွားပါတယ်။ ဗီဒီယို သွားကြည့်ချင်လို့ပါ။*

*ကောင်လေး*

စာဖတ်ပြီး စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားတဲ့ ကျွန်တော်ဟာ အိပ်ရာဘေးက ပိုက်ဆံအိတ်ကို ပြန်စစ်ကြည့်တဲ့အခါမှာတော့ ငွေနှစ်ရာပဲ လျော့နေပါတယ်။ စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက်နဲ့ ကောင်လေးလုပ်သွားပုံဟာ ဖွတ်တရွတ်ဆန်တယ်လို့တော့ တွေးဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အကျိုးသင့်အကြောင်းသင့် စာရေးသွားတာကိုတော့ ကျေးဇူးတင်ရမှာပေါ့လေ။ ကျွန်တော်က အပိုမုန့်ဖိုးမှ မပေးဘူးတာကိုး။ စိတ်ထဲ နည်းနည်းမျက်သွားတာက ကျွန်တော့်ကို ကြိုပြောခဲ့ရင် ဒီထက်မက ပိုပေးပြီး သွားခွင့်ပြုမှာပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီကိစ္စမျိုးကို ဂရုတစိုက်နဲ့ မမေးခဲ့သလို ကောင်လေးကလည်း သူ့ဆန္ဒကို ထုတ်မပြောဘဲ ဒီလိုလုပ်သွားလေတော့ ကျွန်တော်တို့နှစ်ယောက်ကြားမှာ တစ်ခုခု လွဲနေပြီလို့ ထင်လိုက်ပါတယ်။ အိမ်မှာ တီဗွီတစ်လုံးတော့ ရှိပါတယ်။ ကျွန်တော်တို့နှစ်ယောက် ညနေပိုင်း ဆိုင်သိမ်းပြီး ပြန်လာတိုင်း ကောင်လေးဟာ အိမ်မှာပဲ နေတာများပါတယ်။ အပြင်ထွက်ပြီး ဗီဒီယိုသွားကြည့်ခြင်းဟာ ဒါ ပထမဦးဆုံးအကြိမ်ပေါ့လေ။

အတွေးပွားရင်းနဲ့ စိတ်ထဲ ဆန်းသလိုလိုဖြစ်လာတာကြောင့် ဗီဒီယိုရုံဘက် လျှောက်ခဲ့မိပါတယ်။ ပြနေတဲ့ ကားက စစ်ကား၊ ဇာတ်ကြမ်းဆိုတော့ ကောင်လေးကြည့်ချင်ရှာမှာပဲလို့ တွေးပြီး ပြုံးမိပါသေးတယ်။ အောက်စက်တစ်လုံးလောက် ဝယ်သင့်ပြီလို့လည်း စိတ်ကူးလိုက်ပါသေးတယ်။ ဒါပေမဲ့ ရုံထဲဝင်ပြီး အကဲခတ်ကြည့်တဲ့အခါမှာတော့ ကောင် လေးကို မတွေ့ရပါဘူး။ ညကိုးနာရီ ဗီဒီယိုပြီးလို့ လမ်းထဲ ကလူတွေ ပြန်လာတဲ့အထိ ကောင်လေးပေါ်မလာတဲ့အတွက် စိတ်ဆိုး၊ စိတ်ပူဖြစ်နေတဲ့ ကျွန်တော်ဟာ အိမ်ရှေ့မှာထိုင်ရင်း ကောင်လေးကို စောင့်နေမိပါတယ်။ တော်တော်လေးကြာမှ ခပ်ကုပ်ကုပ်ပုံစံနဲ့ ကောင်လေးပြန်ရောက်လာပါတော့တယ်။

"ကောင်လေး... မင်း ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဟို... ကျွန်တော် အိပ်ရာဘေးမှာ စာထားခဲ့ပါသေးတယ်"

"အေးလေ... ငါမြင်ပါတယ်။ နောက်ကို စာတစ်တန်ပေတစ်တန်နဲ့ မပြောရဲ၊ မဆိုရဲမလုပ်နဲ့။ မင်းသွားချင်ရင် ငါ့ကို ကြိုပြောပေါ့။ နေပါဦးကွ၊ ငါလည်း ဗီဒီယိုရုံဘက် ရောက်ပါတယ်။ မင်းကို မတွေ့ပါဘူး။ ကဲ... မင်းဘယ်ကို

mgyoe.com

mgyoe.com

သွားတာလဲ"

"ဟို ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာပါ"

"တောက်... အဲဒီလို လက်တစ်လုံးခြားလိမ်တာကို ငါအမုန်းဆုံးပဲ။ မင်းရေးသွားတာနဲ့ လုပ်တာနဲ့ တခြားစီပဲ။ နောက်ဒါမျိုး မလုပ်နဲ့ ငါမကြိုက်ဘူးကွာ"

မျက်ရည်ပေါက်ပေါက်ကျလာတဲ့ ကောင်လေးကို ကျွန်တော် ထပ်မဆူဖြစ်တော့ဘဲ သွားအိပ်ခိုင်းလိုက်ပါတယ်။ သေသေချာချာထပ်မေးရင်လည်း အတိအကျသိရမှာ မဟုတ်တဲ့အတွက် နောင်ဆိုရင် ကောင်လေးကို ဂရုစိုက်ပြီးကြည့်ဖို့ပဲ တွေးထားလိုက်ပါတယ်။ ဆရာတော့် ပိုက်ဆံ ပြန်အပ်ပြီးကတည်းက ကောင်လေးရဲ့လခတွေကို စုထားပေးတာ နှစ်သောင်းလောက်ရှိနေပြီဆိုတော့ သုံးဖို့ဖွဲ့ဖို့ နည်းနည်းပါးပါးထုတ်ပေးရမှာပေါ့လေ။ သူလည်း လူပျိုပေါက်အရွယ်ဆိုတော့ သုံးချင်စွဲချင်ရှာမှာပေါ့။ အတူနေဖြစ်တဲ့ ကာလမှာ ကောင်လေးဘက်က ဖောက်တာဆိုလို့ ဒါ ပထမဦးဆုံးပါပဲ။

ဗီဒီယိုကိစ္စ ပြဿနာတက်ပြီး တစ်ပတ်လောက်အကြာမှာ ညနေဘက်ဆိုင်သိမ်းပြီး အတူပြန်လာကြတဲ့ ကျွန်တော်တို့နှစ်ယောက်ကို နောက်ယောင်ခံပြီး လိုက်ကြည့်နေတဲ့ လူတစ်ယောက်ကို သတိထားမိခဲ့ပါတယ်။ ကောင်လေးရဲ့အသိလားလို့ အကဲခတ်ကြည့်တော့လည်း ဟုတ်ပုံမရပါဘူး။ ကျွန်တော် စိတ်ထင်တာပဲဖြစ်မှာပါဆိုပြီး မေ့မေ့ပျောက်ပျောက် သဘောထားလိုက်ပါတယ်။ ဒါပေမဲ့ မမျှော်လင့်တဲ့ ပြဿနာတစ်ခုဟာ နောက်နှစ်ရက်အကြာမှာ ဖြစ်ပွားခဲ့ပါတော့တယ်။

"ကဲ... ငါ ဆေးဝယ်ဖို့သိမ်းထားတဲ့ ငွေနှစ်သိန်းတိတိ မရှိတော့ဘူး။ အဲဒါ ဘယ်လိုလုပ်ကြမလဲ၊ မင်းပြောစမ်း"

"ဗျာ... ကျွန်တော်လည်း မသိဘူးအစ်ကိုကြီး"

"ဘာမသိတာလဲကွ၊ ဟင်... မင်း သိကိုသိရမယ်။ ဒီအိမ်မှာ မင်းနဲ့ငါနှစ်ယောက်ပဲ ရှိတာ။ ဗီရိုသော့ကလည်း တန်းလန်းကြီးဥစ္စာ။ ကဲ ပြောစမ်းဟေ့ကောင်၊ မင်းယူထားတယ်မဟုတ်လား။ ဟုတ်ပါတယ်... မင်းက ဒါမျိုး ဇ ရှိတဲ့ကောင်ပဲ"

"ကျွန်တော် မယူတာ အမှန်ပါ အစ်ကိုကြီးရာ။ ဆရာတော့်ပိုက်ဆံတောင် မလွဲသာလို့ ကျွန်တော် ယူရတာပါ။ ပြီးတော့ ကျွန်တော် ပြန်ဆပ်ပါတယ်။ အစ်ကိုကြီးပိုက်ဆံကို ကျွန်တော်မယူတာ တကယ်ပါ"

မျက်ရည်ပေါက်ပေါက် ကျလာတဲ့ ကောင်လေးကို ကြည့်ပြီး ကျွန်တော့်ဒေါသတွေ ပိုဆိုးလာတာပါပဲ။

"တိတ်စမ်းဟေ့ကောင်၊ မင်းကို ငါ မသင်္ကာနေတာ ကြာပြီ။ ဟိုတစ်ခါ ဗီဒီယိုမကြည့်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်တယ်ဆိုတာလည်း မဟုတ်ဘူး။ ဆိုင်ရှင်ကို ငါမေးပြီးပြီ။ မင်းကိုက မရိုးသားတာ။ ကဲ ပြောစမ်း... ငါ့ပိုက်ဆံတွေ ဘယ်မှာထားသလဲ။ ဘယ်သူ့ကို ပေးလိုက်သလဲ။ ပြန်မရလို့ကတော့ မင်းကို ငါ ထောင်ထဲပို့မယ်။ မင်းကွာ... တော်တော်ကျေးဇူးကန်းတဲ့ကောင်"

"ကျွန်တော်မှ မယူတာ အစ်ကိုကြီးရယ်။ တစ်ယောက်ယောက် ယူသွားတာ ဖြစ်မှာပေါ့။ ကျွန်တော့်ကို ထောင်ထဲတော့ မပို့ပါနဲ့ဗျာ။ အီး...ဟီး... ဟီး ကျွန်တော် ကြောက်လွန်းလို့ပါ"

ကျွန်တော့်စိတ်ထဲမှာ ဒေါသတစ်ဝက်၊ သနားခြင်းတစ်ဝက်နဲ့ ဒွိဟဖြစ်သွားပါတယ်။ ကောင်လေးငိုနေတာကိုလည်း မမြင်ရက်ပါဘူး။ ဒါပေမယ့် ပိုက်ဆံပျောက်တာက အမှန်ပဲမဟုတ်လား။

"ကဲ... ကောင်လေး အစ်ကိုကြီး ဘာမှမလုပ်ဘူး သိ လား။ ပိုက်ဆံသာ ပြန်ရရင် ကောင်လေးကို ဒီမှာပဲ ဆက်နေခိုင်းမှာပါ။ ကောင်လေးလိုချင်တာတွေ အစ်ကိုကြီး ဝယ်ပေးမယ်လေ။ အစ်ကိုကြီး ဆိုင်မှာ ထပ်ဖြည့်စရာတွေ များနေလို့ပါကွာ။ အဲဒီပိုက်ဆံ ပြန်ရမှ ဖြစ်မှာပေါ့။ ဆိုင်လက်ကျန်ပစ္စည်းအခြေအနေ ကောင်လေးလည်း သိပါတယ်ကွာ နော်။ အစ်ကိုကြီးပိုက်ဆံတွေ ဘယ်မှာထားသလဲ ပြောပြ"

"ကျွန်တော် မယူတာ အမှန်ပါ အစ်ကိုကြီးရယ်။ ကျွန်တော့်ကို မယုံရင် ကျွန်တော့်လခ နှစ်သောင်းရှိတာ အစ်ကိုကြီးပဲ ယူလိုက်ပါ။ ကျန်တာတွေ အလုပ်လုပ်ပြီး ပြန်ဆပ်ပါ့မယ်။ ကျွန်တော့်ကို ထောင်ထဲတော့ မပို့ပါနဲ့နော်၊ ကျွန်တော် ကြောက်လို့ပါ"

"တောက်... ငါကွာ မင်းမခိုးလို့ ဘယ်သူခိုးမှာလဲကွ၊ မင်း သူများပိုက်ဆံ ခိုးဖူးတဲ့ သူခိုးပဲဥစ္စာ"

"ရက်စက်လိုက်တာ အစ်ကိုကြီးရယ်။ အီး ဟီး ဟီး"

ကျွန်တော်တို့နှစ်ယောက် ရဲစခန်းရောက်တဲ့အထိ ကောင်လေးဟာ ရှိုက်ကြီးတငင် ငိုနေခဲ့ပြီး ဘာတစ်ခုမှ စစ်ဆေးလို့မရတော့ပါဘူး။ ငွေဆိပ်တက်ပြီး ဒေါသထွက်တာကတစ်မျိုး၊ မိဘမရှိဘဲ ကျွန်တော့်ကို အားကိုးနေရတဲ့

mgyoe.com

mgyoe.com

ကောင်လေးရဲ့ ဒုက္ခတွေကို စာနာမိတာက တစ်လီနဲ့ ကျွန်တော်လည်း စိတ်ခတ်ကျလာပါတယ်။ စခန်းမှူးကတော့ ကောင်လေးကို ချော့မော့ပြီး စစ်ဆေးပေးပါ့မယ်။ အမှန်ယူခဲ့ရင်လည်း ထိုက်သလိုအရေးယူပေးပါ့မယ်။ တစ်ညလောက်ထားခဲ့ပါဆိုတော့ ကောင်လေးခမျာ ကြောက်လန့်ပြီး ကျွန်တော့်ကို အတင်းဆွဲဖက်ထားတာပါပဲ။ ကျွန်တော်လည်း ခပ်တင်းတင်းအံကြိတ်ပြီး ကောင်လေးရဲ့လက်တွေကို အတင်းပဲ ဆွဲဖြုတ်၊ တွန်းထုတ်ပြီး ရဲစခန်းထဲက ခပ်မြန်မြန်လေး ထွက်လာခဲ့ပါတော့တယ်။ ကောင်လေးရဲ့ ငိုသံတွေကတော့ စခန်းထဲမှာ ဆူညံပြီး ကျန်ခဲ့တာပါပဲ။

"ကျွန်တော့်ကို သနားပါ အစ်ကိုကြီးရယ်... ကျွန်တော် မခိုးပါဘူးဗျာ။ ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့ ပါနဲ့ဗျာ။ အစ်ကိုကြီး၊ အစ်ကိုကြီးရေ... ကျွန်တော် သူခိုး မဟုတ်ပါဘူးဗျာ"

* * *

[ ၃ ]

ကောင်လေးရေ... ရက်စက်မှ ကြေကွဲတယ်ဆိုတဲ့ စကားဟာ မှန်လိုက်တာကွာ။ အစ်ကိုကြီးဘက်က ရက်ရက်စက်စက်နဲ့ ရဲစခန်းမှာ ထားခဲ့စဉ်က ကောင်လေး ကြေကွဲစွာ ခံစားခဲ့ရသလို ကောင်လေးဘက်က ရက်ရက်စက်စက်ထားခဲ့ပြန်တော့လည်း အစ်ကိုကြီး ကြေကွဲစွာခံစားရပါတယ်။ ကောင်လေးရေ... မလွဲသာလွန်းလို့ တစ်ကြိမ်တစ်ခါ မိုက်မဲခဲ့တာလေးကို တေးမှတ်ထားပြီး နောင်ဒါမျိုးပဲ လုပ်ဦးမယ်လို့ အစ်ကိုကြီးဘက်က အတတ်တွက်ထားတာကို ဝန်ခံပါတယ်။ အစ်ကိုကြီးစိတ်ထဲမှာ မပွင့်လင်းခဲ့တဲ့ကောင်လေးအပေါ် သံသယတွေနဲ့ ပြည့်လျှံနေခဲ့တာကိုလည်း ထပ်ပြီးဝန်ခံပါတယ်။ ရဲစခန်းမှာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကောင်လေးကို ပစ်ထားခဲ့မိတဲ့ အစ်ကိုကြီးရဲ့ အတ္တတွေဟာ ဆရာတော်ရှင်းပြမှ အဖြစ်မှန်တွေ သိလိုက်ရတဲ့အတွက် ပူလောင်စွာနဲ့ပဲ ယူကျုံးမရဖြစ်ရပါတယ်ကွာ။

"လောကီဘုံသားတွေသည်လည်း ရှုပ်ထွေးပွေလီတာပါပဲလား ဒကာကြီး။ ဘုန်းကြီးငွေတွေ ခိုးသွားစဉ်က ဒီကောင်လေးကို တော်တော်စိတ်ဆိုးတာတော့ အမှန်ပဲကွယ့်။ နောက်တစ်ခါ ဒကာကြီးခေါ်ထားပြန်တယ်ဆိုတော့ ဘုန်းကြီးလည်း ဒုတိယအကြိမ် အကုသိုလ်ပွားပြီး ဒေါသဖြစ်ရပြန်ရော။ ဟော... တစ်နေ့ကမှ 'လူထွက်ဇနက္ကရဲ့စခန်းရောက်နေလို့ ကယ်ပါဦးဘုရား' ဆိုပြီး ရဲသားတစ်ယောက်နဲ့ စာပေးလာလို့ ဘုန်းကြီးလည်း သံယောဇဉ်ကြောင့် လိုက်ချသွားတာပေါ့လေ။ အဲဒီရောက်မှ အဖြစ်မှန်တွေ သိရတာကိုး။ ဒီကလေးရဲ့ ဇာတိက မော်လမြိုင်ကတဲ့။ လှိုင်သာယာပြောင်းလာပြီး တစ်နှစ်မပြည့်ခင်မှာ သူ့အမေက မဟုတ်တာလုပ်စားရင်း ပြစ်မှုပေါင်းစုံနဲ့ ထောင်ကျနေတာတဲ့။ အဲ ဒါ ပထွေးလုပ်သူက မဝရေစာကျွေးပြီး နေ့စဉ်နဲ့အမျှ ဆဲဆို၊ ရိုက်နှက်နေတာကို ကြောက်လန့်ပြီး ထွက်ပြေးရင်းက ကျုပ်ကျောင်းရောက်လာခဲ့တာကိုး"

"ဟော... ခမျာလေး တည်တည်ငြိမ်ငြိမ်နဲ့ သာသနာ့ဘောင်မှာ ငြိမ်းချမ်းမယ်လို့မှ မကြံသေးဘူး။ ဆွမ်းခံကြွရင်း ပထွေးနဲ့ ပြန်ဆုံတယ်တဲ့။ သူ့အမေ မြန်မြန်လွတ်အောင် ငွေရှာခိုင်းတဲ့ ပထွေးစကားကို ယုံပြီး ဘုန်းကြီးရဲ့ ငွေတွေယူလို့ လူထွက်လိုက်ရတာကိုး။ 'လူဝတ်လဲပြီးမှ ယူတာပါဘုရားတဲ့၊ ကိုရင်ဝတ်နဲ့ ယူမိရင် သံသရာမှာပိုပြီး အပြစ်ကြီးတာလည်း သိပါတယ်တဲ့၊ ဘုန်းကြီးမကြားအောင် အမေလွတ်ပြီးမှ အလုပ်လုပ်ရင်း ပြန်ဆပ်ပါ့မယ်ဘုရားလို့ တိုးတိုးလေးပြောပြီး ယူတာပါဘုရား"တဲ့။ နောက်တော့ သူ့ပထွေး မရိုးသားတာကို ရိပ်မိပြီး တစ်ပြားမှမပေးဘဲ တစ်ပတ်လောက် ကြုံသလိုနေထိုင်စားသောက်ပြီး ဒကာကြီးဆီ ရောက်လာတာပါပဲ"

"ဒကာကြီးဆီက ငွေနှစ်ရာ ယူသွားတာကလည်း ပထွေးက ခြိမ်းခြောက်ပြီး လာခေါ်လို့တဲ့။ ဒကာကြီးကို နှိုးပြီးပြောပြရင်လည်း သူ့အမေအကြောင်း သိသွားမှာ၊ ပထွေးရန်ရှာမှာ ကြောက်လို့ပါတဲ့။ 'အဲဒီတစ်ခါပဲ အစ်ကိုကြီးကို လိမ်ပြောမိတာပါဘုရား'တဲ့။ ငွေမပျောက်ခင် နှစ်ရက်လောက်က ပထွေးလိုက်လာတာ သိပေမယ့် ဒကာကြီးအားကိုးနဲ့ မသိသလိုမကြောက်သလို နေခဲ့ပါတယ်တဲ့။ ငွေနှစ်သိန်းပျောက်တော့ ပထွေးပဲ ခိုးမယ်ထင်ပေမယ့် သေသေချာချာမသိဘဲ၊ မမြင်ဘဲစွပ်စွဲရင် အပြစ်ဖြစ်မှာစိုးလို့ ဖွင့်မပြောရဲတာတဲ့။ ဘုန်းကြီးသင်ပေးခဲ့တဲ့ လောက၊ ဓမ္မအကြောင်းတွေ ခေါင်းထဲဝင်နေလို့ လူတွေနဲ့ပတ်သက်လာရင် အပြစ်မဖြစ်အောင် နေပါတယ်ဆိုပြီး ငိုယိုပြောပြတာ ဒကာကြီးရေ... သနားစရာပေါ့လေ။ အခုတော့ ဒကာကြီးငွေပျောက်တာ သူ့ပထွေးလက်ချက်မှန်း ရဲတွေကသိလို့ ဖမ်းထားလိုက်ပြီပေါ့။ အိမ်တံခါးတွေကို သေချာမပိတ်တတ်တဲ့

mgyoe.com

mgyoe.com


ဒကာကြီးရဲ့ အပြစ်လည်း ပါတာပေါ့လေ။ ကဲ... အခုတော့ သူ့အမေလည်း ထောင်ထဲမှာပဲ ကုမရတဲ့ရောဂါနဲ့ သေသွားတာကြာပြီမှန်း ရဲစခန်းက စုံစမ်းပေးလို့ သိလိုက်ရတာပေါ့လေ။ စိတ်မကောင်းစရာပဲ ဒကာကြီး။ ဒုက္ခ... ဒုက္ခ"

ဆရာတော်ရဲ့ မိန့်ကြားချက်တွေဟာ အစ်ကိုကြီးကို ရင်ကျိုးစေတာပါပဲ ကောင်လေး။ ရဲစခန်းကနေ အပြစ်မရှိကြောင်း သေချာတာနဲ့ ဆရာတော်နောက် လိုက်သွားခဲ့တဲ့ ကောင်လေးဟာ အစ်ကိုကြီးဆီ ပြန်မလာရဲတော့တဲ့အထိ စိတ်နာကြောက်ရွံ့သွားတာလားကွာ။ ဆရာတော်ဆီက လမ်းစရိတ်တောင်းပြီး ကောင်လေးရဲ့မွေးရပ်မြေ မော်လမြိုင်က ရွာလေးကို လူကြုံနဲ့ ပြန်သွားပြီဆိုတာတော့ ကောင်လေးပေးသွားတဲ့စာအရ အစ်ကိုကြီး သိလိုက်ရပါတယ်။

အစ်ကိုကြီး

ကျွန်တော် သူခိုးမဟုတ်ပါဘူးနော်။ အခုဆိုရင် ကျွန်တော့်ကို မကောင်းတဲ့မိန်းမကြီးရဲ့သား၊ ပိုက်ဆံခိုးတဲ့ ပထွေးရဲ့သားလို့ အစ်ကိုကြီးသိသွားပြီပေါ့နော်။ အမေ့သားဖြစ်ရတာကို ကျွန်တော်မရှက်ပါဘူး အစ်ကိုကြီးရယ်။ အမေ့အကြောင်း လူတွေသိသွားမှာပဲ ကျွန်တော်ရှက်ပါတယ်။ အမေလည်း ထောင်ထဲမှာ ဆုံးသွားတာကြာပြီလို့ ရဲကြီးတွေက ပြောပြပါတယ်။ ကျွန်တော်လေ... အမေ့ကို လွတ်စေချင်လို့ ဆရာတော့်ပိုက်ဆံတွေ ယူမိတာပါ။ အစ်ကိုကြီးဆီမှာနေတော့လည်း အစ်ကိုကြီးစိတ်ဆင်းရဲမှာစိုးလို့ ကျွန်တော့်အကြောင်းတွေ၊ ပထွေးခေါ်လို့ လိုက်သွားတာတွေ မပြောခဲ့တာပါ။ ကျွန်တော့်မှာလေ... ဆရာတော်မသိအောင် ပိုက်ဆံတွေယူမိတဲ့အပြစ်နဲ့ အစ်ကိုကြီးကို ဗီဒီယိုကြည့်မယ်ဆိုပြီး လိမ်ပြောခဲ့တဲ့ အပြစ်ပဲရှိပါတယ်နော်။ အစ်ကိုကြီးပိုက်ဆံ နှစ်သိန်းကို ပထွေးခိုးသွားတဲ့အကြောင်း ကျွန်တော်လာပြောချင်ပေမဲ့ အစ်ကိုကြီးကိုကြောက်လို့ မလာရဲတော့ပါဘူး။

ကျွန်တော်လေ... လူတွေကို တော်တော်ကြောက်ပါပြီ အစ်ကိုကြီးရယ်။ အဲဒါကြောင့် အမေတို့ရွာက ဘုန်းကြီးကျောင်းမှာပဲ ကိုရင်အပြီးဝတ်ဖို့ မော်လမြိုင်ပြန်သွားပါပြီ။ အစ်ကိုကြီးရေ... အဖေ့ကို ကျွန်တော် မမြင်ဖူးပါဘူး။ အမေပေးခဲ့တဲ့နာမည် ကျွန်တော့်မှာ ရှိပါတယ်။ အစ်ကိုကြီးခေါ်သလို 'ကောင်လေး'လို့ပဲ အမေပေးခဲ့တာပါ။ အစ်ကိုကြီးက အမေခေါ်သလို ခေါ်လိုက်တိုင်း ကျွန်တော့်စိတ်ထဲမှာ အစ်ကိုကြီးဟာ ကျွန်တော့်အဖေဖြစ်ရင် သိပ်ကောင်းမှာပဲလို့ ညတိုင်းစဉ်းစားပါတယ်။ ညတိုင်းလည်း အစ်ကိုကြီး မသိအောင် ကန်တော့ခဲ့ပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးဆီတော့ ကျွန်တော်ပြန်မလာရဲတော့ပါဘူး။ ကျန်ခဲ့တဲ့ ကျွန်တော့်ပိုက်ဆံတွေကို ဆရာတော်နဲ့ အစ်ကိုကြီးအတွက် တစ်ဝက်စီခွဲပြီး ကျွန်တော် ကန်တော့ခဲ့ပါတယ်။ ဆရာတော်နဲ့ အစ်ကိုကြီး ကျန်းမာ၊ ချမ်းသာပါစေလို့ ကျွန်တော် ဆုတောင်းနေပါတယ်။

အစ်ကိုကြီးရဲ့ညီ
ကောင်လေး

ရင်ကျိုးတာနဲ့ ရင်ကွဲနာကျတာဟာ ဘယ်လိုမျိုးလဲလို့ အစ်ကိုကြီးသိချင်လိုက်တာ ကောင်လေးရေ။ အစ်ကိုကြီးခံစားနေရတာထက်တော့ ပိုနိုင်မယ်မထင်ပါဘူးကွာ။ ကောင်လေးကန်တော့ခဲ့တဲ့ ပိုက်ဆံတွေကို ဆရာတော်နဲ့ အစ်ကိုကြီးမယူရက်လို့ မိဘမဲ့ဂေဟာမှာ ကောင်လေးနာမည်နဲ့ လှူဒါန်းပေးလိုက်ပါတယ်။ ကောင်လေးဘဝ အေးချမ်းသာယာစေဖို့လည်း အစ်ကိုကြီးဆုတောင်းပေးခဲ့ပါသေးတယ်။ ကောင်လေးရေ... မင်းနေတဲ့ရွာကို စုံစမ်းပြီး အစ်ကိုကြီးရောက်လာဦးမှာပါကွာ။ အဲဒီအခါကျရင် ဘုရားသားတော်ဖြစ်နေမဲ့ လူငယ်သလောက် စိတ်သဘောထား ပြည့်ဝတဲ့ ကောင်လေးကို ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လို့ ဝန်ချတောင်းပန်ပါဦးမယ်။

အခုချိန်မှာတော့ ကောင်လေးထားခဲ့တဲ့ အဝတ်အစားအိတ်ကလေးကိုကြည့်ပြီး ကောင်လေးငိုခဲ့ရတဲ့ မျက်ရည်တွေအတွက် တန်ရာ၊ တန်ကြေး ဝဋ်ကြွေးတစ်ခုကို အစ်ကိုကြီး ပေးဆပ်နေရပါပြီ ကောင်လေးရေ။

ထွန်းတောက်ထွဋ်(သချာ)


mgyoe.com

mgyoe.com

# ငိုမလိုရယ်မလို ယောင်ကာမဲ့မိ

သာလွန်ကျော်

[ ၁ ]

"ကလုံ ကလုံ ကလုံ"

ညနေချိန်ဆိုလျှင် ရွာထဲမှာ ကာလသားပေါက်တစ်သိုက်သည် သူတို့၏ နွားသိုးပေါက်များကို ခြုံများ၊ ကလုံများဆွဲ၍ ရွာပတ်မောင်းကာ ထမ်းပိုးကျင့်လေ့ ရှိကြသည်။ ထမ်းပိုးကျင့်သည်ဆိုသည်မှာ လှည်းတွင်တပ်၍ ခိုင်းရန်ကျင့်ခြင်းဖြစ်သည်။ တချို့က အလှမောင်းကြခြင်းဖြစ်သည်။ ရွာကိုပတ်၍ သုံးလေးပတ်ရှိလျှင် ကျွန်တော့်ဘကြီးအိမ်သို့ဝင်ကာ သူတို့နွားများကို မောင်းပြလေ့ရှိသည်။

ကျွန်တော့်ဘကြီးသည် နွားပွဲစား၊ နွားချင်းလဲသမားဖြစ်သည်။ နွားအကြောင်း နားလည်သည်။ နွားကုတတ်သည်။ နွားချိုချွန်လျှင်၊ နွားဝှေးသင်းလျှင်၊ နွားနဖားဖောက်လျှင်၊ နွားနေမကောင်းလျှင် သူ့ကို လာခေါ်ရသည်။ လာသမျှသော နွားများကို ကြည့်ရှုအကဲခတ်ပေးသည်။ ကာလသား တစ်သိုက်သည်လည်း ဘကြီး၏ မှတ်ချက်ကို သဘောတကျကျနှင့် ခံယူလေ့ရှိသည်။

"စိန်တုတ်နွားက အလှသားကွ၊ အပေါက်အဆက်နည်းနည်းကျဲတယ်"

"စိန်ကုလားနွားက ကြိမ်တို့မခံဘူးကွ၊ အတော်ဆတ်တာပဲ"

"ညိုလုံးနွားက အမွေးကောင်းသဟ၊ အစားကောင်းအောင်ကျွေး"

ဘကြီးက နွားတစ်ကောင်စီကို မောင်းရင်း၊ အမွေးသပ်ရင်း၊ သွားဖြဲကြည့်ရင်း ပြောပြနေတတ်သည်။ ကျွန်တော်လည်း ဘကြီးတို့နွားဝိုင်းတွင် ငေးမောကာ နွားစကားများကို နားထောင်တတ်၊ လေ့လာတတ်သော ဝါသနာပါလာသည်။

"ငလုံးရေ... နွားမောင်းသွားရအောင်ဟေ့"

အိမ်အပြင်ဘက်မှ သူငယ်ချင်းများဖြစ်ကြသော ထွန်းပနှင့် ဖိုးပိန်တို့ကို နွားပေါက်ကိုယ်စီနှင့် တွေ့ရသည်။ ကျွန်တော်သည် ကျထားသည်မှာ ခုနစ်လ၊ ရှစ်လရှိပြီဖြစ်သော ချည်တိုင်မှ နွားပေါက်ကလေးကို ကြိုးဖြေသည်။

လည်ပင်းကြိုးကိုဖြုတ်၍ နှတ်သီးတွင် ပါးချပ်စွပ်သည်။ ထွန်းပတို့နှင့်အတူ ရွာပတ်၍မောင်းရန် အိမ်မှထွက်ရာ နွားငယ်သည် မိခင်ထံ အတင်းရုန်းကန်ဆွဲပြေးသဖြင့် ကျွန်တော်ပင် ကြိုးနောက်မှ တရွတ်ဆွဲပါသွားသည်။

mgyoe.com

"အဘရေ… လုပ်ပါဦး"

နွားဆွဲရာနောက် ကြိုးမလွှတ်ဘဲ ဟစ်အော်ရင်း ကုန်းကုန်းကြီးပါသွားသော ကျွန်တော့်ကိုကြည့်ကာ ကာလသားတစ်သိုက် ရယ်နေကြသည်။ ဘကြီးလာ၍ ကူဆွဲကာ ပါးချပ်ကို သေသေချာချာပြင်ပေးမှ ကျွန်တော့်နွားကို ကျွန်တော် ကောင်းကောင်းကိုင်နိုင်တော့သည်။

"ဘကြီး… ဒီကောင့်ကို နဖားကြိုး ထိုးပေးစမ်းပါဗျာ၊ လမ်းကျရင် ကျွန်တော် မနိုင်ဘူး၊ ဟိုဝင်သည်ဝင်နဲ့"

"ငါ့မြေးရ၊ အခါမလည်ဘဲနဲ့ နှားဖောက်လို့ ဘယ်ရဦးမလဲကွ"

"ဟာဗျာ၊ နဖားကြိုးတပ်မှ နိုင်မှာအဘရ။ သူဆွဲတိုင်း လိုက်နေရတယ်"

"အေး အေး၊ ဒီတစ်ခါ နဖားကြိုးသည် နွားကျောင်းပိတ်ရက်လာရင် မင်းနွားလည်း အခါလည် အကိုက်ပေါ့။ ငပြောင်းလာမှာပါကွ"

ငပြောင်းဆိုသည်မှာ မြိုင်နယ်ရွာတစ်ရွာမှ နဖားကြိုး ကျစ်ရောင်းသူဖြစ်သည်။ သူသည် နွေကျောင်းပိတ်ရက်တွင် ကျွန်တော်တို့ရွာဘက် ရောက်လာလေ့ရှိသည်။ သူ့နဖားကြိုးတွေက ချောလည်းချော၊ ခိုင်လည်းခိုင်သည်။ သူကိုယ်တိုင် ကျစ်ထားခြင်းဖြစ်သည်။ ဘကြီးက သူ့နဖားကြိုးများကိုသာ အမြဲသုံးစွဲလေ့ရှိသည်။

"ကိုပြောင်းကလည်းဗျာ၊ လာခဲလိုက်တာ"

* * *

[ ၂ ]

"နဖားကြိုးတွေ ရမယ်၊ နဖားကြိုး"

ဟော… ကျွန်တော်မျှော်နေသော ကိုပြောင်း၏အသံ။ ကျွန်တော် အိမ်ဝမှ ပြေးမျှော်မိသည်။ ဘကြီးက "လာမှာပါကွ၊ ယူနေကျဖောက်သည်တွေပဲ" ဟု ကျွန်တော့်ကို ငေါက်ဆတ်ဆတ်ပြောသည်။ ဘကြီးစကားမဆုံးသေး ကျွန်တော်တို့အိမ်ရှေ့သို့ ချိုးကွေ့လာသည်။

ပခုံးတွင် စလွယ်သိုင်း၍လည်းကောင်း၊ လက်တစ်ဖက်တွင် လျှို၍လည်းကောင်း နဖားကြိုးများသိုင်းကာ၊ လျှိုကာနှင့် ပြုံးဖြီးဖြီးမျက်နှာနှင့် ကိုပြောင်း ဝင်လာသည်။ သူသည် ခြေတစ်ဖက် ထော့နဲ့ထော့နဲ့နှင့်လျှောက်ကာ စုတင်ပေါ်ဝင်ထိုင်သည်။ နဖားကြိုးတွဲများ ဖြေ၍ပြသည်။

"ဟောဒါက ဖောက်ကြိုး၊ ဒါက လဲကြိုး၊ ဒီဟာယူ၊ ဒါက အထဲက ပိုက်ဆံလျှော်ထည့်ကျစ်ထားတာ"

ဘကြီးသည် ကိုပြောင်းထံမှ နဖားကြိုးတစ်ချောင်းကိုယူ၍ အဖျားမှကိုင်ကာ ထောင်လိုက်သည်။ နဖားကြိုးသည် တောင့်နေသဖြင့် ကွေးညွတ်မသွားဘဲ ထောင်မတ်နေသည်။

"စိတ်ချပါ ဗိုလ်ရန်ရှောင်ရဲ့၊ ကျုပ်နဖားကြိုးတွေက ကျုပ်ကိုယ်တိုင် ကျကျနန ကျစ်ထားတာပါ"

"ငါကလည်း မင်းနဖားကြိုးမှ တစ်နှစ်စာ ဝယ်သုံးတာပါဗျာ။ ဈေးတော့ အနည်းဆုံးထားယူကွ၊ ဖောက်ကြိုးနှစ်ချောင်းနဲ့ လဲကြိုးငါးချောင်းယူမယ်"

ကိုပြောင်းသည် စပ်ဖြီးဖြီးမျက်နှာဖြင့် "ရပါတယ်ဗျာ၊ ကိုယ့်လူကိုယ့်ဟာတွေပဲ၊ ပြောနေစရာမှတ်လို့။ တစ်ချောင်း ငါးမတ်ရောင်းတယ်။ တစ်ကျပ်နှုန်းနဲ့ပဲ ယူလိုက်" ဟု ပြောသည်။

"အေး အေး… မင်း ထမင်းမစားရသေးဘူးလား၊ မိနီရေ… ငပြောင်းကို ထမင်းကျွန်ကျွေးလိုက်စမ်း"

နဖားကြိုးများ စိတ်ကြိုက်ရွေးရင်း ဘကြီးသည် သမီးဖြစ်သူကို လှမ်းပြောလိုက်သည်။

ထမင်းကျွန်တစ်ဇလုံကို အားရပါးရစားနေသော ကိုပြောင်းကို ကျွန်တော် ငေးကြည့်နေမိသည်။ လက်ပြင်ကုန်းကုန်း၊ အသားက ခပ်မည်းမည်း၊ သွားအနည်းငယ် ခေါသည်။ ထန်းလျှော်ထားသဖြင့် ခြေတစ်ဖက် ဆာနေသည်။ မျက်နှာက ပြုံးမှာလိုလို၊ မဲ့တော့မယောင်ယောင် ဖြစ်နေတတ်သည်။

သူ ထမင်းစားပြီးလျှင် ဘကြီးနဖားဖောက်ရာသို့ ဝင်၍ ကူပါသည်။ နွားလေးကို ညှပ်တိုင်အတွင်းသွင်းပြီး ရှားနစ်တုတ်ချွန်ဖြင့် နှာနကို ထိုးဖောက်သည်။ နွားကလေးမှာ နှာလွန်းရာ၍ထင့် တဘူးဘူး၊ တဘဲဘဲအော်နေသည်။ ကျွန်တော်သည်လည်း သနားရကောင်းမှန်းမသိ။ ဘကြီးနှင့် ကိုပြောင်းလုပ်သမျှ မျက်တောင်မခတ် ငေးနေသည်။

"အင်း… ဒီတစ်ခါ ရွှေနီ နဖားဖောက်ပြီးရင် ငါ သူ့ကို ကောင်းကောင်းနိုင်တော့မယ်" ဟုတွေးကာ ပျော်နေမိသည်။

အတန်ကြာတော့ ရွှေနီကို နဖားဖောက်ခြင်းကိစ္စ ပြီးသွားသည်။ ကိုပြောင်းက "ကောင်လေး၊ နဖားကြိုးကို

mgyoe.com

mgyoe.com


ခဏခဏလှည့်လှည့်ပေး၊ သုံးလေးရက်ရှိမှ အနာကျက်မှ မောင်းဗျ။ ဖောက်ကြိုးနဲ့ လဲတပ်ပြီးရင် မင်းရွှေနီတော့ မင်းနိုင်းရာ သူလိုက်မှာပဲ။ မှတ်ထားကွ၊ နွားမှာ နဖားကြိုးက အခရာပဲ။ ဘယ်လောက်ကြမ်းတဲ့၊ ရိုင်းတဲ့နွားပဲဖြစ်ဖြစ် နဖားကြိုးသာ တင်းတင်းကိုင်ထားစမ်းပါဗျာ။ တစ်ခါတည်း ပျော့ပျောင်းသိမ်မွေ့သွားတာပဲ" ဟု ဩဝါဒများ ခြွေနေလေသည်။

* * *

[ ၃ ]

"ဆရာ ဒီကောင့်ကို ကျောင်းအပ်ချင်လို့"

ကျွန်တော်သည် ကျောင်းသားစာရင်းများ ရေးသွင်းနေရင်း အသံကြား၍ မော့ကြည့်လိုက်မိသည်။ ဟင်... ကိုပြောင်းပါလား။ ထုံးစံအတိုင်း ပြုံးမလိုလို၊ မဲ့မလိုလို စပ်ဖြီးဖြီးမျက်နှာထားကို မြင်ရသည်။ သူ့ကို မတွေ့ရတော့သည်မှာ ဆယ့်လေးငါးနှစ်ခန့် ရှိမည်ထင်သည်။ သူက ကျွန်တော့်ကို မှတ်မိပုံမပေါ်။ ကျွန်တော်က အစဖော်ပေးလိုက်သည်။

"ကိုပြောင်း... ကျွန်တော့်ကို မမှတ်မိဘူးလား။ ဟိုပခုက္ကူအရှေ့ဘက် ကျွဲတဲက ဦးရန်ရှောင်ရဲ့ မြေးလေ၊ ခင်ဗျား ကျွန်တော်တို့ရွာလာရင် အိမ်မှာ အမြဲထမင်းစားနေကျ"

"ဩော်... ဆရာလေးက ဗိုလ်ရန်ရှောင်ရဲ့ မြေးကိုး၊ အင်း မှတ်မိပြီ။ အဲဒီတုန်းက ဆရာလေးက ကလေးသာသာပဲ ရှိသေးတာကိုး။ ကျုပ်ရောက်သေးတယ်။ ဗိုလ်ရန်ရှောင်လည်း ဆုံးရှာပြီထင်ရဲ့။ ဆရာလေးတို့ ရွာရောက်တော့ ဆရာလေးတို့ကို မတွေ့ရဘူး"

"ဘယ်တွေ့မလဲဗျ၊ ကျွန်တော်က ကျောင်းသွားနေတာကိုး။ ဘကြီးလည်း ဆုံးကတည်းက ကျွန်တော်တို့လည်း တောင်သူခွင်ဖြုတ်လိုက်တာ။ အဲဒါကြောင့် ခင်ဗျား မရောက်ဖြစ်တော့တာ နေမှာပေါ့။ ကဲ အခု ကျောင်းအပ်မဲ့ကလေးက"

"ဟဲ ဟဲ ကျုပ်သားဗျ၊ နာမည်က တရုတ်ကြီးတဲ့၊ အဲ အဲ သူ့အမေ ချောရင်ကတော့ ခင်မောင်လတ်ဆိုလား၊ ဘာလားပဲတဲ့၊ ဟောဒီမှာ မှတ်စာပါတယ်"

သူကမ်းပေးသော စာရွက်ပိုင်းကလေးကို ယူကာ ဖတ်ရင်း ကလေးကို လှမ်းကြည့်မိသည်။ မျက်ပေါက်ကျဉ်း ကျဉ်း၊ အသားက ခပ်ဖြူဖြူဖြစ်သည်။ ရုပ်က ကိုပြောင်းနှင့် နည်းနည်းမှမဆင်။ အေးလေ... သူ့အမေတူလို့ ဖြူတာဖြစ်ချင်ဖြစ်မှာပေါ့ဟု တွေးမိသည်။ ကျောင်းသားမှတ်ပုံတင်စာရင်းတွင် ဖခင်ဦးပြောင်း၊ မိခင်ဒေါ်ချောရင်တို့၏သား မောင်ခင်မောင်လတ်ဟူ၍ မွေးသက္ကရာဇ်နှင့်တကွ ဖြည့်သွင်းကာ လက်ခံထားပြီး ကိုပြောင်း၏ ဖြစ်စဉ်ကို စပ်စုလိုက်မိသည်။

"ကိုပြောင်းကို ကျွန်တော် ဒီတစ်သက် အိမ်ထောင်မကျတော့ဘူးထင်နေတာဗျ၊ ခင်ဗျားအမျိုးသမီးက ချောရဲ့လား"

"ဟဲ ဟဲ... မြက်က ကျောင်းအောက် လာပေါက်တော့တာကိုး ဆရာရဲ့"

လယ်တီဓမ္မကထိက ဦးလှသိန်း၏စကား ယူသုံးမှန်း ကျွန်တော် သဘောပေါက်ကာ သူနှင့်အတူ လိုက်ပြုံးမိသည်။

"ချောရင်က မန္တလေးမှာ အလုပ်လုပ်တာ ဆရာရဲ့။ ကျုပ် အိမ်ထောင်ကျတာ မကြာသေးဘူး။ ငါးနှစ်လောက်ပဲ ရှိဦးမယ်။ ကျုပ်လည်း အသက်ကြီးမှ အိမ်ထောင်ကျတာ၊ ကျုပ်သားကို သိပ်ချစ်တာ။ ချောရင်ကတော့ မန္တလေးမှာ ပြန်အလုပ်လုပ်နေတယ်။ အဲ ဘုရားပွဲကျရင် ပြန်ပြန်လာတတ်တယ်။ ကြုံရင် ဆရာလေးကို ထမင်းစားဖိတ်ရမယ်။ ကျုပ်မိန်းမက ထမင်းဟင်းချက် အင်မတန်ကောင်းတာကိုး ဆရာရဲ့"

နောက်ထပ်လာအပ်သော ကျောင်းသားမိဘများ ရောက်လာ၍ စကားပြတ်သွားသည်။ ကိုပြောင်းနှုတ်ဆက်သွားသည်ကိုပင် သတိမထားမိလိုက်။ အလုပ်ပါးသွားမှ ရေနွေးသောက်ရင်း လက်ထောက်ဆရာ ဆန်းကြိုင်နှင့် စကားစပ်မိသည်။ ဆန်းကြိုင်သည် ရွာခံကျောင်းဆရာဖြစ်သည်။

"ကိုပြောင်းက ဟိုမြောက်ဘက် နွားပေါက်ရွာက ဆရာရဲ့။ အရင်က ထန်းတက်တာ။ ထန်းလျှောလို့ ခြေတစ်ဖက်မသန်ဘူး။ မအေက မျက်ခမ်းစပ်ကြောင့် မျက်စိမမြင်တော့ဘူး။ သားအမိနှစ်ယောက်တည်း လယ်ကူလီလုပ်၊ အဲ... အားတုန်း နဖားကြိုးကျစ်တာပေါ့ ဆရာရယ်။ ချောရင်က ခပ်လည်လည်ဗျ။ မန္တလေးက အိမ်တစ်အိမ်မှာ ထမင်းချက်လုပ်ရသတဲ့"

ဆန်းကြိုင်ကပြောရင်း ပြုံးနေသည်။ သူ့အပြုံးကို အဓိပ္ပာယ် မဖော်တတ်ပါ။ တစ်စုံတစ်ခုတော့ ပြောစရာရှိနေ

mgyoe.com

 mgyoe.com 

ပေလိမ့်မည်။

"ဒီလိုကွ၊ ကိုပြောင်းက တို့ငယ်ငယ်က တို့ရွာကို လာလာပြီး နဖားကြိုးရောင်းနေကျမို့ ခင်နေတာ။ ရှင်းရှင်း ပြောရရင်ကွာ... သူ့ရုပ်သူ့ရည်နဲ့၊ ဒီလောက်ရိုးချာချာနဲ့ တစ်သက်အိမ်ထောင်မှ ကျပါဦးမလားလို့ တွေးနေမိတာ၊ ခု ရုတ်တရက် သူ့သားတရုတ်ကြီး ကျောင်းလာအပ်တော့ ငါတော့ ငါ့လူဖွံ့လှချည်လားပေါ့။ အတော်အံ့သြ၊ အားကျ သွားတာဗျ။ သူ့သားက သူ့အမေတူတယ်ထင်တယ်၊ ဖြူဖြူချောချောလေးဗျ၊ ကိုပြောင်းနဲ့တော့ နည်းနည်းမှ မတူ ဘူး"

"ချူချူချာချာ ဆရာရယ်၊ သူ့မိန်းမကလည်း ဘယ် ဒီတရုတ်ကြီး အဲအဲ ခင်မောင်လတ်လောက် အသားဖြူမှာ လဲ၊ အသားခပ်လတ်လတ်ပါပဲ။ အဲ ပြောရဦးမယ်။ ဆရာ လူ ကိုပြောင်းက နတ်ကွပ်ဗျ"

"ဟေ..."

ဆန်းကြိုင်စကားကြောင့် ကျွန်တော် အာမေဍိတ် လွှတ်ခနဲထွက်သွားပြီး တရုတ်ကြီး၏ မျက်နှာကို လှမ်း၍ ငေးနေမိလေသည်။

* * *

[ ၄ ]

"လာ ဆရာ ထိုင်၊ ချောရင်ရေ... ထမင်းပြင်တော့ ဟေ့၊ ဆရာလာပြီ"

ကိုပြောင်းက ပြောပြောဆိုဆို သူ့လက်ဖြစ် ထန်း ပလပ်ကုလားထိုင်ကို ခင်းပေးရင်း မီးဖိုတွင်းက ဇနီးဖြစ်သူ ကို လှမ်းအော်ပြောသည်။

"ရပါတယ်၊ ဖြည်းဖြည်းပေါ့၊ အေးအေးဆေးဆေး ခင်ဗျားနဲ့ စကားလေးဘာလေး ပြောရတာပေါ့"

နောပေါက်ရွာတွင် ဘုရားပွဲရှိ၍ ကိုပြောင်းက သူ့ သားမှတစ်ဆင့် ထမင်းစားဖိတ်သည်။ ကုလားထိုင်တွင် ထိုင်ရင်း သူ့အိမ်ကို အကဲခတ်နေမိသည်။ အိမ်မျှောတိုင် မှန်သမျှ သူကြိုးကျစ်ထားသော လက်ရာမကင်းသော ကြောင့် လက်တစ်လုံးခန့် ခွက်ဝင်နေသည်။ အရောင်ဆီ တင်ထားသည်ထက် ပြောင်လက်ချောမွတ်နေလေ၏။ အင်းလေ... တို့ကလေးဘဝကတည်းက သူ နဖားကြိုး ကျစ်ပြီးရောင်းနေတာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ဟု တွေးမိသည်။

"ဆရာ့ရွှေနီလေးက ချစ်စုံကျယ်ပြီး ဘို့လေးက ချိတ် နေတာပဲ၊ အတော်လှတဲ့ နွားလေးနော်"

သူက အမှတ်တရ ရှေးဖြစ်ဟောင်းရှာပြီး ပြောလိုက် သည်။

"ဟုတ်တယ်။ အတော်ခိုင်းကောင်းတဲ့ နွားဗျ။ သုံးမိုး လောက်ခိုင်းရတယ်။ ဘကြီးဆုံးတာနဲ့ ကျွန်တော်တို့လည်း တောင်သူအလုပ် အကုန်ဖြုတ်လိုက်တော့တာ"

ထန်းသားစားပွဲပေါ်သို့ ခင်မောင်လတ်ယူလာသော ထမင်းဟင်းများ စုံလင်စွာ ရောက်နေလေပြီ။

"ဆရာ လက်ဆေး၊ အားမနာနဲ့ စားသာစား၊ ခုလို ကျွေးရတာ အင်မတန်ကြုံခဲတာ။ ချောရင်ကလည်း ရွာပြန် ရောက်နေလို့"

ထုံးစံအတိုင်း ပြုံးမယောင်ယောင်၊ မဲ့မယောင်ယောင် သူ့မျက်နှာထားဖြင့် ကိုပြောင်းက အနားက ယပ်ခတ်၍ စည့်ခံနေသည်။

ချောရင်သည် မီးဖိုထဲမှမထွက်။ လိုသောဟင်းကို ခင်မောင်လတ်က ယူ၍ လိုက်ပေးနေသည်။ ကျွန်တော် တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်လိုက်လျှင် ချောရင် သည် မျက်နှာလွှဲလွှဲသွားတတ်သည်။ မန္တလေးတွင် အနေ များ၍ လူရည်လည်နေသည်ဆိုသော်လည်း ကျွန်တော့်ကို စကားတစ်ခွန်းတလေမျှဖြင့်ပင် ဧည့်မခံ။ ကျွန်တော့်စိတ်ထဲ တွင် စနိုးစနောင့် တွေးမိသည်။ အသားက ခပ်လတ်လတ်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်သင့်သင့်၊ ရုပ်ရည်ကတော့ အတော်အသင့် ပြေပြစ်လေသည်။ ကိုပြောင်းနှင့် ဘယ်လိုမှ မလိုက်ဖက်။

"အားမနာနဲ့ ဆရာ၊ ကျုပ်မိန်းမက ဟင်းချက် သိပ် ကောင်းတာ"

ကိုပြောင်း၏ လေသံမှာ မိန်းမကို အထင်ကြီးခြင်း၊ ပီတိဖြစ်ခြင်းတို့ လွှမ်းနေဟန်ရှိသည်။ ကိုပြောင်း၏ မျက်နှာ ကို ငေးရင်း ဆန်းကြိုင်၏ စကားတစ်ပိုင်းတစ်စကို ကြား ယောင်နေမိသည်။

"ဘေးလူပြောလည်း ဆရာ့လူက ရိုးတာကိုး ဆရာ ရဲ့။ ဘယ်သူကမှ အမုန်းမခံတော့ဘူး။ အများပြောတစ်လ၊ မယားပြောတစ်ည ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ပြီး တော့ ချောရင်ကလည်း မိန်းမလည်၊ နှုတ်သီးကောင်း လှ ပါးဗျ"

"ဆရာ နည်းလှချည်လား၊ စားမကောင်းဘူးလား"

mgyoe.com

mgyoe.com

ကိုပြောင်းစကားကြောင့် အတွေးများပြန်စုမိကာ လက်ဆေးဇလုံတွင် ဆေးရင်း...

"ကောင်းပါ့ဗျာ၊ ကောင်းပါ့၊ ဒီလိုတောမှာ ဟင်းချက်ကောင်းနဲ့ စားရတာ ခင်ဗျားအိမ်တစ်အိမ်ပဲ ရှိတယ်။ ခင်ဗျား မိန်းမရတာ သိပ်ကံကောင်းတာ" ဟု နှစ်သိမ့်လိုက်သည်။

ကိုပြောင်းသည် ထုံးစံအတိုင်း ပြုံးတမဲ့မဲ့မျက်နှာကြီးဖြင့် သူ့ဇနီးမျက်နှာကို လှမ်းကြည့်ကာ တဟီးဟီးရယ်နေလေရှာသည်။

* * *

[ ၅ ]

ကျွန်တော်သည် မြို့အနီးရှိ မူလတန်းကျောင်းတစ်ကျောင်းသို့ ပြောင်းခဲ့ရသည်မှာ ငါးနှစ်ခန့်ရှိခဲ့ပြီ။ နွေကျောင်းပိတ်ရက်တစ်ရက်၌ အိမ်ရှေ့မန်ကျည်းပင်အောက်တွင် ခင်းထားသော သစ်သားခင်းစင်ပေါ် စာဖတ်ရင်း အိပ်ပျော်သွားသည်။

"နဖားကြီး ယူကြဦးမလား နဖားကြီး"

နေပူပူလမ်းပေါ်မှ အော်လိုက်သောအသံကြောင့် လန့်နိုးလာသည်။ တစ်ဆက်တည်း ဒါ ကိုပြောင်းအသံပါလားဟု တွေးမိကာ "နဖားကြီးသည် လာပါဦး" ဟု ခေါ်မိသည်။ ထင်သည့်အတိုင်းပင် ကိုပြောင်းသည် ကျွန်တော်တို့ ကလေးဘဝကအတိုင်း ပခုံးတွင်သိုင်း၍တစ်မျိုး၊ လက်တွင် လျှို၍တစ်သွယ် နဖားကြိုးများဖြင့် ဝင်လာသည်။

"ဟာ ဆရာလေး၊ အင်း... ဆရာလေး ပြောင်းသွားတယ်ဆိုတာ ကြားတော့ ကြားမိသားဗျ။ ကျုပ်လည်း ကျောင်းကို မရောက်ဖြစ်ဘူး။ အခု တရုတ်ကြီးက လေးတန်းရောက်ပြီဗျ"

"ဟုတ်လား၊ ကျွန်တော်လည်း မြို့ကိုပြောင်းရကတည်းက အလုပ်များလို့ ရွာကိုမရောက်ဖြစ်တော့ပါဘူးဗျာ။ တစ်ခါတလေတော့လည်း ရွာရော၊ တပည့်တွေကိုရော သတိရတယ်ဗျ။ ဒါနဲ့ ခင်ဗျားလည်း ခုထိ နဖားကြိုးရောင်းတုန်းလား၊ ခင်ဗျားမိန်းမကရော အခု ရွာမှာပဲလား"

"အင်း အခု မန္တလေးမှာပဲ။ သူက မီးဖွားခါနီးမှ ရွာပြန်လာတာ။ ငွေလည်း လွှဲပါတယ်။ ဒါပေမယ့် ကျုပ်က အလုပ်မရှိရင် မနေတတ်လို့ အားရင် နဖားကြိုးကျစ်နေတာ၊ ပြီးတော့ ဒီဘက်ကတောင်သူတွေကလည်း ကျုပ်နဖားကြိုးမှ ကြိုက်ကြသတဲ့။ ဩော်... ဒါနဲ့ ဆရာ့ကို ပြောရဦးမယ်။ အခု အငယ်မတောင် ကျောင်းအပ်ရတော့မှာ၊ ရုပ်ကတော့ ချောရင်... အဲ ဖိုးတရုတ်အတိုင်းပဲ၊ ဖြူဖြူဖွေးဖွေးကြီး"

သူက ရယ်ကျဲကျဲဖြင့်ပြောသည်။ ကျွန်တော် သူ့ကိုငေးပြီး သူ့သမီး၏ရုပ်ကို သူ့အပြောအတိုင်း ပုံဖော်ယူနေမိသည်။

"ခင်ဗျား ထမင်းစားသွားလေ"

"မစားတော့ဘူးဆရာ၊ ရွာအရောက် ညနေကားကြုံနဲ့ ပြန်မှာ၊ အိမ်မှာ ကလေးနှစ်ယောက်နဲ့ အမေအိုပဲ ရှိတာ၊ သိပ်စိတ်မချဘူး။ ပြီးတော့ ကျုပ်သားနဲ့သမီးကို ညအိပ်ညနေ တစ်ခါမှခွဲမနေဖူးဘူး။ အငယ်မက ပိုပြီးချစ်စရာကောင်းသဗျ"

သူသည် ထန်းလျက်တစ်လုံးနှစ်လုံး ကောက်စားကာ သောက်ရေအိုးစင်မှ ရေတစ်ခွက်သောက်ပြီး သားနှင့်သမီးအကြောင်း မစားရဝခမန်း ပြောကာ ပြန်မည့်ဟန်တပြင်ပြင်နှင့် ရှိလေသည်။ ပြောပြောဆိုဆိုနှင့် နေပူထဲထွက်သွားသော ကိုပြောင်း၏ ကျောပြင်ကို ငေးကာ အတွေးသီနေမိ၏။

အလွန်ရိုးအသော ကိုပြောင်း၏ ပြုံးချင်စရာရုပ်နှင့် သူ့ဘဝဖြစ်စဉ်ကို မျက်စိထဲမြင်ယောင်ကာ ပြုံးလိုက်ရမလား၊ သားသမီးနှင့် ဇနီးမယားကို အချစ်ပိုရှာနေသော သူ့ဘဝကို သနား၍ ဝမ်းနည်းရမည်လား... ကျွန်တော်ဝေခွဲ၍မရ ရှိနေ၏။ ကျွန်တော့်အတွေးကို သုံးလေးအိမ်ကျော်အကွာမှ အသံစူးစူးဖြင့် အော်ဟစ်လိုက်သော ကိုပြောင်း၏ အသံက ဖြိုခွင်းလိုက်လေတော့၏။

"နဖားကြိုးတွေရမယ်... နဖားကြိုး"

သာလွန်ကျော်


mgyoe.com

mgyoe.com

# ဇာတ်သိမ်းမဲ့ဇာတ်

ဦးဆွေ (ဒဿနိက)

[ ၁ ]

ခုမှ ညဦးပိုင်းပဲ ရှိသေးတယ်။ အအေးဓာတ်က အတော်လေး ကဲလာပြီ။ နံရံထောင့်လေးမှာ မှီထိုင်နေရင်းက အပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။ မှောင်လို့၊ ပိန်းလို့၊ လမ်းမီးတွေကလည်း ရှိမှမရှိတော့ဘဲလေ။ အိမ်တွေဆီက ထွန်းထားတဲ့ မီးရောင် မှုန်ပျပျလေးတွေကိုတော့ တစ်ချက်၊ တစ်ချက် လက်ခနဲ ဖြစ်ဖြစ်နေတာ မြင်ရပါရဲ့။ ဟောမြောက်လေကလေးက သုတ်ခနဲ တိုက်လိုက်ပြန်ပြီ။ ဦးဘမောင် ခေါင်းမှာဆောင်းထားတဲ့ သိုးမွေးခေါင်းစွပ်အတိုလေးကို နားရွက်ဖုံးအောင် ဆွဲချလိုက်တယ်။

"အမေ... ရော့ ဒီစောင်လေး ခြုံထားလိုက်ဦး။ အိပ်ရာထဲမှာ လှဲချင်လည်း လှဲနေလိုက်ပါလား။ သည်ည အေးတယ်"

သမီးကြီးက လွှာချင်းစောင်ပိုင်းလေးတစ်ထည် လာပေးတယ်။ ခမျာမှာလည်း တစ်နေ့လုံး တတောက်တောက်နဲ့ လှုပ်ရ၊ ရှားရတာ အားရ၊ နားရတယ်လည်း မရှိလှပါဘူး။ အေးလေ... အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်မှာ သည်သမီးလေးပဲ အိုတောင်ဇေုး လုပ်နေရတာမို့လား။ တော်ပါသေးရဲ့။ သမီးကြီးက လိမ္မာလို့။ သူ့တောင် အသက် ဘယ်နည်းတော့လိမ့်မတုံး။ သုံးဆယ့်ငါးလောက်တော့ ရှိပြီပေါ့။ အပျိုကြီး ကျောင်းဆရာမ လုပ်ပြီး မိအို၊ ဖအိုကို လုပ်ကျွေး၊ အဖေရဲ့ ဆရာအမွေကို ယူထားတာ။

"အိပ်ရာထဲ မဝင်ချင်သေးပါဘူး သမီးရယ်။ တောင်တွေးမြောက်တွေးနဲ့ အိပ်ပျော်မှာလည်း မဟုတ်ပါဘူး။ သည်မှာ ထိုင်နေတာကမှ လူသံ၊ သူသံနဲ့ ဟိုကြည့်သည်ကြည့် ကြည့်နေရသေးတယ်"

သမီးကြီးက ဖအေကို ကရုဏာသက်သလို ကြည့်တယ်။ ဟိုး တစ်ဖက်ကိုလည်း လှမ်းကြည့်လိုက်သေးတယ်။ ပြီးတော့ မျက်ရည်စို့လာနေတာကို လက်ခုံနဲ့သုတ်ပြီး ထွက်သွားတယ်။ သေချာတယ်၊ မီးဖိုချောင်ထဲမှာ ဧည့်သည်တွေအတွက် ရေနွေးအိုးတည်ရင်း မျက်ရည်တွေ ကျနေဦးမှာ။ သမီးဘက်လှမ်းကြည့်နေတုန်းမှာပဲ ရပ်ကွက်ထဲက လူငယ်နှစ်ယောက်တက်လာပြီး အိမ်ရှေ့ခန်းဘက်ကို ဖြတ်သွားတယ်။ သူ့အနားက ယို့ယို့လေးပဲ ဖြတ်သွားကြတာပါ။

သူ လှမ်းမျှော်ကြည့်လိုက်တယ်။ လေးပေမီးချောင်းထိန်ထိန်အောက်မှာ ရပ်ကွက်ထဲက လူငယ်တစ်စု ခပ်အုပ်အုပ် စကားပြောနေကြတဲ့နေရာမှာ သူတို့နှစ်ယောက် ထိုင်လိုက်ကြတယ်။ ဘေးကို မျက်စိရွှေ့လိုက်တော့ ခုတင်ကြီးတစ်လုံး။ အဲသည်ပေါ်မှာ သူ အနှစ်လေးဆယ်လောက် ပေါင်းသင်းခဲ့တဲ့ သူ့ရဲ့ချစ်ဇနီး မအင်ကြင်းက လဲလျောင်းလို့။ ဝှမ်းစောင်အကျားလေးနဲ့ လွှမ်းထားတဲ့ မအင်ကြင်း

mgyoe.com

mgyoe.com

ချမ်းမျှားနေလေမလားလို့ သူစိုးရိမ်မိလိုက်သေးတယ်။

မအင်ကြင်းက ပြုံးပြုံးလေး အိပ်နေသလိုပဲ။ မျက်နှာမှာလည်း သနပ်ခါး ခပ်ပြေပြေလေး လိမ်းထားလို့။ ပြီးတော့ ဆံပင်တွေကို အကျ ထုံးထားလိုက်သေး။ ဆံပင်အုံကြီးကကောင်းတော့ ခေါင်းအုံးမပါရင်တောင် ခုပြီးအိပ်လို့ဖြစ်လောက်တယ်။

သည်အချိန်မှာ ဘယ်ကဖွင့်လိုက်မှန်းမသိတဲ့ အသံချဲ့စက်က သီချင်းသံသဲ့သဲ့ ကြားရတယ်။ အင်း အလှူလား၊ မင်္ဂလာဆောင်လား တစ်ခုခုရှိမှာပေါ့။ သည်လိုပါပဲလေ။ လောကကြီးမှာ တစ်နေရာမှာ ကြည်နူးနေပေမဲ့ တစ်နေရာမှာ ဝမ်းနည်းကြေကွဲနေတာတွေ ရှိတတ်တာ အဆန်းမှမဟုတ်ဘဲ။ သီချင်းသံက လေအဝှေ့မှာ နည်းနည်းပီပီပြင်ပြင် ကြားလိုက်ရတယ်။ ဘာတဲ့...

"ပိတုန်းရောင်× × × ကေသာ× × ဖြန့်လိုက်ရင် တစ်ကိုယ်လုံး× × × ဝေဝေပြာပြာလွှင်လွှင်"တဲ့လေ။

ဦးဘမောင် မျက်စိကို စုံမှိတ်လိုက်တယ်။ ဖြစ်နိုင်ရင် နားကိုတောင် ပိတ်ထားလိုက်ချင်သေးတာပါ။

* * *

[ ၂ ]

သည်ကြာကန်ရွာက သီတင်းကျွတ်ကို သည်လောက်မဟုတ်ဘူး၊ တန်ဆောင်တိုင်ကတော့ တကယ့်ကို စည်ကားသည့် ရွာလေးကို ကျောင်းဆရာအဖြစ် တာဝန်ကျကတည်းက ပြောလိုက်ကြတဲ့ တန်ဆောင်တိုင်ပွဲအကြောင်း။ ကိုဘမောင်လည်း တကယ်ကြုံတော့မှ 'အဟုတ်သားဟ' ဖြစ်သွားခဲ့ရတာပါ။

ပြောလည်း ပြောလောက်ပါတယ်။ တန်ဆောင်မုန်းလထဲ ဝင်ပြီဆိုတာနဲ့ မုန့်တွေ ကြော်ကြပြုကြ၊ ယိမ်းတွေ၊ ဇာတ်တွေ တိုက်ကြပြုကြနဲ့ တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်နေကြတာပဲ။ လူကြီးတွေကလည်း ရွာဘုန်းကြီးကျောင်းတွေနဲ့ ရွာနီးဘုရားတွေဆီ လွန်းထိုးနေကြတော့တာပါ။

ဟုတ်တယ်။ သူတို့အရပ်က လပြည့်နေ့ဆိုရင် မီးကြာလှည့်မယ်။ အရပ်ဇာတ်တွေလည်း အပြိုင်ကကြမယ်။ ရွာက ဟိုသည် ရောက်နေကြတဲ့သူတွေကလည်း သည်ရက်ဆို ရွာကို မရောက်ရောက်အောင် ပြန်လာလေ့ရှိကြတယ်။ အနီးအပါးမြို့က ဧည့်သည်မိတ်ဆွေတွေကလည်း ဒီရက်မှာ လာတတ်တော့ အိမ်တိုင်း၊ အိမ်တိုင်း ကိုယ်တိုင်လုပ်တဲ့ မုန့်ဆီကြော်၊ မုန့်ဖြူ၊ မုန့်နီ၊ မုန့်လက်ကောက်၊ မုန့်ကြက်ဥ စတာတွေအပြင် မြို့က မုန့်ပဲသရေစာတွေလည်း ဝယ်တတ်ကြတယ်။ ဧည့်ခံရာမှာ မျက်နှာမငယ်အောင်ပေါ့။

ဆရာလေး ကိုဘမောင်ကတော့ ရောက်ခါစကလည်း ရောက်ခါစ၊ ပြီးတော့ သည်ရွာက ကျောင်းဆရာလူပျိုမို့လား။ တပည့်တွေအိမ် လည်လိုက်၊ ရွာခံကာလသားတွေနဲ့ လည်လိုက်နဲ့ ထမင်းကို အစားပျက်လို့ပါ။ အဲသည်လိုလည်နေရင်းနဲ့ ကာလသားခေါင်း ကိုဖိုးထူးက...

"ကဲ တို့ဆရာလေးကို ယိမ်းခေါင်းဆောင်အိမ်ကို ခေါ်သွားရအောင်" လို့ ပြောတယ်။

"မလိုက်တော့ပါဘူးဗျာ၊ ကျွန်တော် တော်တော်ညောင်းနေပြီ။ ကျောင်းပဲ ပြန်နားလိုက်တော့မယ်" လို့ ကိုဘမောင်က ငြင်းပါတယ်။ ကိုဖိုးထူးရော ပါလာတဲ့ ကာလသားနှစ်ယောက်ကပါ ပြုံးတယ်။ ကိုဘမောင်ရဲ့ လက်ကိုဆွဲပြီး ဖွတ်ခေါ် ခေါ်တယ်။

"လာစမ်းပါ ဆရာလေးရာ။ တော်ကြာ သည်အိမ်ကျ လိုက်မပို့ဘူးလို့ ကျုပ်တို့လူစရိုင်း မခံပါရစေနဲ့"

မလိုက်ချင်လိုက်ချင်နဲ့ ကိုဘမောင် ပါသွားတာပါ။ အိမ်ပေါ်ရောက် အသင့်ချထားတဲ့ မုန့်ပဲသရေစာတွေနဲ့ အပြည့်ရှိနေတဲ့ စားပွဲခုံ ပုပိုင်းဝိုင်းကို စိတ်မသက်မသာနဲ့ ကြည့်ပြီး ရေနွေးကြမ်းလေးတစ်ခွက် မှုတ်သောက်နေတုန်း အိမ်ခန်းအတွင်းဘက်က သန်းခေါင်ချိန် လထွက်သလို လမင်းလေးတစ်စင်း ဘွားခနဲ ထွက်လာတယ်။ အဟုတ်ပါ။ ကိုဘမောင်စိတ်ထဲတော့ တစ်ခန်းလုံး လင်းသွားတယ်လို့တောင် စိတ်ထဲက ထင်မိလိုက်သေး။

"အဲဒါ မအင်ကြင်းတဲ့။ ကျုပ်တို့ရွာက ယိမ်းခေါင်းဆောင်ပေါ့။ သည်ည သူတို့ကကြမှာလေ"

"သြော်... ဟုတ်ကဲ့ ဟုတ်ကဲ့"

ကိုဖိုးထူး မိတ်ဆက်ပေးတာကို ယောင်ကန်းကန်း ခေါင်းညိတ်ပြပြီး အဲသည် မအင်ကြင်းကိုပဲ ငေးကြည့်နေမိလိုက်တယ်။ ရေချိုးပြီး၊ ခေါင်းလျှော်ပြီးစမို့ ထင်ပါရဲ့... ဖြန့်ချထားတဲ့ ဆံပင်တွေက တံကောက်ရိုက်နေတာပဲ။ ပါးပေါ်မှာ သနပ်ခါးရေကျဲလေး ခပ်ပြေပြေ လိမ်းထားတော့ ဝင်းဝါနေတဲ့ အသားနဲ့ဟပ်ပြီး အရောင်ကို တောက်နေတော့တာ။ ကိုဘမောင် လက်ထဲကိုင်ထားတဲ့ ရေနွေးပန်း

mgyoe.com

mgyoe.com


ကန်ကို သောက်လည်း မသောက်ဖြစ်ဘူး၊ ပြန်လည်းမချဖြစ်ဘူး။ မအင်ကြင်းက ဧည့်ခံစကားပြောတာကိုလည်း တစ်လုံးမှ ပြန်မပြောဖြစ်ခဲ့ဘူး။ နောက်ဆုံး ကျောင်းကိုပြန်ရောက်တဲ့အထိ ဆိုပါတော့။

ညကျလည်း ဇာတ်က ဧည့်ခံဆိုင်းတောင် မတီးသေးဘူး၊ ကိုဘမောင် ပွဲခင်းထဲ ရောက်နေပြီ။ မအင်ကြင်းတို့ ကတာကို သေချာစောင့်ကြည့်တော့တာပါ။ အဲသည်နေ့ကစပြီး မအင်ကြင်းကို စွဲလာလိုက်တာ နောက်ဆုံးကိုယ်ကိုယ်တိုင်ရော၊ အရပ်ကူပါ လူမပါတွေရော ဝိုင်းပြီးပြောကြ၊ နားဖောက်ကြနဲ့ မအင်ကြင်းအချစ်ကိုရပြီး နောက်နှစ် သီတင်းကျွတ်မှာ လက်ထပ်ဖြစ်ကြတယ်။ သတိရနေသေးတယ်။ မင်္ဂလာဦးညမှာ မအင်ကြင်းရဲ့ဆံပင်လေးကို ရင်ဘတ်ပေါ် ထွေးပွေ့ပြီး မြတ်မြတ်နိုးနိုး နမ်းခဲ့မိတာကို။ မအင်ကြင်းကိုယ်တိုင်ကလည်း သူ့ဆံပင်ကို တော်တော်မြတ်နိုးပြီး ဂရုလည်းစိုက်တယ်။ ဒါကြောင့်မို့ထင်ပါရဲ့။ ဆံပင်က အုံလည်းကောင်း၊ ရှည်ကလည်း ရှည်။ ပြီးတော့ မည်းနက်တောက်ပြောင်နေတာ။ ဆီကလည်း မပြတ်ထည့်တာကိုး။ နောက်ပြီး ရှေးက ကုသိုလ်လည်း ထူးတယ်ထင်ပါရဲ့။ အသက်သာကြီးရော ဆံပင်တစ်ချောင်း၊ နှစ်ချောင်းစ ကလွဲလို့ လုံးဝကို မဖြူဘူး။

* * *

[၃]

"မလိုချင်ဘူးကွာ၊ လုံးဝ မလိုချင်ဘူး"

ဒုန်းခနဲ ကြမ်းပြင်ကို ပုတ်လိုက်တဲ့အသံနဲ့အတူ ငေါက်ဆတ်ဆတ်၊ အော်ကျယ်ကျယ် အသံထွက်လာလို့ ဦးဘမောင်တွေးနေတဲ့ အတွေးတွေ ကဆုန်ပေါက်ထွက်ပြေးသွားတယ်။ ဘာဖြစ်ပါလိမ့်လို့ ယောင်ပြီးတော့လည်း ထရပ်လိုက်မိတယ်။ တစ်ခုခုမကျေလည်လို့ စကားများနေကြပုံရတယ်။ မတ်တပ်ရပ်ပြီး ဗလုံးဗထွေးပြောနေတဲ့သူကို ကြည့်တော့ ဩော်... ဘယ်သူများလဲလို့။

"အေးဖေပါ အဖေရာ၊ အဖေ့သား မူးလာတာနေမှာ" မီးဖိုထဲက သူ့လိုပဲ အသံကြားလို့ ထွက်လာတဲ့ သမီးက ပြောလိုက်တယ်။

"ဟူး"

ဦးဘမောင် သက်ပြင်းကိုပဲ နာနာဖိချလိုက်ပြီး နဂိုနေရာလေးမှာ ပြန်ထိုင်ချလိုက်တယ်။ မအင်ကြင်းဆုံးလို့ အရပ်လူကြီးတွေက သားအဖနှစ်ယောက်တည်း တိမ်းတိမ်းဝေဝေ ရှိမှာစိုးလို့ဆိုပြီး နားလည်မှုနဲ့ ကစားဝိုင်းလေး လုပ်ပေးထားတာပါ။ အဲဒါကို အေးဖေက မူးပြီး ဘာ သွားပြောနေတယ်မသိဘူး။ သမီးကြီးက ဖအေနားက ထွက်သွားပြီး သူ့မောင်ကို တစ်ခုခုသွားပြောတယ်။ ဦးဘမောင်ကတော့ ကြည့်ပဲနေလိုက်တယ်။ ဘာမှလည်း မပြောချင်တော့ပါဘူး။ ပြောစရာ အင်အားလည်း မရှိတော့ဘူး။ စကားလုံးတွေလည်း ခန်းခြောက်နေပါပြီ။

ဟုတ်တယ်။ အေးဖေက သမီးရဲ့အောက်က။ မောင်နှမလေး နှစ်ယောက်တည်း မွေးထားပေမဲ့ အကျင့်က တခြားစီ။ ပြောရတာကိုက စိတ်ကုန်စရာပါ။ သည်ကောင်က ငယ်ငယ်ကတည်းက ဆိုးတာ။ မိဘကို ဒုက္ခပေးတဲ့နေရာမှာ ကမ်းကိုကုန်ရော။ ဖအေက ကျောင်းဆရာ၊ သူက ဆယ်တန်းကို အောင်အောင် မဖြေနိုင်ဘူး။ တဗုန်းဗုန်းကျနေရာကနေ သုံးနှစ်လောက်လည်းရှိရော မိန်းမခိုးလာတော့တာပဲ။ ဘာအလုပ်ရှိလိမ့်မလဲ။ သည်ဖအေနဲ့ သည်အမေက ကပ်ကျွေးထားရတာပေါ့။ ဘာမှသာအလုပ်မရှိတာ အရက်လေးက တမြမြလုပ်လာသေး၊ လောင်းကစားလေးကလည်း ဖက်ဆိုတော့ ဟိုကလေးမခမျာ ကြာကြာမပေါင်းနိုင်ပါဘူး။ သုံးနှစ်လောက်ရှိတော့ အိမ်ပြန်ပြေးတာပါပဲ။ ရှိစုမဲ့စု ငွေလေးနဲ့ မင်္ဂလာဆောင်ပေးလိုက်ရတဲ့ ဦးဘမောင်တို့ကတော့ အကြွေးပဲ အဖတ်တင်ကျန်ခဲ့ရတာပါ။

မိန်းမ မရှိတော့ ပိုဆိုးလာတယ်။ အရက်လေးကလည်းသောက်၊ သည်ကြားထဲ လက်ကလည်း ယဉ်ဆိုတော့ အချုပ်ရောက်၊ ဂါတ်ရောက် လိုက်နုတ်ရတာလည်း ဦးဘမောင်ခမျာ ကျောင်းဆရာတန်မဲ့နဲ့ ရှေ့မျက်နှာနောက်ထားခဲ့ရသေးတာ။ ရွာကျောင်းက မြို့ကျောင်းရောက်၊ မအင်ကြင်းကလည်း ဈေးလေးဘာလေးရောင်း၊ သူတို့ချည်းဆို ဘာအဆင်မပြေစရာ ရှိလိမ့်မလဲ။

အခုလည်း သည်ကောင်အေးဖေ... ဟိုးတခြားမြို့က ကောင်မလေးနဲ့ရပြီး မိန်းမအိမ် လိုက်နေနေတာ ကြာပြီ။ မအေသေပြီဆိုတော့မှ ဖုန်းဆက်ခေါ်လို့ ရောက်လာတာ။ ဆိုးလွန်း၊ ပေလွန်းလို့ အရပ်ထဲက အေးဖေလို့တောင် မခေါ်ဘူး။ 'အေးပေ'တဲ့လေ။ ရောက်လာလို့ အားကိုးရမလားမှတ်တယ်။ ရောက်ခါစက "အမေရေ... အမေ့သားလူမိုက်

mgyoe.com

 mgyoe.com 

ကြီးကို ထကြည့်ပါဦးဗျ" ဘာညာနဲ့ တစ်ချက်၊ နှစ်ချက် လောက်ကျုံးအော်ပြီး မြို့ထဲ ပတ်သောက်နေတာပဲ။ ခု အိမ်ရောက်တော့ အသုဘအိမ်မှာ အဖော်ရအောင် ထားတဲ့ ကစားဝိုင်းကို ပြဿနာရှာနေတယ်။

"ဟူး"

ဦးဘမောင်ကတော့ သူတတ်နိုင်တာကိုပဲ သူလုပ်ရ ရှာတော့တာပေါ့။ ဟုတ်တယ်လေ၊ သက်ပြင်းချဖို့ကလွဲလို့ ဘာတတ်နိုင်တာမှတ်လို့။

သူတွေးချင်ရာ တွေးနေတုန်း ဧည့်သည်တွေဖို့ ပဲခြမ်းသုပ်၊ နေကြာစေ့၊ ရေနွေးအိုး သွားချပေးပြီး ပြန်လာတဲ့ သမီးက အနားလာရပ်တယ်။

"အဖေ... ညဥ့်လည်းအတော်နက်ပြီ၊ သမီးလည်း အိပ်တော့မယ်၊ အေးလုပြီ၊ အဖေလည်း အိပ်ရာထဲဝင်တော့"

"အေး... အေးပါ သမီးရယ်"

ဦးဘမောင်လည်း အိပ်ခန်းရှိရာကို ထသွားလိုက်တယ်။ အိပ်ချင်လို့ရယ်တော့ မဟုတ်ပါဘူး။ ဧည့်ခန်းဘက်ကို စောင်းကြည့်တော့ အေးဖေပါ ဝင်ကစားနေတာကို တွေ့တယ်။ နာရီကို ကြည့်လိုက်တော့ ဆယ့်တစ်နာရီတောင် ထိုးတော့မှာပါလား။

* * *

[၄]

"ဟော့ကောင် အေးဖေ၊ မတော်တာ မလုပ်ပါနဲ့ကွာ"

"ဖယ်စမ်းပါကွာ၊ မင်းတို့က ပိုက်ဆံစကား တော်တော်ပြောတဲ့ကောင်တွေ။ အေး... ငါချက်ချင်းပြန်လာမယ်၊ မင်းတို့စောင့်။ ဘယ်သူမှ မထနဲ့၊ ထလို့ကတော့ အေးဖေနဲ့ တွေ့မယ်"

"ဟာကွာ၊ ဟော့ကောင် ဟော့ကောင်"

အေးဖေရဲ့ ဒေါသတကြီးပြောသံ၊ ကျန်တဲ့လူငယ်တွေရဲ့ တားသံ၊ ဆီးသံကြောင့် ဦးဘမောင် ငေါက်ခနဲ ထထိုင်ဖြစ်လိုက်သေးတယ်။ အိမ်လှေကားပေါ်က တဒုန်းဒုန်းနဲ့ ဆင်းပြေးသွားတဲ့ အေးဖေခြေသံ ပျောက်သွားပြီး ဝိုင်းက ကလေးတွေ ခပ်အုပ်အုပ်စကားသံရယ်ကြောင့် ဘာမှဖြစ်မှာမဟုတ်ပါဘူးလေဆိုပြီး ဆက်လှဲနေလိုက်တယ်။ အချိန်က မနည်းတော့ဘူး။ နှစ်နာရီ၊ သုံးနာရီလောက်တော့ ရှိပြီထင်ပါရဲ့။

မအိပ်ချင်ဘူးဆိုပေမယ့် သမီးက အိပ်ရာဝင်နိုင်းတော့ အိပ်ရာပေါ် တလူးလူးတလိမ့်လိမ့်နဲ့ လှဲလိုက်တာ စိတ်ရော၊ လူရော ပင်ပန်းနေလို့ ဖြစ်မယ်၊ မေ့ခနဲအိပ်ပျော်သွားတာ... ခုန အသံတွေကြောင့် လန့်နိုးသွားတာပါ။ ခုလည်း ဒီလိုပဲ ဖြစ်ဦးမယ်ထင်ပါရဲ့ဆိုပြီး ခေါင်းရင်းခုတင်တိုင်က ပုတီးကို ဖြုတ်ပြီး စိပ်နေလိုက်တယ်။ ခုတင်ဘေးက ကွက်လပ်ကို စိတ်မရောက်အောင်ပေါ့။

နောက် တကယ်ပဲ ပြန်အိပ်ပျော်သွားပုံ ရပါတယ်။ မိုးစင်စင်လင်းလို့ သမီးလာနှိုးမှပဲ နိုးတော့တယ်။ အိမ်ပေါ်မှာလည်း ဟိုညက ကလေးတွေအဖွဲ့လည်း မရှိတော့ဘူး။ မအင်ကြင်းနဲ့ တရားစခန်းဝင်ဖက် အဘွားကြီးသုံးယောက်လောက်ပဲ မအင်ကြင်းဘေးမှာ ယပ်တောင်လေးတွေ ကိုယ်စီ ယပ်လို့ တွေ့ရတယ်။ ဦးဘမောင်မျက်နှာသစ်ပြီး ဧည့်ခန်းမှာထိုင်တော့ မေးကြတယ်။

"ဒီနေ့ချဖြစ်မှာ မဟုတ်လား ကိုဘမောင်"

"အေးဗျာ၊ ညနေသုံးနာရီလောက် ချမလားလို့"

"ကားကိစ္စရော ပြီးပလား"

"အင်း... သမီးကျောင်းက ဆရာတွေက နာရေးကူညီမှုအသင်းကလူတွေနဲ့ ပြောဆိုပြီးပြီလို့ ပြောတာပဲ။ တော်ကြပါတယ်။ ကျုပ် ဘာမှကို ပြန်လှည့်မကြည့်ရပါဘူး။ အေးလေ၊ ကိုယ်ကလည်း လူအိုဆိုတော့ ဘာ ပြန်ကြည့်နိုင်၊ လုပ်နိုင်တာမှလည်း မဟုတ်ဘဲကိုးဗျ"

အမယ်ကြီးသုံးယောက်က သဘောတူသလို ခေါင်းတညိတ်ညိတ်လုပ်ကြတယ်။ အသုဘရှုလာတဲ့သူတွေ နောက်ထပ်တက်လာလို့ ဦးဘမောင် အဲသည်နားက ထထွက်ခဲ့တယ်။ အေးဖေကို မျက်လုံးဝေ့ပြီး ရှာကြည့်သေးတယ်။ မတွေ့ဘူး။ အေးလေ... ညက တစ်ညလုံး အိပ်ရေးပျက်တော့ တစ်နေရာရာ သွား ထိုးအိပ်နေတာ ဖြစ်မှာပါပဲ။

ရွာက မအင်ကြင်းအမျိုးတွေလည်း ရောက်လာကြပြီ။ ငိုသံတွေ၊ စကားသံတွေ ဆူညံပွက်လို့။ သမီးကြီးနဲ့အတူ ကူညီချက်ပြုတ်တဲ့သူတွေ၊ အိမ်ရှေ့ကွက်လပ်မှာ အသုဘမဏ္ဍပ်ထိုးတဲ့သူတွေ၊ ဖျာတွေ၊ ခုံတွေ၊ တန်းလျားတွေချတဲ့သူတွေ၊ တစ်အိမ်လုံး ပွက်လောရိုက်နေတာပါပဲ။ သည်လောက်များတဲ့ လူတွေကြားထဲမှာ ဦးဘမောင်ကတော့ တစ်ယောက်တည်း အထီးကျန်ဆန်နေတယ်။ အဖော်မဲ့နေတယ်။ အားငယ်ဝမ်းနည်းကြီးလည်း ဖြစ်နေတယ်။ သမီးကျောင်းက ဆရာ၊ ဆရာမတွေ၊ တပည့်တွေလည်း လာ

mgyoe.com

mgyoe.com


ကြတယ်။ ဝိုင်းကူကြ၊ ပြုကြနဲ့။ အင်း… မအင်ကြင်း မင်းမြင်စေချင်တယ်ကွယ်။

ညနေ နှစ်နာရီခွဲလောက်မှာ နာရေးကူညီမှုအသင်းက နိဗ္ဗာန်ယာဉ်နဲ့ သမီးတို့ကျောင်းက ဆရာတွေ ငှားထားတဲ့ ဘတ်စ်ကားတွေ ရောက်လာတယ်။ လာတဲ့ အသုဘပို့ ပရိသတ်အတွက် သမီးတပည့်လေးတွေက ယပ်တောင်တွေ၊ ဆပ်ပြာမှုန့်ထုတ်ကလေးတွေ ဝေငှပြီး ကုသိုလ်ယူနေကြတယ်။ အေးဖေကိုလည်း အိမ်ထောင့်မှာ လှမ်းမြင်လိုက်သေးတယ်။

ဟော… နိဗ္ဗာန်ယာဉ်နောက်ခန်းဖွင့်ပြီး ခေါင်းတလားကို ထုတ်ယူကြတယ်။ မအင်ကြင်းကို ထည့်တော့မယ်ထင်ပါရဲ့။ ဦးဘမောင် အိမ်ပေါ်တက်လိုက်တယ်။ လူတွေက သူ့ရှေ့က ခေါင်းတလားသယ်လာတဲ့ သူတွေရော၊ သူ့ကိုပါ မြင်တာနဲ့ ဘေးကိုရှဲပေးလိုက်ကြတယ်။ နာရေးအသင်းကလေးတွေက ခုတင်ဘေးမှာ ခေါင်းတလားကိုချပြီး မအင်ကြင်းကို ပွေ့ယူထည့်ဖို့ ပြင်ဆင်နေကြတယ်။ ပခုံးပေါ်လက်လာတင်ပြီး အိခနဲ ရှိုက်သံကြားတော့…သမီးကြီးရယ် သည်လိုပဲပေါ့။ သမီးရယ် သဗ္ဗေသခါရပေါ့။ ပြောမဲ့သာပြောရတယ်။ ဦးဘမောင် မျက်ဝန်းတွေကလည်း မှုန်ဝါးဝါးဖြစ်လာတယ်။ မျက်ရည်ကြည်တွေ ပြည့်လာတာကိုး။ လည်ပင်းမှာ ပတ်ထားတဲ့ မာဖလာနဲ့ပဲ အသာသုတ်လိုက်ပါတယ်။ အေးဖေကလည်း ခေါင်းငိုက်စိုက်လို့။

နာရေးအသင်းက ကောင်လေးတွေက မအင်ကြင်းကို မျက်နှာလေးပဲဖော်ပြီး စောင်နဲ့ပတ်ထုတ်လို့ မ,လိုက်ကြတယ်။ "သွားနှင့် မအင်ကြင်းရေ… သွားနှင့်" လို့ စိတ်ကရေရွတ်ပြီး ကြည့်နေတုန်းမှာ သူ တစ်ခုကို သတိပြုမိလိုက်တယ်။ ရှေ့ကိုတိုးပြီး မအင်ကြင်းခေါင်းကို ကိုင်ကြည့်လိုက်တယ်။

"ဟော့… နေဦး၊ နေဦး"

ဗလုံးဗထွေးနဲ့ အော်လိုက်တဲ့ ဦးဘမောင်အသံ အတော်ကျယ်သွားတယ်ထင်တယ်။ လူတွေပိုအုံလာသလိုပဲ။

"ဦးလေးရယ် စိတ်ထိန်းပါဗျာ၊ ခုပဲချတော့မှာ ဥစ္စာ"

နာရေးအသင်းက ကောင်လေးက မအင်ကြင်းကို ခေါင်းထဲထည့်မှာစိုးလို့ သွေးရူးသွေးတန်း အော်တယ်ထင်လို့လား မသိပါဘူး။ ဖြေသိမ့်စကားဆိုတယ်။

"မဟုတ်ဘူးကွ၊ ဟို… ဆံပင်တွေ၊ ဆံပင်တွေ၊ ငါ့မိန်းမ ဆံပင်တွေ"

"ဟယ်… ဟုတ်ပါရဲ့၊ အမေ့ဆံပင်တွေ ဘယ်ရောက်ကုန်ပြီလဲ"

ဘေးက ဦးဘမောင်လက်မောင်းကို ကိုင်ထားတဲ့ သမီးကြီးကလည်း ဝင်ပြောတယ်။ သည်တော့မှ မအင်ကြင်းရဲ့အဖော် အဘွားကြီးတွေလည်း သတိပြုမိကြပြီး တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြလေရဲ့။

မအင်ကြင်း… ဆံပင်ကောင်းလှပါတယ်ဆိုတဲ့ မအင်ကြင်း။ တံကောက်ကွေးရောက်အောင် ရှည်လှပါတယ်ဆိုတဲ့ မအင်ကြင်းရဲ့ဆံပင်တွေ လည်ကုပ်အစပ်လောက်မှာပဲ ရှိတော့ပါလား။ တိခနဲဖြတ်ချခံထားရတာ။ ဦးဘမောင် အသားတွေ ဆတ်ဆတ်တုန်လာတယ်။ ဟိုကောင်လေးတွေကလည်း ကယောင်ကတမ်းနဲ့ မအင်ကြင်းကို ခုတင်ပေါ်ပြန်ချလိုက်တယ်။ မအင်ကြင်းရဲ့ ခပ်ပြုံးပြုံးမျက်နှာလေးဟာ မဲ့တဲ့တဲ့တောင် ဖြစ်သွားသလိုလို ဦးဘမောင် ထင်လိုက်တယ်။ ပြီးတော့ ငိုသံပါကြီးနဲ့…

"ဘယ်လိုဖြစ်ရတာတုံးဗျာ၊ ကျုပ်မိန်းမ ဆံပင်တွေ ဘယ်သူက ဖြတ်ပစ်လိုက်တာတုံး၊ သူ အမြတ်နိုးဆုံး ဆံပင်တွေပါဗျာ၊ ခုတော့…"

အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးတစ်ယောက်ရဲ့ ရင်ထဲက နာနာကြည်းကြည်း ခံစားပြီး ထွက်လာတဲ့အသံကို ဘယ်သူမှ တောင့်ခံထားနိုင်ကြပုံ မရဘူး။ ဟိုနားက အင့်ခနဲရှိုက်သံ၊ သည်နားက အီးခနဲငိုသံတွေ ထွက်ပေါ်လာကြတယ်။ ဝိုင်းအုံကြည့်နေတဲ့ လူအုပ်ရဲ့နောက်နားက လူငယ်တစ်ယောက် ရှေ့ကို တိုးထွက်လာတယ်။

"အဲဒါ ကိုအေးဖေ လက်ချက်ဗျ။ သူ ညက ဖဲရှုံးတော့ ပိုက်ဆံမရှိဘူးဆိုပြီး ဒေါ်ကြီးအင်ကြင်းဆံပင်ကိုဖြတ်ပြီး ကိုကြင်ဖေဆိုင် သွားရောင်းပစ်တာ။ ကျွန်တော်တို့က ဝိုင်းတားကြပါသေးတယ်၊ ဘယ်လိုမှ မရလို့"

"ဟင်… သည်ခွေးမသား၊ မအေ့ဆံပင်ကို ရောင်း၊ နင့်ကိုသတ်မယ်"

ဦးဘမောင် အသက်အရွယ်နဲ့တောင် မလိုက်ဘူး။ ဝုန်းခနဲထ၊ သူ့အိပ်ခန်းထဲဝင်၊ အိပ်ခန်းခေါင်းရင်းမှာ ချိတ်ထားတဲ့ ငှက်ကြီးတောင်ဓားကို ပြေးဆွဲတော့တာပဲ။ တစ်ခါမှ ဒေါသမထွက်ဖူးတဲ့သူ။ ခုလို ဝုန်းဒိုင်းကြဲတော့ ရုတ်တရက် ဘယ်သူမှ ဝင်ဆွဲဖို့တောင် သတိမရဘူး။ နောက်မှ လုပ်ကြပါဦး၊ ဆွဲကြပါဦးဆိုပြီး ဝိုင်းထိန်းလိုက်ကြရတယ်။ အေးဖေကတော့ မရှိဘူး။ ဘယ်အချိန်က ဆင်းပြေးသွား

mgyoe.com

mgyoe.com

မှန်းကို မသိဘူး။ ဒေါသတွေ အထွက်ကြီးထွက်နေတဲ့ ဦးဘမောင်၊ အေးဖေကို မတွေ့တော့မှ သူ့မိန်းမ မအင်ကြင်းကို ဖက်ဖက်ပြီး ကြုံကြုံပါအောင်ကို ရှိုက်ရှိုက်ငိုရှာတယ်။ ဘေးကလူတွေလည်း ဘာဆက်လုပ်ကြရမှန်းမသိဘူး။ ငိုင်ပြီး ကြည့်နေကြတယ်။ အားရလောက်အောင်ငိုပြီးမှ ဦးဘမောင်မျက်ရည်တွေကို သုတ်တယ်။ အိမ်ပေါ်က လူအားလုံးကို ကြည့်ပြီးတော့ တည်တည်ငြိမ်ငြိမ်ပဲ ပြောလိုက်တယ်။

"ကဲ အားလုံးနားထောင်ကြပါဦးဗျာ၊ ကျုပ်မိန်းမ အသုဘ အခုမချပါနဲ့ဦး၊ ကျုပ်ကို စောင့်ပါဦး။ သူ အင်မတန်မြတ်နိုးတဲ့၊ ပြီးတော့ ကျုပ်လည်း အင်မတန်မြတ်နိုးတဲ့ ဒီဆံပင်ရှည်ကြီး မပါဘဲနဲ့ ကျုပ်... မချရက်ဘူး။ သူ့ဆံပင်တွေ ပြန်ရအောင် မရရအောင် ကျုပ်ပြန်ဝယ်မယ်။ ကျုပ် တန်းပြန်လာမှာပါ"

အဲသည်လိုပြောပြီး ဦးဘမောင် အိမ်ပေါ်က ပြေးဆင်းခဲ့တယ်။ သူ့သွား ကျေးရွာရှင် သူတော်ကောင်းအေးဖေ ရောင်းလိုက်တယ်ဆိုတဲ့ ကိုကြင်ဖေရဲ့ ဆံပင်ဝယ်တဲ့ ဆိုင်ကိုပေါ့။

* * *

[ ၅ ]

လူတွေကတော့ ဦးဘမောင်လက်ထဲ ငှက်ကြီးတောင်ဓားကြီးကိုင်ပြီး ပြေးနေတာကိုပဲ ရင်တမမနဲ့ ကြည့်နေကြတယ်။ ပြေးတယ်၊ ဦးဘမောင် ပြေးတယ်။ ပြေးရင်းနဲ့ ခလုတ်တိုက်ပြီး လဲလိုက်သေးတယ်။ ထပြီး ဆက်ပြေးနေတာပါပဲ။

ဆောင်းနေရဲ့ လက်ကျန်အပူရှိန်အောက်မှာ လက်ထဲမှာ ဓားကိုင်ပြီး မောကြီးပန်းကြီး ပြေးနေတဲ့ ဦးဘမောင်ကလည်းပြေးလို့...

သွားလေသူ ဒေါ်အင်ကြင်းရဲ့ အလောင်းကြီးကို ခေါင်းထဲထည့် ကားနဲ့သွားပို့မယ့်သူတွေကလည်း အုတ်အုတ်ကျက်ကျက်နဲ့ စောင့်ကြလို့...။

ဦးဆွေ(ဒဿနိက)


mgyoe.com

mgyoe.com

# မတွတ်ရဲ့ ဂေဟာဗေဒ

## ကံထွန်းသစ်

[ ၁ ]

ညီအစ်ကို လေးယောက်သား ဂေဟာစနစ်အကြောင်း ပြောနေကြစဉ်မှာ မတွတ် ကို ဖမ်းမိလာကြသည်။

* * *

[ ၂ ]

"တို့ငယ်ငယ်တုန်းကတော့ ခုလိုဆေးဖျန်းတာတွေ ဘာတွေမရှိပါဘူးကွာ။ ဒီလို ပဲခင်းတွေ ဖူ ကျတော့လည်း နေပူတာနဲ့ ဖူတွေပျောက်သွားတော့တာ"

အတွေ့အကြုံအရလည်း အကြီးဆုံးဖြစ်သည့် အစ်ကိုကြီးက ထောက်ပြလိုက်တော့...

"ဟုတ်တယ်နော် အစ်ကိုကြီး၊ ရှေးတုန်းကတော့ ဘာစိုက်စိုက် မြေပေါ်မျိုးစေ့ကျတာနဲ့ ပေါက်ပြီးသား။ သီးနှံထွက်လည်း ကောင်းပြီးသား။ ခုတော့ ဖျန်းလိုက်ရတဲ့ဆေး၊ ကျွေးလိုက်ရတဲ့ မြေဩဇာ"

အစ်ကိုလေး၏ ထိုထောက်ခံဆွေးနွေးမှုကို မကြိုဆိုသူက ညီငယ် ကိုကျော်။

"အဲဒီတုန်းက ခုလို ဆေးမှုမပေါ်သေးတာ။ ပေါ်နေလို့တော့ ရှေးလူကြီးတွေလည်း ဖျန်းကြမှာပါဗျ"

"ဟ ဖိုးကျော်ရ၊ ငါက ဆေးဖျန်းတာကို အပြစ်ပြောနေတာမဟုတ်ဘူး။ အကျိုးရှိမရှိ ချင့်ချိန်ဖို့။ ခု မင်းတို့ ဆေးဖျန်းနေတော့ကော ဟိုတုန်းကလို သီးနှံထွက်လို့လား"

"ဟုတ်ပ့ါ၊ ကျွန်တော်ဆို ပင်ဖြစ်ဆေးဆို ပင်ဖြစ်ဆေး၊ သီးအောင်ဆို သီးအောင်ဆေး ဖျန်းတာပါပဲ။ မထူးလှပါဘူး၊ အဲ ထူးတာဆိုလို ဆေးဖျန်းရလွန်းလို့ ဆေးနံ့တွေ ရှူရှိုက်ရပြီး ချောင်းတဟွပ်ဟွပ် ဆိုးကျန်တာပဲ အဖတ်တင်တယ်"

နောင်တော်များ၏ ဆွေးနွေးခန်းတွင် ဝင်ရောက်ဆင်နွှဲရန် ငံ့လင့်နေမိသည်။ ခက်တာက သူတို့ပြောဆိုနေသည်များနှင့် မရင်းနှီး။ ငယ်စဉ်ကလည်း ကျောင်းတက်နေရ၊ ခုတော့လည်း မြို့မှာ အခြေကျဆိုတော့ ပို၍ပင် မယဉ်ပါး။ သီးနှံအထွက်ဆုတ်တာနှင့် ပတ်သက်၍ ပြောနေကြကြောင်းကိုတော့ ရိပ်မိသည်။

ဉာဏ်မီသရွေ့ ဆက်စပ်ကြည့်မိသည်။ ဟိုတုန်းက စိုက်ပျိုးရေးနှင့် ခုခေတ်စိုက်ပျိုးရေး၊ ဟိုတုန်းက ရာသီဥတုနှင့် ခုခေတ်ရာသီဥတု၊ ဟိုတုန်းက လူဦးရေနှင့် ခုခေတ်လူဦးရေ။ ရှေးတုန်းက မြေဆီလွှာ မပွန်းသေး၊ တစ်နှစ်မှ တစ်သီးသာ စိုက်ကြရာ မြေဆီလွှာက အကြွယ်မပျက်။ နောက်ပြီး ချဲ့ထွင်စရာ မြေလွတ်တွေလည်း ကျယ်ပြောလှချည့်။ လုပ်ကိုင်သူ လူဦးရေနည်းလို့ အိန္ဒိယက လယ်ကူလီတွေကိုတောင် ကိုလိုနီအစိုးရက သွင်းခဲ့ရသေးသတဲ့။ ဒါ

mgyoe.com

mgyoe.com


တင်မက ကျွဲတွေ၊ နွားတွေအတွက် စားကျက်မြေဆိုတာလည်း သီးသန့်သတ်မှတ်ပေးသတဲ့။ ကောင်ရေအလိုက် အကျယ်အဝန်းပေါ့။ ခုတော့ အဲဒီမြေတွေလည်း ဘယ်သူ့စားကျက်တွေ ဖြစ်ကုန်ပြီလည်း မသိ။

ရာသီဥတုဆိုတာလည်း သိပ် မှန်တာတဲ့။ မေလ ဆယ့်ငါးရက်နဲ့ နှစ်ဆယ့်တစ်ရက်အတွင်း မုတ်သုံဝင်မြဲ။ အစ၊ အလယ်၊ အဆုံးဆိုတဲ့ မိုးသုံးပါးညီသတဲ့။ မုတ်သုံအဝင်မှန်၊ အထွက်မှန်ဆိုတော့ စိုက်ပျိုးရ အဆင်ပြေပြီပေါ့။ ဒီလိုမုတ်သုံမှန်အောင် ဖိတ်ခေါ်နိုင်စွမ်းတဲ့သူတွေကလည်း တောအနံ့၊ တောင်အနံ့ စိမ်းလို့ ညို့လို့ မဟုတ်လား။ ခုတော့လည်း သင်းတို့လည်း ဘယ်ဝယ်ဘယ်ဆီ မြန်းကြလေပြီမသိ။ ဒီအထဲ ဥတုရာသီ ယွင်းချွတ်ဖို့ ဖန်လှောင်အိမ်ယဉ်ကျေးမှုတဲ့။ ဟို အပြာရောင် အိုဇုန်းလွှာပေါက်ပြဲမှုတဲ့၊ ဟူး...။

လူဦးရေကတော့ ဗြိတိသျှခေတ်က ဆယ့်ကိုးသန်းဆိုလားပဲ။ ဒီတော့ သူ့လူနှင့်သူ့ ရိက္ခာ ထုတ်မှုမျှနေမှာပေါ့။ ခုတော့ လူဦးရေက သန်းငါးဆယ်ကျော်။ ဒီအထဲ...

"ကိုယ်မဖျန်း ကိုယ်ခံသွားရမှာပေါ့။ အခင်းနားနီးတွေက ဆေးဖျန်းတယ်။ ကိုယ်က မဖျန်းရင် ရှိသမျှပိုးက ကိုယ့်စိုက်ခင်းထဲ အကုန်ကျတော့မှာပေါ့။ အဲဒီတော့မှ အသီးမပြောနဲ့ အရိုးတောင် ရလိုက်မှာ မဟုတ်ဘူး"

ညီ ကိုကျော် ပြောပြန်တော့လည်း အဟုတ်သား။ ကိုယ်မပြုပေမဲ့ သူပြုလျှင်လည်း ကိုယ့်ကို သက်ရောက်စေတဲ့ ဂေဟဗေဒ အနေအထား။

"ဆေးဖျန်းမှမဟုတ်ပါဘူး မောင်ရာ၊ ဟိုနေ့က ဗျိုင်းတစ်အုပ်ဝဲနေတာ ဆေးဖျန်းထားတဲ့ ပဲတီခင်းတွေကို ရှောင်ပြီး ငါ့ပဲခင်းထဲ ကျသွားတာ တစ်ခါတည်း ပိုးစိမ်းကောင်တွေ ပြောင်သွားတာပဲ"

"ဟုတ်တယ်။ အဲဒါက ပိုကောင်းတယ် ကိုကြီး။ ကျွန်တော်ဖြင့် ဆေးဖျန်းမှ ပိုးတွေ ပိုပြီးပွားလာသလားလို့တောင် ထင်မိတယ်။ ပိုးက ပြတ်မှ မပြတ်ဘဲ။ တစ်မျိုးပြီး တစ်မျိုးပဲ"

အစ်ကိုနှစ်ယောက်နှင့် ညီတို့ရဲ့ အခြေအတင်ပွဲမှာ ဘယ်ဘက်ကို လိုက်ရမလဲလို့ ဝေခွဲမရ။ ဖိုးကျော်ပြောတာ ဟုတ်သည်ဟု ထင်မိသည်။ ခုလိုနည်းပညာတွေ ဖွံ့ဖြိုးတဲ့ ခေတ်ကြီးမှာ သူ့ခေတ်နှင့်သူ လျော်နိုင်မှ။

"တမန်းညက်အောင်၊ ရာသီ မလင့်အောင်တော့ မလုပ်ကြဘူး။ အဲ ဆေးဖျန်းဖို့ကတော့ အကြွေးတင်ခံပြီးတော့ကို ဖျန်းကြတယ်။ ဖျန်းတော့လည်း နားမလည်၊ ပါးမလည်နဲ့ တချို့ဆို အပင်သန်တဲ့ဆေးကို ပွင့်ဝင်ချိန်ဖျန်း၊ အသီးဆေးကို ပျိုးပင်ပေါက်မှာ ဖျန်းနဲ့ နောက်ဆုံး ဆေးအတွက်နဲ့ လေးကုန်ကြရော"

အဲ... အစ်ကိုကြီးပြောတာလည်း ဟုတ်နေပြန်ရော။ 'ငအောကြီးပြောတော့လည်း ချောလို့၊ ငလောကြီးပြောတော့လည်း မောလို့' ဆိုတဲ့ အမေခိုင်းတဲ့ ပုံကိုတောင် အမှတ်ရမိသည်။ သူ့ဟာနှင့်သူ ဟုတ်လို့။ အင်း... ပိုးသတ်ဆေး ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကတော့ ပေါမှပေါပဲ။ ပါဠိနာမည် တွေနဲ့ရော၊ တိရစ္ဆာန်နာမည်တွေနဲ့ရော အမျိုးမျိုးကြော်ငြာနေကြတာ။ ဆေးသုံးစွဲပုံ၊ သုံးစွဲနည်းနဲ့ အကျိုးအပြစ်တွေကိုပါ ထိထိရောက်ရောက် ကြေညာပေးရင် ကောင်းမှာ။ တကယ်ဆို ကြေညာသင့်တယ်။ မကြေညာလို့ ဆေးကြောင့် ဆိုးကျိုးဖြစ်ရင် သူတို့မှာ တာဝန်ရှိတယ်။ အင်း ကြေညာတော့ကော၊ ရွာသားတွေက ဖတ်ကြည့်ကြပါ့မလား။ မဖတ်ဘဲ ကြားဖူးနားမဝနဲ့ သုံးနေကြလေတော့ ကိုကြီးပြောသလို ဆေးအတွက်လေး....။

ငယ်ငယ်က သင်ခဲ့ရသည်။ ခုနက ကိုကြီးပြောခဲ့တဲ့ ဗျိုင်းတို့၊ ငှက်တော်တို့လို လူ့မိတ်ဆွေငှက်များအကြောင်း၊ သီးနှံပိုးများကို ကောက်ယူစားသုံးရင်း လူတွေကို ကူညီသည့်အကြောင်း၊ ခုတော့ ထိုမိတ်ဆွေများသည် လူတွေကို စိတ်နာသွားကြကုန်ပြီထင့်။ ငှက်တွေ ရှားပါးကုန်ပြီး ငှက်တော်လို အချို့ငှက်ဆို မျိုးတုံးမှာပင် စိုးရ၊ မမြင်တွေ့ရတော့။ လူတွေဖျန်းသော ပိုးသတ်ဆေးကို အင်းဆက်နှင့် ကြွက်များက စား၊ ထိုအကောင်များကို ငှက်ကစား။ သို့ဖြင့် ငှက်တို့သည် မျိုးမပွားဘဲ မျိုးပြုန်း။ ထိုအခါ သီးနှံပိုးတို့ကို သုတ်သင်ပေးရန် လူတို့ကို မကူညီနိုင်။ မကူညီနိုင်သော အခါ စိုက်ခင်းများပျက်။ စိုက်ခင်းများ ပျက်တော့ သီးနှံမအောင်။ သီးနှံမအောင်တော့ ဟူး...။

သည်တော့ သီးနှံအောင်ဖို့ ဆေးပိုဖျန်း။ ဆေးပိုဖျန်းတော့ အပင်ပေါ်တွင်မက မြေပေါ်သို့တိုင်ကျ။ မြေပေါ်ကျတော့ မြေအောင်းအပြစ်မဲ့ပိုးလေးတွေ သေကြေ။ ပိုးလေးတွေ သေကြေတော့ မြေဩဇာဖြစ်စေသည့် မစင်ကို မစွန့်ပေးနိုင်။ မစွန့်နိုင်တော့ မြေဆီဩဇာ အသစ်မရ။ မရတော့ အပင် မအောင်။ အပင် မအောင်တော့ ဟား...။ တကယ့်ဆက်နွယ်မှုဇေဒ။ ဒါကို ကြားနေပြီး အစ်ကိုတွေနဲ့ ညီကို

တတ်သလောက် ရှင်းပြကြည့်မည်။ နားထောင်လျှင် အမြတ်ပေါ့။ ငယ်ငယ်က အော်ကျက်ခဲ့ရတဲ့ *ကောင်းကင်တခို၊ ပြိုမလို တိမ်ညိုဘာကြောင့် မှိုင်းပါတယ်* အစချီတဲ့ ရေသံသရာကဗျာလေးနဲ့ ရှင်းပြရလျှင်...။ ဟို... 'ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်' ကမှ ပိုရင်းနှီးတာ။ ဒီကဗျာလေးနဲ့ ယှဉ်ပြီး ရှင်း...

"ဟောဒီမှာ ဦးကြီး... ဂျုံသူခိုးတွေ မိလာပြီ"

* * *

[၃]

ဘုတ်ခနဲကျလာသည်က ပုဆိုးပိုင်းနှင့် ထုပ်ထားသည့် အထုပ်တစ်ခုနှင့် တောင်းငယ်တစ်လုံး။ တောင်းထဲတွင် ဂျုံနှံဝင်းဝင်းများ။ အနှံရင်း ကပ်ချိုးထားတာကြောင့် အမြင်မှာ နည်းသော်လည်း အထွက်က မနည်းနိုင်။ အစ်ကိုကြီးတို့ မောင်နှမနှင့် အတူနေသောတူ မောင်စန်းလွင်က သူ့ဦးကြီးထံသို့ သူခိုးများကို ခိုးရာပါပစ္စည်းနှင့် အပ်နံလာ၍ ပြိုင်တူကြည့်လိုက်ကြတော့ ကလေးနှစ်ယောက်။ ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ်များ။ ရှင်မီးနွမ်းကလေးနှင့်က တစ်ယောက်၊ ဘောင်းဘီရှည်လေးနှင့်က တစ်ယောက်။

သူတို့နှင့်အတူ ရွာထုံးစံ ရပ်ထုံးစံမပျက် ကြည့်ကြကုန်အုံ့ဆိုသည့် ဝိုင်းအုံလာသူတွေကလည်း မနည်း။ အရွယ်စုံ။ ကျားနည်း၊ မများတာသာ ခြားသည်။ ဂျုံတွေ မကြာခဏ အခိုးခံရ။ အခိုးခံရ၍ စောင့်ဖမ်းနေရာ ယခုမိလာကြောင်း၊ သူခိုးများသည် ခိုးရည်ဝနေကြောင်း၊ ဂျုံကို အပင်လိုက်ရိတ်ယူက အခင်းရှင်သိနိုင်၍ ယခုကဲ့သို့ အနှံကိုသာ ချိုး၍ ပင်ထောင်မပျက် ခိုးယူကြကြောင်း၊ စပါးစိုက်ချိန်ဆိုလည်း စပါးခိုး၊ ပြောင်းဖူးချိန်ဆိုလည်း ပြောင်းဖူးမို့ ခိုးယူခံရကြောင်း၊ သူခိုးတစ်ဝက်၊ ပိုးတစ်ဝက် လုပ်ကိုင်စားနေရကြောင်း တူတော်မောင်က မကျေမချမ်း ရှင်းပြနေသည်။ သူ မကျေမချမ်းဖြစ်မည်ဆိုလည်း ဖြစ်သင့်ပေသည်။ သူက ဦးကြီးနှင့်အတူ အမိက ထွန်ရယက်ရ စိုက်ပျိုးရသူ မဟုတ်လား။

ထိုပြောဆိုသံများကြောင့် ကျွန်တော်တို့နှမ အပျိုကြီးမသည် အိမ်အပေါ်ထပ်မှ ဆင်းလာကာ ကလေးများကို စေ့စေ့စပ်စပ်ကြည့်လျက်...

"အောင်မယ်... ညည်းကိုး၊ အရင်နေ့တွေကတည်းက ဂျုံခင်းတွေနားမှာ ရစ်သီရစ်သီနဲ့ တွေ့နေတယ် အောက်မေ့တာ... လက်စသတ်တော့ အကြံနဲ့ကိုး"

ကောင်ကလေးက ခေါင်းကို ပိုရှိုင့်သွားစေပေမဲ့ အညွှန်းခံ ရှင်မီးမလေးကတော့ အရယ်အကျဲမပျက်။

"အံမယ် စပ်ဖြဲဖြဲနဲ့၊ မှန်မှန်ပြောစမ်း၊ အရင်နေ့တွေကလည်း ညည်းတို့ပဲ မဟုတ်လား"

"ဒီတစ်ခါတည်း ရှိပါသေးတယ် အစ်မရယ်"

"မညာပါနဲ့အေ၊ ညည်းတို့ချောင်က လွန်လွန်းတယ်။ ပြောင်းဖူးလည်း ထွက်ချိုး၊ ပဲလည်း ထွက်ဆွတ်၊ သီးနှံဦး ခူးစားရုံ မကဘူး၊ ခုရောင်းစားဖို့ပါ ခိုးကြနဲ့ ဟင်း..."

ဟုတ်တာပဲ။ လယ်သမား၊ ယာသမားဆိုတာ ပင်ပန်းကြီးစွာ စိုက်ကြပျိုးကြရ။ မစိုက်မီကျလည်း စိုက်စရိတ်ရှာရ၊ ပျိုးစရိတ်ဖွေရ။ စိုက်ပြီးတော့လည်း ရာသီပူရ၊ ဥတုပင်ရ။ ပွင့်ချိန်သီးချိန်ကျလည်း ပိုးပူရ၊ ခိုးပူရ။ ရိတ်သိမ်းပြီးတော့လည်း ဟွး...။

ထိုသို့ ရင်းခဲ့၊ ကျိုးခဲ့ကြရသော ခများများ ယခုလို အမှုကြုံရတော့...

"ကြာပါတယ် ဒေါ်ဒေါ်ရာ၊ လူကြီးအိမ်ကို ပို့လိုက်မယ်။ ဥက္ကဋ္ဌက သီးနှံခိုးရင် ဒဏ်ရိုက်မယ်လို့ မောင်းခတ်ထားတာပဲ"

နှမဖြစ်သူနှင့် တူတော်မောင်တို့ ပြောဆိုနေဟန်ကို ကြည့်ပြီး အစ်ကိုကြီးလည်း ဘာပြောရမှန်းမသိ ဖြစ်နေသလို အစ်ကိုလေးနှင့် ညီဖိုးကျော်တို့လည်း ဘာဆုံးဖြတ်ရမည်မသိ ဖြစ်နေဟန်မို့...

"ဟုတ်တယ်... ငါ့နမနဲ့ မောင်စန်းလွင်ပြောတာ သဘာဝကျတယ်။ လူကြီးအိမ်သာ သွားပို့လိုက် မဆင့်"

ဝင်ရောက်ဆုံးဖြတ်ပေးလိုက်ရာ စတင်လှုပ်ရှားလာသူက ဘောင်းဘီဝတ်ကောင်လေး။

"လူကြီးအိမ်တော့ မပို့ပါနဲ့။ ကျွန်တော် တစ်ခါမှ မခိုးဖူးပါဘူး။ ခုဟာက သူလာခေါ်လို့ လိုက်မိတာပါ"

ငိုမဲ့မဲ့နှင့် တောင်းပန်လာသည်။ မယ်ရှင်မီးကတော့ ရယ်ကျဲဆဲ။

"ကဲ ကြာတယ်။ လူကြီးအိမ်သွားမယ်။ မောင်စန်းလွင်... ငါ့တူ... ဟိုဂျုံမှုန့်ထုပ်တွေယူခဲ့၊ သက်သေခံရအောင်"

ပြောပြောဆိုဆို နှမဖြစ်သူ မဆင့်က ထသွားဟန်ပြင်တော့ ကောင်လေးက မျက်ရည်သုတ်၍ တောင်းပန်သည်။

mgyoe.com

gyoe.com

ဟိုရှင်မီးမလည်း ခုမှ စိတ်ပူရကောင်းမှန်း သတိရထင့်။ မျက်နှာညှိုးစ ပြုသည်။ အစ်ကိုကြီးကတော့ ခများများကို ကြည့်ကာ စိတ်မကောင်း၍ ပြန်လွှတ်လိုက်ရန် ပြောသည်။ ကျွန်တော်တို့ မောင်နှမတစ်တွေက သဘောမတူ။

"ဟာ အစ်ကိုကြီးကလည်း... ဒီလိုအရေးမယူဘဲ ပြန်လွှတ်လို့ကတော့ သူခိုးတွေ ရောင့်တက်အောင် လုပ်ရာကျတော့မပေါ့။ ကဲပါ မဆင့်ရယ်... ကြာပါတယ်... ခေါ်သာသွားတော့"

အစ်ကိုကြီး ကန့်ကွက်နေသည့်ကြားက ကျွန်တော် ဆုံးဖြတ်ပေးလိုက်သည်။ အစ်ကိုကြီးသာမဟုတ်၊ လာရောက်ကြည့်ရှုလာသူ ရွှေပွဲလာများကလည်း သဘောမတူကြ။ လူကြီးအိမ် မပို့ရန် လူကြီးက ဘယ်သို့ဘယ်ညာနှင့် ဆိုကြကာ တစ်ယောက်တစ်ပေါက် တားမြစ်ကြသည်။ ခြေရင်းအိမ်က ဒေါ်ကေတူးကဆို "လူကြီးက သူ့ကိုယ်သူ ပေါင်ချိန်ရှူး ရှူးနေတာ။ မတော်တရော် ဒဏ်ရိုက်ပြီး ယူလိုက်ရင် ပြီးပါလေရော မဆင့်ရယ်" ဟု ဝင်ရောက်တောင်းပန် လာပြန်သည်။ ရွာသူရွာသားတွေနှယ် ခက်တာပဲ။ တောင်သူချင်း စာနာဖို့ထက် သီးနှံခိုးသူကို ညာတာနေကြပြန်သည်။ ဘက်မှားပြီး ညီညွတ်နေကြတာပဲ။ တို့ဆီက လူတွေ အဲဒီလိုဘက်မှားပြီး ညီညွတ်တာက အကျင့်တစ်ခုလိုတောင် ဖြစ်နေကြပြီလား။ ဒီအထဲ ဟိုနွားလှည်းသမားကံရွှင်ဆိုသူကလည်း ဒီကလေးတွေဟာ သူသွားနေကျ အနောက်ဘက်ရွာကဖြစ်လို့ သူသိကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်ကြောင်း ဝင်ရောက် အာမခံလာသည်။ သူ့စကားက ဒီလူတွေကပဲ မတရားဖမ်းဆီးသယောင် ကျွတ်...။

စဉ်းစားကြည့်မိသည်။ တကယ်လို့ သူတို့သီးနှံကို ခုလိုခိုးယူခံရလျှင်ကော။

"လူတွေက တော်တော် တရားကျဖို့ ကောင်းတယ်။ သူတို့ပစ္စည်းလေး ပြောင်းဖူးတစ်ဖူးတလေ ပျောက်ရင်တောင် ကျိန်လိုက်၊ ဆဲလိုက်ကြတာ၊ သူများဟာ အခိုးခံရလို့ တရားနည်းလမ်းအတိုင်း တိုင်မယ်တောမယ်ဆိုတော့ ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့ ဝင်သနားနေလိုက်ကြတာ၊ နောက်တစ်ခါ မခိုးပါဘူးလို့ ခင်ဗျားတို့ အာမခံမလား"

တူတော်မောင် စကားက အကွက်ကျလှသည်။ အသံသိပ်မထွက်ကြတော့။ ကြည့်သူဦးရေကတော့ တိုး၍တိုး၍ လာနေသည်။ လူစုရှဲဖို့...

"ကဲ ကဲ... ဥပဒေကြောင်းအတိုင်းပဲ ကောင်းတယ်။ ကလေးတွေလည်း နောင်ကြဉ်သွားတာပေါ့။ လူကြီး သင့်သလို ဆုံးဖြတ်လိမ့်မပေါ့။ ကိုင်း... မဆင့်ရေ ခေါ်သာသွားတော့"

မညာတာလို့တော့ မဟုတ်။ စာရိတ္တကို မပြုပြင်နိုင်တောင် ဒီလိုလုပ်လျှင် ဒီလိုအပြစ်ရှိကြောင်းကိုတော့ သိစေချင်သည်။ နို့မဟုတ်ဘဲ ပိုင်ရှင်မသိလျှင် လုပ်ကောင်းသည်ဟု မှတ်ထင်သွားခဲ့သော်...။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်ကို အစ်ကိုကြီးကလွဲ၍ အားလုံးသဘောတူကြသည်မို့ မဆင့်တို့တူဝရီး ဦးဆောင်ကာ အခမဲ့သနားသူများ ခြံရဲလျက် ချီတက်သွားကြတော့သည်။

ညီအစ်ကိုတစ်တွေ ဂေဟာဗေဒ အကြောင်း ပြန်ဆက်ဖို့ ပြင်လိုက်တော့ အစ်ကိုကြီးကို မတွေ့တော့။

* * *

[ ၄ ]

"အမေရိကန်လို ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆို ခုလိုဆေးတွေ ဘာတွေ ဖျန်းထားတဲ့ သီးနှံတွေ၊ မျိုးဗီဇပြုပြင်ထားတဲ့ အသီးအရွက်တွေကို မစားသုံးကြတော့ဘူး။ သဘာဝအတိုင်း စိုက်တဲ့ ပျိုးတဲ့ သီးနှံကမှ ..."

စကားပင် မဆုံးလိုက်။ ချီတက်သွားသူတချို့ ပြန်ရောက်လာကြသည်။ ဘာဖြစ်ပြန်ပါလိမ့်။

"မောင်မောင်ကြီးက မတိုင်ရဘူးတဲ့။ တစ်လမ်းလုံး လိုက်ဆူနေလို့ ပြန်ခဲ့ရတယ် မောင်မောင်တို့ရေ"

နှမဖြစ်သူ မဆင့်၏ လှမ်းပြောလိုက်သံ။

"ဟုတ်တယ်၊ ဦးကြီးက ဘာမှန်းမသိဘူး။ ပြီးတော့ သူပဲ သီးနှံတွေပျောက်ရင် ဆူတယ်။ ခု သူခိုးမိပြန်တော့လည်း မတိုင်ရဘူး၊ ပြန်လွှတ်ရမတဲ့။ နောက်ဆို ခိုးချင်တဲ့သူခိုး ခိုးကြ... ကျွန်တော်တော့ မဖမ်းဘူး"

တူမောင်၏ မကျေမချမ်းစကား။ ကျွန်တော်တို့အားလုံး အစ်ကိုကြီးကို ဝိုင်းဝန်းအပြစ်တင်ကြသည်။ အစ်ကိုကြီးကတော့ ဘာမှမတုံ့ပြန်။ ဒါသည်က အစ်ကိုကြီး၏ စိတ်ရင်း။ သနားတတ်သည်။ အားနာတတ်သည်။ ကလေးတွေ မျက်ရည်ကျတာ မြင်ကတည်းက ပြန်လွှတ်စေလိုနေသည်။ ညီတွေ... အထူးသဖြင့် စာကလေး ဘာကလေး မတောက်တခေါက်ရေးသော ကျွန်တော့်ကို မဆန့်ကျင်လို

mgyoe.com

 mgyoe.com 

၍သာ ငြိမ်နေခဲ့ပြီး သူနိုင်သည့် နမယ်နှင့် တူတို့ကို လမ်းမှသွားကာ တားမြစ်ခဲ့ခြင်းပင်။

"အစ်ကိုကြီးက နေရတာကာ သနားတတ်တာကိုး။ ဒါ သနားတာမဟုတ်ဘူး။ သူတို့ကို စာရိတ္တပျက်အောင် အားပေးတာ"

"ခုလောက်ဆို သူတို့လည်း ကြောက်သွားပါပြီကွာ၊ နောင်လုပ်မှာ မဟုတ်တော့ပါဘူး"

"မောင်မောင်ကြီးကလည်း... သူတို့လား နောင်မလုပ်မှာ ဝေးပါသေး။ တို့ကို ဖမ်းတယ်ဟာဆိုပြီး အငြိုးနဲ့ တောင် လုပ်ဦးမယ် ဟင်း..."

မဆင့်၏ သောကထင်ကြေး ဖြစ်နိုင်သည်။ မလုပ်ဘူးဟု ဘယ်သူမှ မဆိုနိုင်။ လူဆိုတာ ကြီးငယ်မဟူ အငြိုးဖွဲ့တတ်တာကလား။ ထိုအငြိုးနှင့် ဖျက်လိုဖျက်ဆီးပြုခဲ့လျှင်...၊ ဒါဆို... အစ်ကိုကြီးဆန္ဒအတိုင်း ပြန်လွှတ်လိုက်ရင်ကော၊ အဲဒီအခါကျလည်း အင်း...

"ကဲ ဒါဆို ဘယ်လိုလုပ်မလဲ"

"ငါ သူတို့မိဘတွေ ဘယ်သူဘယ်ဝါဆိုတာ အဲဒီရွာကို စုံစမ်းခိုင်းလိုက်တယ်ကွ"

ဟုတ်သားပဲ။ အစ်ကိုကြီးရဲ့ အစီအစဉ် အကောင်းသား။ သူတို့မိဘတွေခေါ်ပြီး နောင်မလုပ်အောင် ဆုံးမပေးဖို့ ပြောဆိုပြီး အပ်နှံလိုက်ရုံပေါ့။ ဒါ အကောင်းဆုံးဖြေရှင်းနည်း။ ဒါကြောင့် အားလုံးသဘောတူညီပြီး ညီကိုကျော်က–

"အဲဒါ ကောင်းတယ်။ မိဘလည်း အသိပေးပြီးသား ဖြစ်တာပေါ့။ ဒီကောင်လေးကတော့ လှည်းမီးချတဲ့ ဖိုကပဲ။ ဟိုကောင်မလေးကတော့ ရွာအရှေ့တောင် ချောင်ထဲက ဖြစ်မယ်။ အဲဒီမှာ စုံစမ်းအခေါ်ခိုင်းလိုက်ပေါ့"

ထိုအဆိုကို အထိတ်တလန့် ကန့်ကွက်သူက...

"အမေတို့ကို အခေါ် မခိုင်းပါနဲ့၊ ကိုတွတ်... ကျုပ်ကို သတ်လိမ့်မယ်"တော့။

* * *

[ ၅ ]

ကောင်လေးက စိတ်သက်သာရပဟန် ရှိသွားသော်လည်း ရှင်မီးကမူ ခုမှ ပိုတုန်လှုပ်လာသည်။ မျက်ရည်စမ်းစမ်းဖြင့် သူ့အိမ်ကို မခေါ်ဖို့ပြောနေသည်။ မောင်လေး ဖျားနေလို့ အမေ အဝေးကြီး သွားနေကြောင်း၊ ကိုတွတ်က နွားထွန်သွားနေကြောင်း၊ သူ့အိမ် ဘယ်မှာရှိကြောင်းမှ အစ တတွတ်တွတ်ပြောပြနေသည်။ ပြောဆိုပုံ သရုပ်မပီလို့ထင့်၊ မည်သူမျှ မယုံကြ၊ ကရုဏာ မသက်ကြ။

တစ်စတစ်စ အားပေးသူပရိသတ်ကတော့ လူစုကွဲသွားပြီ။ အိမ်ထောင်ကွဲအစ်ကိုလေးနဲ့ ညီတို့ကလည်း ညမှ လာခဲ့ဦးမယ်ဆိုကာ ပြန်ကြပြီ။ အစ်ကိုကြီးတို့၊ မဆင့်တို့ကလည်း ဆိုင်ရာဝန်တို့ကိုထမ်းရန် သွားကြပြီ။ ကျွန်တော်နှင့် အထူးဧည့်သည်တော်နှစ်ယောက်တို့သာ ငုတ်တုတ်။ မြေပြင်ပေါ်တွင် ထိုင်နေကြသော သူတို့ကို တန်းလျားခုံပေါ် တက်ထိုင်ရန် ပြောရသည်။

နှစ်ယောက်ကိုယှဉ်ပြီး ကြည့်မိတော့ ကလေးမက ပို၍ နွမ်းပါးဟန်ပင်။ ကောင်လေးက သပ်သပ်ရပ်ရပ်။ ကလေးမို့လားမသိ၊ မျက်နှာဟန်ပန်က ပြောင်းလွယ်လဲလွယ်။ ခုနက မျက်ရည်မျက်နှာသည် ခုတော့ ပြုံးရယ်ကာ အဖော်ကောင်လေးကို စကားပြောနေသည်။ ဘာတွေပြောနေသည်တော့ မသိ။

အင်း... ဆယ်ကျော်သက်လေးတွေပဲ။ ကျောင်းမှ နေကြရဲ့လားမသိ။ သူတို့မိဘတွေကကော ဒီအရွယ်တွေမှာ ပညာမသင်စေဘဲ ပေါက်လွှတ်ပဲစား ထားကြလေရော့လား။ ဘာပဲဖြစ်ဖြစ် သူတို့လေးတွေကို ခုလိုဖြစ်တာ မကောင်းကြောင်း၊ သူတကာ အထင်မြင်သေးဖွယ် ဖြစ်ကြောင်းကိုတော့ ပြောပြရဦးမည်ဟု တွေးရင်း စကားတောက်ကြည့်တော့ ကောင်ကလေးက ကျောင်းဖွင့်လျှင် ခုနစ်တန်းတက်မည်ဖြစ်ကြောင်း၊ အဘွားသိလျှင် ရိုက်နိုင်ကြောင်း၊ ရှိုးရှိုးကောက်သင်းကောက်ထွက်ရာ ကောင်မလေးသင်ပြ၍ ယခုလို...

"ငါသင်တာ မဟုတ်ပါဘူး။ နင့်ဘာသာ ခိုးတာပါ"

"မနေ့က နင်ပဲလာခေါ်တာလေ။ ဒီနေ့လည်း နင်ပဲ ဒီအခင်းချိုးမယ်လို့ ပြောတာ"

ခုတော့ သဘောထား ကွဲကြပြီ။ မနေ့ကလည်း ချိုးသေး ဆိုပါလား။ မဆင့် ကြားရင်တော့ ဒေါပွ ဦးမည်။ အစ်ကိုကြီးကော ခုလိုပြန်လွှတ်မိတာ မှားပြီထင်မလား။ ဘယ်လိုလုပ်ရပါ့။ ဒီလိုနည်းနည်းခိုးရင်းက တဖြည်းဖြည်း အင်း... သီးနှံလောက်နေမှာပါလေ။ တစ်ဝမ်းတစ်ခါးနေမှာပါ။ အူမတောင့်တဲ့အချိန်ကျ ဒါတွေစောင့်နိုင်သွားကြမှာပါ။ ခုဟာက တကယ့်ကလေးအရွယ်လေးတွေ။ ရှိလှ... ရန်ကုန်မှာ ကျန်ခဲ့တဲ့ သားကြီးအရွယ်လေးတွေ။ ဩော်...

mgyoe.com

mgyoe.com

ဒီအရွယ်တွေနဲ့။

"ကျွန်တော့်ကို ပြန်လွှတ်ပေးပါ ဦးလေးရယ်၊ နောင် မလုပ်တော့ပါဘူး"

ပြန်လွှတ်ပေး၍ မဖြစ်သေး။ မတော် တစ်စုံတစ်ခု လမ်းမှာဖြစ်ခဲ့သော်...၊ မိဘထံပင် သေချာ အပ်နှံရပေမည်။ လွှတ်ပုံမရတော့ ကောင်လေးက မျက်ရည်ကူသည်ထင့်၊ ငိုသည်။ ဒါကို ရှင်မီးမယ်က ဝမ်းသာဟန် မထိကြည့် သူ့အပေါင်းအသင်းကို ကြည့်နေသည်။ နှစ်ဦးယှဉ်ကြည့်မိမှ အဆင်းအသွင် ကွာသလို အမူအရာကလည်း ကွဲသည်။

"မင်းတို့ ဘယ်မှာတွေ့ကြတာလဲ"

"သူက လာခေါ်တာ၊ ကျွန်တော်တို့က ဒီရွာကို ဒီနှစ်မှရောက်တာ။ မြောင်ကို ပြန်ရင် ဂျုံဆံကျိုသောက်ရအောင် လိုက်သွားတာပါ"

"မင်းက ကျောင်းနေတယ်၊ သူကရော"

"ဟဲ့ နင့်မေးနေတယ်၊ ဖြေလိုက်လေ"

"ဟင့်အင်း"

သူက ဒါပဲဖြေသည်။ စဉ်းစားထားသော ဆုံးမစကားတို့သည် ပျောက်သွားကြသည်။ သင်းကလေး နားနဲ့တန်အောင် ဘယ်လိုပြောရပ့်။ ခိုးတာ မကောင်းကြောင်း၊ ခိုးလျှင် ငရဲကြီးတတ်ကြောင်း၊ အင်း... ဒါလောက်နဲ့ ဖြံမည့်ပုံမတွေ့ရ။ သူ့ဥစ္စာကို သိလျက်သားနဲ့ လောဘစိတ်ထား ခိုးယူလို့ ကဗျာလေးဆိုပြ၊ အဲ... လောဘစိတ်ထား လောဘ ဟုတ်မယ် မထင်ပါဘူးလေ။

နောက်ဆုံးတော့...

"မင်းတို့မှာ သူငယ်ချင်းတွေ မရှိဘူးလား"

ဘာကြောင့်မေးသလဲဆိုသည့် အကြည့်နှင့် ပြန်ကြည့်နေကြသည်။ ဟို မယ်ရှင်မီးကဖြင့် အရေးမလုပ်။ လမ်းမဘက် လှမ်းငေးနေလိုက်သေး။

"အေး... အဲဒီသူငယ်ချင်းတွေ မင်းတို့အကြောင်း ကြားသွားရင် မင်းတို့ကို ကဲ့ရဲ့လိမ့်မယ်၊ နောက်ပြီး..."

ကောင်လေး မျက်တောင်ပုတ်ခတ်လှုပ်သည်။ ဟုတ်ပြီ၊ ဒီအချက်ကို ဖိပြောပေးရမည်။

"စာရိတ္တမကောင်းဘူးဆိုပြီး အပေါင်းအသင်း မလုပ်ချင်ကြဘူး။ ဒါတင်မက အဖမ်းအဆီးလည်း ခံရတတ်တယ်။ ဒါကြောင့် သူတစ်ပါးဟာဆို မပေးဘဲ မယူရဘူး။ လိုချင်တောင်း ရတယ်။ ဂျုံဆံကျိုသောက်ချင်ရင်လည်း တောင်း..."

"အံမယ်... အိမ် ပြန်မလာပါလား အောက်မေ့နေတာ သင်းက ဒီလိုဖြစ်နေတာကိုး၊ လာခဲ့"

အဒေါ်ကြီးတစ်ယောက် သုတ်သုတ်ဝင်လာသည်။ လှည်းမီးချဖိုက ဖြစ်မည်။ ရောက်လျှင်ရောက်ချင်း မြေးလက်ကိုဆွဲကာ တင်ပါးကို လက်ဝါးနှင့် ဖြန်းဖြန်းချ၍ မဆင့် မီးဖိုဆောင်မှ ထွက်လာကာ...

"မလုပ်ပါနဲ့ အဒေါ်၊ နောင်မလုပ်အောင်သာ ဆုံးမပေးပါ"

"ဆုံးမပါတယ် တူမရယ်၊ အခုဟာကလည်း ဟို အဆွယ်ကောင်းလို့ ဖြစ်ရတာပါ၊ နောင်မဖြစ်စေရပါဘူး၊ အမလေး... လူကြီးအိမ် မပို့တာပဲ ကျေးဇူးတင်လှပါပြီတော်"

ပြောသင့်ဆိုသင့်သော စကားလေးတွေ ဝင်ပြောပေးကာ ကောင်လေးကို ထည့်ပေးလိုက်သည်။ မဆင့်က သူ့ဂျုံတောင်းလေးကိုလည်း ဂျုံနှံတွေနှင့်တကွ ပြန်ပေးလိုက်သည်။ ထိုမြေးအဘွား ပြန်မည်ပြုတော့ ရှင်မီးမလေးကလည်း လိုက်အံ့ပြင်သည်။ ပြန်ထည့်လိုက်၍ မဖြစ်သေး။ သူက ဒီအမှုတွင် အခရာ။ သူ့မိဘထံ သေချာအပ်နှံမှ။

"ညည်းက နေခဲ့ဦး"

နှစ်ယောက်လာရာ တစ်ယောက်ပြန်ရပြီး သူကျန်ရစ်တော့ ဝမ်းနည်းလာသည်ထင့်။ ရှင်မီးမ ဟီးခနဲ ငိုချလိုက်သည်။ မီးဖိုချောင်မှ မဆင့်ပင် ပြန်ထွက်လာပြန်ကာ ဘာဖြစ်တာလဲ စူးစမ်းရသည်။

"ဟဲ့ မငိုနဲ့လေ၊ ခုနက အဒေါ်ကြီးနဲ့ အမေ့ကို မမှာလိုက်ဘူးလား"

"အီး ဟီး... ကိုတွတ်သိရင် သတ်မှာ... အီး ဟီး ဟီ"

ရော် ခက်ပြီ။ ကိုတွတ် တဲ့။ ဒါ သူ့အဖေ နေမှာ။ သင်း ခုမှကြောက်ရကောင်းမှန်း သိတယ်။ အဲဒီ ကိုတွတ်ဆိုတဲ့ လူကိုက ချာတာ။ ကလေးကို ဒီအရွယ်နဲ့ ခိုင်းစားရမလား။ ကလေးရဲ့ ကောက်သင်းကောက်တဲ့ လုပ်စာက ဘယ်လိုများ များမှာမို့လဲ။ ကောက်သင်းကောက်လို့ မရပြန်ရင်လည်း ပြုငြင်ကြဦးမှာ။ ဒါကိုကြောက်တဲ့ကလေးက ကောက်သင်းမရတော့ ရတာယူ။ ရတာယူရင်း အတင့်ရဲပြီး...

"ညည်းနာမည် ဘယ်လိုခေါ်တုန်း"

"မတွတ်"

"ညည်းအဖေကကော"

"ကိုတွတ်"

mgyoe.com

mgyoe.com


"ဟေ... အဖေကလည်း တွတ်၊ သမီးကလည်း တွတ်၊ ဟုတ်ပေ့ကွာ"

မဆင့်က ရယ်သည်။ နောက်နေတာလားလို့ သင်းကလေးကို ပြန်ကြည့်ရသေးသည်။ သူက ခပ်တည်တည်ပင်။ မင်းတန်းရွာတောင်ပိုင်းထဲက ဖြစ်မည်ထင်ကြောင်း မဆင့်က ဝင်မေးတော့...

"ဟုတ်တယ်၊ တောင်ပိုင်း ဦးစံရွှေတို့ အိမ်နားက"

"ညည်းအဖေက ဘာလုပ်လဲ"

"မသိဘူး၊ ကိုတွတ်ကတော့ ဦးစံရွှေအိမ်မှာ လူငှားလုပ်တယ်"

"ကိုတွတ်က ညည်းအဖေ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ သူက အမေ့ယောကျ်ား"

"ဟေ..."

အာမေဋိတ်ကို တော်တော်ကျယ်ကျယ်ပြုမိသည်။ နားမျက်စိ လည်ကုန်ပြီ။ ကိုတွတ်...။ သူက အမေ့ယောကျ်ား။ အဖေက ဘာလုပ်မှန်းမသိ။ လယ်သူရင်းငှားလုပ်တယ်။ ဘယ်နှာတုံး။ သူ့အဖေကို တိုင်မည်စိုး၍ ပါးစပ်ထဲရှိတာတွေ ပြောနေတာဖြစ်မည်။ စောစောကပဲ ကိုတွတ်က ရိုက်မှာစိုးကြောင်း ပြောခဲ့သေးသည်။ ကိုတွတ်က သူ့ အဖေမဟုတ်လို့ ဘယ်သူ့အဖေတုံး။ ဇဝေဇဝါဖြစ်ဟန်ကို ကြည့်ရင်း နမဖြစ်သူ မဆင့် ရယ်နေသည်။ မကျေနပ်၍ ထပ်ပြီး...

"ညည်းအဖေက ဘယ်သူ"

"မသိဘူး"

"ဟင်... ခုနကတော့ ကိုတွတ်ဆို"

"ကိုတွတ်က အမေ့ယောကျ်ားရယ်"

"အမ်း... နင့်အမေ ယောကျ်ားက နင့်အဖေ"

ကျွန်တော်၏ လောဂျစ်မကျ အတွေးကို အချိန်မီ ကျွန်တော့်နမက ဝင်ရောက်ဖြေရှင်းပေးသည်။

"သူ့အမေက ယောကျ်ားနှစ်ယောက်ဖြစ်မယ်ထင်တယ် မောင်မောင်" ဟု တီးတိုးပြောသည်။

ပြီးမှ "ဦးစံရွှေတို့အိမ်နားက ဆိုတော့ မရင့်သမီးလား"

"ဟုတ်တယ်တော့"

ခုမှ လိပ်ပတ်မွတ်တော့သည်။ အမေ့ယောကျ်ားတိုင်း အဖေ မဟုတ်နိုင်။ သူက ကြောက်ရွံ့ရသည်ဆိုတော့ အင်းခေါင်လိုက်တဲ့ ငါ။ နမဖြစ်သူက စာရေးဆရာဆိုသည့် အစ်ကို့အဖြစ်ကို ကြည့်ရယ်ပြန်သည်။ ရယ်သင့်သပ ငါ့နမရယ်။

"ကိုတွတ်က အမေ့ယောကျ်ား၊ ညည်းအဖေက ဒါဆိုဘယ်သွားတုံး"

"မသိဘူးတော့၊ ကျုပ်ငယ်ငယ်ကတည်းက မရှိတာ"

ကိုတွတ်ကိုခေါ်ဖို့ပြောတော့ အကြောက်အကန်ငြင်းဆန်ခဲ့တာကို ရိပ်မိပြီ။ ဒါဆို အချိန်မီသေးလား။ သူ့အမေကိုသာ အခေါ်ခိုင်းရကောင်းသား။

"ညည်းအမေကို မမှာလိုက်ဘူးလား"

"အမေက မရှိဘူး။ ဟိုးအနောက်တာဆီမှာ ဂျုံရိတ်လိုက်နေတယ်"

"ပြန်ရောက်တော့ လာမှာပေါ့"

"လာချင်မှလာမှာတော့။ မိုးချုပ်မှာမို့ မောင်လေး ကို ကွမ်းရည်ပြုတ်ရည်တိုက်ထားဖို့ မှာခဲ့တယ်"

"မောင်လေးက ဘာဖြစ်လို့လဲ"

"သူလား၊ ဖျားနေတာ။ ခုလောက်ဆို ကျုပ်ကို မျှော်လှရော့မယ်"

"ကိုတွတ် တိုက်ထားမှာပေါ့ကွယ်"

"ကိုတွတ်လား ခုချိန်ဆို သူက မူးနေမှာ"

သဘောပေါက်ပြီ။ သင်းကလေးကို ဘယ်လိုပြန်လွှတ်ရပါ့။ တစ်ယောက်တည်း လွှတ်လိုက်ရအောင်ကလည်း နေဝင်လုပြီ။ သူ့အိမ်က လိုက်မခေါ်နိုင်လျှင် ခက်ကပြီ။ တတ်နိုင်ဘူးလေ။ တူတော်မောင် ရေမိုးချိုးပြီးလောက်မှ စက်ဘီးနဲ့ဖြစ်ဖြစ် လိုက်ပို့ခိုင်းရတော့မယ်။ ထိုစဉ် မဆင့်က ဟင်းတွေပုံထည့်ထားသော ထမင်းတစ်ပန်းကန်ကို ယူလာကျွေးသည်။ သူ ဟန်မဆောင်။ မွတ်သိပ်စွာ လွေးတော့သည်။

မဆင့်က "ထမင်းလိုရင် ထပ်တောင်းနော်"

ထမင်းကို အားရပါးရစားနေသော သူက ကျွန်တော့်ကို တစ်စုံတစ်ခု သင်ပြနေသယောင်ပင်။

* * *

[ ၆ ]

"ကျွန်မ သတင်းကြားလို့ ရောက်ရောက်ချင်း လာတာ။ သာထွန်းရွာအနောက်ပိုင်းက အိမ်ကြီးတစ်အိမ်မှာ ဖမ်းထားတယ်ဆိုတော့၊ ဒါဆို အမေကြီးကတို့အိမ် နေမှာပဲ

mgyoe.com

mgyoe.com

ဆိုပြီးတော့ လိုက်လာတာ... တော်ပါသေး။ ဟဲ့ လာခဲ့... မသာမလေး"

အသက် သုံးဆယ်ကျော်အရွယ် မိန်းမတစ်ယောက်။ ကျွန်တော်တို့ မိခင်ကြီးနာမည်ကို ပြောကာ ဝင်လာပြီး မတွတ်ကိုဆွဲသည်။ ရိုက်အံ့ရွယ်၍ မောင်နှမနှစ်ယောက် ပျာပျာသလဲ...

"မလုပ်ပါ... မလုပ်ပါနဲ့"

"မရိုက်ပါနဲ့"

တားမြစ်ကြရသည်။ မအေ့လက်ထဲတွင် ယက်ကန် ယက်ကန်ပါနေသော မတွတ်ကိုလည်း ကွယ်ကြ၊ ကာကြရသည်။ အဝေးကပြန်လာသော မိခင်သည် သမီးကို မတွေ့၊ သားကိုလည်း ဆေးမတိုက်ရသေး၊ ချက်ရေးပြုတ်ရေးကလည်း မစီမံရသေး။ ဒီအထဲ ခုလို တစ်ရွာကို လိုက်လာရဆိုတော့ ဒေါသထွက်ပေမပေါ့။ တစ်ရွာနှင့်တစ်ရွာ အလှမ်းမဝေးတာကိုပင် ကျေးဇူးတင်ရသည်။

မမှောင်ခင် ပြန်ကြဖို့သတိပေးရင်း သူ့အထုပ်လေးကို ပြန်ပေးလိုက်ကြသည်။ အစစ နှမြောတတ်သူအဖြစ် နာမည်ထွက်သော ကျွန်တော့်နှမ အပျိုကြီးမက ဂျုံနံ့လေးတွေကို ပြန် မယူလိုက်သည့်အပြင် ပဲတစ်ပြည် ထပ်ဆောင်းကာ...

"ရော့... ဒါ မတွတ်ကိုပေးတာ၊ အိမ်ကျ ပြုတ်စားဖို့"

ပြန်သွားကြသော သားအမိကို ငေးကြည့်ရင်း နေ့ခင်းဘက်က ညီအစ်ကိုတစ်တွေ ဝိုင်းဖွဲ့ပြောခဲ့ကြသော ဂေဟာဗေဒအကြောင်းကို ပြန်သတိရသည်။

ညီအစ်ကိုတို့နှင့်ဆုံလျှင် ဂေဟာစနစ်အကြောင်းကို ဥပမာအသစ်နှင့် ပြောပြရပေဦးမည်။

ကံထွန်းသစ်

၂၀၀၉၊ ဖေဖော်ဝါရီ၊ ရွှေအမြုတေမဂ္ဂဇင်း။

mgyoe.com

mgyoe.com

# မဆာတတ်သူများ

မိမိုး

"သူနဲ့သိတာက စိတ်ချင်း အရမ်းဝေးသွားပြီ"တဲ့။ ပြောပုံလေးက ဆွေးဆွေးမြည့်မြည့်လေး။ မျက်လုံးလေးတွေကလည်း ရီရီဝေဝေ ဖျော့ဖျော့တော့တော့။ နဂိုလှတဲ့ မျက်လုံးကတော့ ဆွေးဆွေးမြည့်မြည့်ဖြစ်နေလည်း လှနေတာပါပဲ။ ကျွန်မကလည်း လက်ထဲက လက်ချုပ်လိုက်လက်စ အထည်လည်း အလုပ်မပျက်စေရ၊ သူပြောသမျှလည်း ထိုင်နားထောင်နေရင်းက တစ်ချက်တစ်ချက် သူ့ကိုငေးကြည့်ဖြစ်ရင်း သိတာက ခုချိန်ထိ လှနေတုန်းပဲလို့ စိတ်ထဲက မှတ်ချက်ပေးနေမိတယ်။

သူ့ရင်ဖွင့်စကားတွေကို နားထောင်ပေးရုံကလွဲပြီး ဝေဖန်ချက်လည်း မပေး၊ ဆွေးနွေးဖော်လည်း မရတဲ့ ကျွန်မကို သူ့စိတ်ထဲ ဘယ်လိုမှ သဘောမထားဘူးထင်ပါရဲ့။ သူ့ဘက်ကသာ စကားတွေတသွင်သွင် စီးဆင်းနေတယ်။ ကျွန်မကို ရင်ဖွင့်လို့လည်း ဘာအကြံဉာဏ်မှ မရနိုင်ဘူးဆိုတာ သူကြိုသိထားပုံပါပဲ။

တကယ်ဆို ကျွန်မက ဟိုးအရင်ငယ်ဘဝတွေကတည်းက ခပ်တုံးတုံးမိန်းမတစ်ယောက်လေ။ ကျွန်မတို့တစ်ဝမ်းကွဲညီအစ်မတွေစုံလို့ ကိုယ်နဲ့သက်ဆိုင်တဲ့ ဆန့်ကျင်ဘက်ယောကျ်ားလေးတွေအကြောင်း ပြောကြတိုင်း ကျွန်မက နားထောင်သမားသက်သက်။ သူတို့ရဲ့ ပြောစရာများပြားမှုတွေကို တအံ့တသြနားထောင်ရင်း ငါ့အလှည့်မှာဘာလို့ပြောစရာ မရှိပါလိမ့်လို့ တွေးဖြစ်ခဲ့ဖူးပါတယ်။ ဘွားဘွားပြောနေကျ စကားလေးတစ်ခွန်းကတော့...

"ငါ့မြေး သင်းသင်းက ညည်းတို့တွေလို မဟုတ်ဘူး၊ အရိုးခံလေး၊ အပျိုကြီးဖြစ်မဲ့ ကလေး" တဲ့လေ။ ဒါပေမယ့် ကျွန်မ အပျိုကြီးတော့ မဖြစ်ခဲ့ပါ။ ကျွန်မလက်ထပ်တော့ မယ်ဆိုတော့ ညီအစ်မဝမ်းကွဲတွေအားလုံး တအံ့တသြ တသောသောနဲ့ မင်္ဂလာပွဲကို ရောက်ခဲ့ကြပါတယ်။ အမျိုးသားကို ရင်းနှီးခင်မင် တစ်သားတည်းကျသွားချိန်မှာတော့ မသင်းသင်းလက်ထပ်မဲ့ ခင်ပွန်းကဒီလိုလူမျိုးကလွဲပြီး တခြားလူမရှိနိုင်ဘူးတဲ့လေ။ ဒါဟာ ကျွန်မခင်ပွန်းသည်ရဲ့ အေးဆေးရိုးသားသော ဆက်ဆံမှုများကိုကြည့်ပြီးချတဲ့ မှတ်ချက်ပဲ ထင်ပါရဲ့။

"သိတာ အချစ်စစ်ကို ခုမှတွေ့တာ မမသင်းသင်းသိလား"

ဩော်... ပြောပြန်ပြီ။ သိတာရေ နင်အရွယ်ရောက်ကတည်းက ဒီစကားကိုပြောခဲ့တာ ဘယ်နှကြိမ်ရှိပြီလဲ။ စိတ်ထဲက မေးမိပေမယ့် ပါးစပ်ကတော့ ပြုံးရုံပဲ ပြုံးပြီးကြည့်ဖြစ်

mgyoe.com

mgyoe.com 

လိုက်တယ်။ သီတာကတော့ သူ့ဖိလင်နဲ့သူ ကျွန်မအပြုံးကို သတိထားမိဟန် မတူပါဘူး။ မနက်မိုးလင်းကတည်းက ရောက်လာပြီး သူ့အချစ်ဇာတ်လမ်းကို ရင်ဖွင့်နေတာ နားထောင်ရတဲ့ ကျွန်မ ပန်းလှပြီ။ ကျွန်မ ပတ်ဝန်းကျင်ကလူတွေ ကျွန်မကိုဆို ဘာလို့များ ရင်ဖွင့်ဖော်လူသားအဖြစ် သတ်မှတ်ကြပါလိမ့်။ ကျွန်မရဲ့ ပြဿနာသီဖွားအရပ်ပုသူများ ဇာတာအရကိုက သစ္စာရှိတယ်၊ နှုတ်လုံတယ်ဆိုတာမို့ ရင်ဖွင့်မယ့်သူ များနေသလား မသိပေ။ တကယ်ဆို သစ္စာရှိချင်လို့၊ နှုတ်လုံချင်လို့ရယ် မဟုတ်ဘဲ ကျွန်မကိုယ်တိုင်က သူတို့ကိစ္စများကို လိုက်မမှီခဲ့ခြင်းမို့ သတင်းဖြန့်ဖို့လည်း စိတ်ကူးမရှိ။ ကိုယ့်အရေးထက်လည်း ပိုစိတ်မဝင်စားမိဘဲ သူတို့ပြောပြီးပြီပဲ သဘောထားလိုက်ခဲ့ခြင်းပါ။

"ဒါ ကိုနေလင်း ဝယ်ပေးထားတဲ့ လက်ဆောင်လေ"

သီတာ့အသံကြောင့် ကျွန်မ သူညွှန်ပြနေတဲ့ သူ့လက်ကို ကြည့်ဖြစ်တယ်။ နာရီလှလှလေးတစ်လုံး။ အဖိုးသေးပုံမရပေမဲ့ ဘယ်လောက်ဆိုတာ မသိချင်တော့ပါ။ သီတာ့နှုတ်မှ ကိုနေလင်းဆိုသူ၏ အလိုက်သိမှုများအကြောင်း တဖွဲ့တနွဲ့တွေ ပြောပြလို့ရယ်။ ကျွန်မကတော့ သီတာ့စကားများထက် သီတာ့ရဲ့ လှပတဲ့လက်မောင်းသားများကို သဘောတကျဖြစ်နေပါတော့တယ်။ အသက်သုံးဆယ့်ရှစ်နှစ်အရွယ် အိမ်ထောင်သည်အမျိုးသမီးတစ်ယောက်ရဲ့လက်မောင်းသားများဟာ ဒီလောက် လှပနိုင်သေးတယ်လား။ တကယ်ဆို သီတာနှင့်ကျွန်မမှာ နှစ်နှစ်သာ ကွာခြားတာပါ။ ကိုယ့်မှာတော့ သူ့လို လက်ပြတ်မပြောနှင့်၊ လက်ရှည်တောင် ပါးလျှင် မဝတ်ရဲတော့။ ဝတ်လည်း ကြည့်လို့ကို မကောင်းတာပါ။ မနက်စောစောယောကျ်ားနှင့် ရန်ဖြစ်ပြီးထွက်လာသည့် မိန်းမတစ်ယောက်အပေါ်အောက် လိုက်ဖက်အောင် ဝတ်လာနိုင်တာလည်း ကျွန်မဖြင့် အံ့ဩတာပါပဲ။ ကျွန်မဆို ချိန်ရွယ်စဉ်းစားပြီး သွားတဲ့လမ်းမှာတောင် အချိုးကျအောင် ကိုယ့်ကိုကိုယ် မဆင်တတ်။ အင်း... ဒါတွေကွာလို့လည်း ကျွန်မနဲ့ သူဖြစ်စဉ်တွေ ကွာကုန်သည် ထင်ပါရဲ့။ သူ့မှာတော့ ခုချိန်ထိကို ပန်းနဲ့လိပ်ပြာဇာတ်လမ်းတွေ မပြီးနိုင် မစီးနိုင်သေး။

"စဉ်းစားကြည့်ပါဦး မမသင်းသင်းရယ်၊ သူ့လက်ထဲမှာရှိတဲ့ ပစ္စည်းကို သူလည်း တန်ဖိုးမထားဘူး၊ တခြားလူက တန်ဖိုးထားတော့လည်း သူက မကြည်ဖြူနိုင်ဘူး။ တကယ်ဆို သူ သီတာ့ကို ကွာရှင်းပေးလိုက်ရင် ပြီးနေပြီ"

"ဟဲ့... ကလေးတွေ ရှိသေးတယ်လေ"

ကြည့် မပြောပါဘူးဆိုမှ မနေနိုင်လွန်းလို့ တစ်ခွန်းထွက်သွားသေးတယ်။ သီတာက ကျွန်မရဲ့ ထောက်ပြတဲ့စကားကို ခပ်မြန်မြန်တုံ့ပြန်တယ်။ ကလေးတွေက သူ့ကို အကုန်နားလည်ကြတယ် ဆိုပါလား။ ကျွန်မ ချုပ်လက်စအထည်ကိုသာ သဲကြီးမဲကြီးချုပ်ရင်း တစ်ခွန်းမှ ထပ်မပြောဖြစ်အောင် ထိန်းလိုက်ရတော့တာပေါ့။ ဟော တီးလုံးသံဆန်းဆန်းနဲ့ သီတာ့ဟန်းဖုန်းသံ မြည်လာတယ်။ သူကျွန်မရှေ့မှာ ဖုန်း မပြောဘူး။ တကယ်ဆို ကျွန်မတို့အိမ်မှာ ထိုင်ပြောလို့ရအောင် လိုင်းမိရဲ့သားနဲ့ ဟိုး... အိမ်ရှေ့ထိထွက်သွားပြီး ပြောနေလေရဲ့။ ကျွန်မကတော့ သက်ပြင်းချရင်း ကျွန်မတို့ အပျိုဘဝတွေတုန်းက ဘွားဘွားအိမ်က လိုင်းဖုန်းအိုအိုကြီးဟာ သီတာတစ်ယောက်နဲ့တင် တခြားလူအလှည့်မရောက်နိုင်တာကို သတိရနေမိတယ်။ ကျွန်မသီတာ့ကို လှမ်းကြည့်တွေးတောနေတုန်းမှာပဲ အိမ်ကဖုန်းက မြည်လာတာမို့ သွက်သွက် သွားကိုင်ဖြစ်တယ်။ ဒီနေ့သမီးက အောင်စာရင်းသွားကြည့်တာဆိုတော့ ကိုယ်ဝမ်းသာအောင်များ လမ်း ကဆက်လေသလားပေါ့။

"ကလင် ကလင်"

"ဟယ်လို"

"မမသင်းလား၊ အဲ့ဒီမှာ သီတာရှိလား မမ"

"ဩော်... အေး ရှိတယ်၊ မနက်ကတည်းက ရောက်နေတာ မောင်ထွန်းဦးရဲ့"

"ကျွန်တော် သူနဲ့စကားပြောချင်တယ်"

"အေး... နေဦး၊ သူ ဖုန်းပြောနေတယ်၊ သွားခေါ်ပေးမယ်"

"နေ နေ မမ... မခေါ်နဲ့တော့။ အဲ့ဒါ သူ့အကောင်နဲ့ပြောနေတာ။ တောက်... ကျွန်တော် မမဆီကို အေးအေးဆေးဆေး လာခဲ့ဦးမယ်။ မမညီမအကြောင်းတွေ တိုင်စရာရှိတယ်..."

လာခဲ့ဦးမယ်ဆိုပြီး မလာခင်မှာပဲ သီတာ့ယောကျ်ား မောင်ထွန်းဦးတစ်ယောက် ဖုန်းထဲက တရစပ်ပြောပြသွားတာများ နားထောင်ရတဲ့သူတောင် မောကျန်ခဲ့ပါတယ်။ ဟုတ်လား၊ အင်း... အင်း ဟုတ်တာပေါ့နဲ့ ကျွန်မသံယောင်လိုက်ရတာများ ပါးစပ်တောင် ညောင်းချည့်လို့။ ကျွန်မ ဖုန်းချလိုက်တဲ့အချိန်မှာတော့ သီတာတစ်ယောက် ထိုင်ခုံ

mgyoe.com

မှာ ပြန်ရောက်နေပြီ။ သီတာ့မျက်လုံးတွေက သူ့ယောကျ်ားဆီက ဖုန်းမှန်းသိလို့ အရမ်းကျေနပ်နေတဲ့ပုံမျိုး။ ကျွန်မက လည်း သူသိနေမှတော့ ပြောချင်စိတ်မရှိတော့လို့ ချုပ်လက်စ အထည်ကိုပဲ ပြန်ကိုင်လိုက်တော့တယ်။

"ယောကျ်ားတွေက ရယ်ရတယ်။ အဲ့လို အပြိုင်အဆိုင်လေးတွေရှိမှ တန်ဖိုးထားတတ်ကြတာ မမသင်းသင်းရဲ့။ အခုဆို တစ်နေ့တစ်နေ့... သီတာ ဘာလုပ်လဲ သူ့မှာ ထောက်လှမ်းနေရတာနဲ့ အချိန်တောင် မအားရှာဘူး။ နေနှင့်ဦး... ဒီကပြန်ရင် ဖြူတီပါလာဝင်ပြီး အချိန်ဖြုန်းလိုက်ဦးမယ်။ အိမ်ကို ညကျမှ ပြန်မယ်၊ ဟင်း... ဟင်း..."

ကျွန်မ သီတာ့ကို နားမလည်မှုများစွာနဲ့ ယောင်ကန်းကန်း ကြည့်ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ သီတာ ရောက်လာလို့ သူ့စကားတွေ နားထောင်ဖို့ ပေးလိုက်ရတဲ့ အချိန်အတွင်းမှာ လစ်ဟာသွားတဲ့ ကျွန်မရဲ့အလုပ်တွေကို သူပြန်သွားတာနဲ့ ဘယ်ကဘယ်လို စ လုပ်ရမယ်ဆိုတာ အစီအစဉ်ဆွဲနေမိပြန်ပါတယ်။ မရွှေသီတာကတော့ ပြန်ရင် ဖြူတီပါလာတောင် ဝင်ဦးမယ်ဆိုပါလား။ အင်း... ဒီတစ်ပတ် ခေါင်းလျှော်ရင်တော့ဖြင့် ကျွန်မလည်း အိမ်မှာမလျှော်ဘဲ ဖြူတီပါလာ သွားကာ စတိုင်လ်ကျကျ ခေါင်းအလျှော်ခံရရင်ဖြင့် ကောင်းလေမလား။ တစ်ခါလောက်တော့ လျှော်ဖူးတယ်ရှိအောင် သွားဦးမှ ထင်ပါရဲ့။ နို့မို့ဆို ကျွန်မ ခေတ်နှင့် သိပ်အဆက်ပြတ်သွားလေမလားလို့ အတွေးများတောင် ပေါက်နေမိပါတော့တယ်။

* * *

မာရီ့ စကားသံကိုကြားပြီး ကျွန်မဆံပင်တွေ ထောင်တက်သွားသလိုပဲ။ အံ့ဩလွန်းလို့ ပါးစပ်လည်း ပြန်စေ့ဖို့ မေ့နေတယ်။ မျက်လုံးလည်း ပြန်ကျဉ်းဖို့ မေ့တယ်။ မာရီဟာ နောက်နောက်ပြောင်ပြောင် ပြောတတ်တဲ့ သူတစ်ဦး မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်။ သူနဲ့ ကျွန်မ ကြားမှာလည်း ခိုင်းစရာရှိတာ ခိုင်း၊ ပေးစရာရှိတာ ပေးရုံ ကလွဲပြီး ဟီလာ ဟာလာ ပြောလေ့ပြောထလည်း မရှိတာမို့ ဒီစကားဟာ အတည်ပေါက်စကားဆိုတာ ပိုလို့တောင် သေချာနေပါသေးတယ်။ ခက်တာက ကျွန်မ ဘယ်လိုမှ မယုံနိုင်တာ ပြဿနာ။ ကျွန်မပုံစံကိုကြည့်ပြီး မာရီ နည်းနည်းတော့ အနေရခက်ပြီး ရှက်သွားတယ် ထင်ပါရဲ့။

"ကမ်းလှမ်းမယ့်သူ ရှိတုန်း အားကိုးရှာရတာပေါ့ မသင်းရယ်"တဲ့လေ။

ကျွန်မရင်ထဲမှာ ရယ်ချင်စိတ်တွေ တလိပ်လိပ်တက်လာတာမို့ ရေမသောက်ချင်ဘဲနဲ့ ရေတစ်ခွက် ထသောက်ဖြစ်တယ်။ သောက်နေရင်းက ရယ်ချင်လာတော့ တခွီးခွီးနဲ့ သီးပါလေရော။ ဩ်... မကောင်းလိုက်တာများနော်။ သူများကိစ္စ ကိုယ်ကကြားထဲက ဘာဖြစ်နေရတာတဲ့လဲ။ မီးပူတွေ ကုန်းတိုက်နေတဲ့ မာရီ့ကို နောက်ကျောဘက်က အမြင်အတိုင်း ကျွန်မ တစိမ့်စိမ့် ကြည့်မိပြန်တယ်။ ဆံပင်တော်တော်များများဟာ အဖြူဘက် လုနေပါပြီ။ ခေါင်းက နေ ခြေဖျားထိက အရိုးပြိုင်းပြိုင်းကျအောင် ပိန်လို့။ ကုလားသွေးမို့ မည်းပါတယ်ဆိုပေမဲ့ ပိုက်ဆံကြွယ်ဝချမ်းသာတဲ့ ကုလားသွေးများက မည်းတာတောင် စိုပြည်ရွှန်းလက်လို့လေ။ အခု မာရီတို့ဘဝကတော့ မွေးကတည်းက ရုန်းရ၊ ကန်ရ၊ ဘဝမှာ ယောကျ်ားရ၊ ကလေးသားမြေးတွေ မွေးလည်း ဘဝက မပြောင်းရောင်တာမို့ အသားအရေက မွဲခြောက်တွန့်လိမ်နေလို့ရယ်။ အခု ယောကျ်ားလည်းဆုံး၊ အသက်ပဲ ခြောက်ဆယ်ရှိတဲ့အထိ ဘဝကို လှုပ်ရှားရုန်းကန်ရဆဲမို့ မာရီဟာဆိုလျှင် အမြဲတမ်းမပြောင်းမရောင်နဲ့ အသားမည်းမည်း ရုပ်ဆိုးဆိုး ကုလားမကြီးအဖြစ်သာ မြင်ရ ပြောရမည်သာ။ ခုတော့ မာရီတို့ ကံထ၊ စန်းထပုံများ တစ်နယ်တစ်ကျေးက ရန်ကုန်ကို လာလည်တဲ့ အမျိုးတူအဘိုးကြီး တစ်ဦးက မျက်စိကျကာ လက်ထပ်ဖို့ ကမ်းလှမ်းပါသတဲ့။ သူကလည်း အားကိုးရာအဖြစ် လက်ခံလိုက်ပြီတဲ့လေ။

"မာရီ... မာရီ့ရဲ့ သားသမီးတွေက ဘာမှမပြောကြဘူးလား"

"မပြောပါဘူး အစ်မရယ်၊ သူတို့က ပိုတောင် သဘောတူသေးတယ်။ ကိုရှဖီးက ပိုက်ဆံရှိတာကိုး အစ်မရဲ့"

"ပိုက်ဆံရှိတာတော့ ရှိတာပေါ့ မာရီရယ်၊ ပေါင်းရမှာ က မာရီလေ။ တော်ကြာ လက်ထပ်ပြီးမှ အဆင်မပြေဖြစ်ကြရင် ဘယ်လိုလုပ်မလဲ။ ကိုယ်က သားသမီးမြေးမြစ်တွေနဲ့ နေလာတာ ကြာပြီ။ ယောကျ်ားတစ်ယောက်ရဲ့ ကရိကထ ကို ခံနိုင်ပါ့မလား။ စဉ်းစားဦးနော်"

တကယ်တော့ ကျွန်မစကားကို အတတ်နိုင်ဆုံး လှအောင် ထိန်းပြောလိုက်တာပါ။ ဟုတ်တယ်လေ။ ယောကျ်ားဆိုတာ မိန်းမနဲ့ တူတာမှ မဟုတ်တာ။ ဘယ်လောက်ပဲ

mgyoe.com

 mgyoe.com 

အသက်ကြီးကြီး မိန်းမတစ်ယောက်ကို အလှကြည့်ဖို့ လက်ထပ်တယ်ဆိုတာ ရှိမှမရှိဘဲ။ ဒေါ်မာရီကြီး အသက်ကြီးကြီးတောင့်ကြီးမားမှ ဒုက္ခမရောက်စေချင်တာ အမှန်ပါ။ သူတို့အသိုက်အဝန်းမှာ ဒါမျိုး ထောက်ပြမည့်သူလည်း ရှိမှာမဟုတ်ဘူးထင်ပါရဲ့။ တကယ်ဆို ဒီအရွယ်ဟာ ဘယ်ဘာသာအယူပဲရှိရှိ ကျောင်းကန်ဘုရားမှာ အချိန်ကုန်ရမဲ့အရွယ်လေ။ ကျွန်မ စည်းရုံးရေးဝင်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

"မာရီ့လူက ဒီအရွယ်မှတော့ လူပျိုကြီးတော့ မဖြစ်နိုင်ပါဘူး၊ လက်ရှိ အိမ်ထောင်တွေ၊ ဘာတွေ ရှိနေဦးမယ်နော်"

"မရှိပါဘူး မသင်းရဲ့။ သူ့မိန်းမဆုံးတာ ကြာပြီ။ သူ့ကလေးတွေကလည်း အားလုံး အမွေခွဲပြီးသား။ အားလုံး လိုင်းရှင်းပါတယ်။ သူ့မှာ ကျန်တဲ့ပစ္စည်းအားလုံးက သူ့ပိုင်ချည်းပဲ"

ဒီ မာရီတော့ တဆိတ်လွန်ပြီထင်ပါတယ်။ ကျွန်မက စကား စရုံပဲ ရှိသေးတယ်။ သူက သူ့တွက်ကိန်းနဲ့သူ အဆင်ပြေလို့ပါလား။ ဒါပေမဲ့ အိမ်ထောင်ရေးတစ်ခုမှာ ငွေကြေးနှင့် တွက်ပြီး စဉ်းစားမယ်ဆိုရင် သိပ်ကို မိုက်မဲရာကျသွားမှာပေါ့။ ကျွန်မဆိုတဲ့သူကလည်း ကိုယ့်ထက်သာတဲ့သူတွေကိုသာ ဝင် မစွက်ရင်နေမယ်။ ကိုယ့်လောက်မသိတဲ့ သူတွေကိုတော့ သူ့ထိုက်သူ့ကံလို့ ဥပေက္ခာမပြုရက်နိုင်ပါဘူး။ ပြောလက်စနဲ့ ဆက်တော့ပြောလိုက်ဦးမှပါပဲ။

"ဒီမှာ မာရီရဲ့… ကိုယ့်စိတ်ချမ်းသာမှုကို ငွေကြေးနဲ့ လဲဖို့တော့ နည်းနည်းမှ မစဉ်းစားနဲ့နော်။ မာရီ့ဘဝမှာ ပိုက်ဆံမရှိပေမယ့် သားသမီးအစုံအလင်နဲ့ စိတ်ချမ်းသာမှုရှိတယ်။ ဥစ္စာပစ္စည်းဆိုတာ ကိုယ်နဲ့ထိုက်မှ ရတာ။ ဒါကို မာရီသိတယ်မဟုတ်လား"

"သိပ်သိတာပေါ့ မသင်းရဲ့။ နေ့မြင်ညပျောက်ဆိုတဲ့ စကားပုံတောင် ရှိသေးတာပဲ"

"ဟုတ်လိုက်လေ မာရီရယ်၊ ဒါကို သိသိနဲ့များ ဘာလို့ ယောကျ်ားထပ်ယူမှာလဲ။ ကိုယ့်ဟာကိုယ် အေးအေးနေစမ်းပါ"

"ဟင်း ဟင်း… မဟုတ်သေးဘူး မသင်းရဲ့၊ တကယ်ဆို မာရီ့ဘဝက သိပ်အထီးကျန်ဆန်တာ။ သားတွေ၊ သမီးတွေကလည်း သူတို့မိသားစုအတွက်ပဲ အာရုံရှိကြတာ။ တစ်ခါတလေကျတော့လည်း ကိုယ့်ကို အာရုံစိုက်တာ အရမ်းခံချင်တာ။ ကိုရှဖီးက ကျွန်မကို သိပ်အာရုံကျတာပဲ။ မာရီ ခုမှ စိတ်ချမ်းသာရတာ မသင်းရဲ့"

ဘုရား ဘုရား ကိုရှဖီးက သိပ်အာရုံကျတယ်ဆိုပါလား။ ကျွန်မကတော့ မာရီ့ရဲ့ ပြုံးတုံ့တုံ့ဒဿနအောက်မှာ အလဲအကွဲ ကျဆုံးရပါပြီ။ လောကကြီးမှာ ကိုယ့်ကိုအာရုံကျတဲ့လူရှိမှ နေပျော်သတဲ့လား။ ဒါဆိုရင်ဖြင့် ကျွန်မအတွက်ရော၊ ကျွန်မက အာရုံကျသူမရှိဘဲ ဘာလို့များ တည်တည်ငြိမ်ငြိမ် နေနိုင်တာပါလိမ့်။ မာရီနှင့်ကျွန်မ တစ်ယောက်ယောက်တော့ လွဲနေပြီထင်ပါရဲ့လေ။ ကျွန်မ တွေဝေနေဆဲအချိန်မှာပဲ အလုပ်ပြီးသွားတဲ့ မာရီကတော့ သူ့အပြန်လမ်းအတွက် ခရီးသွက်အောင် ထင်ပါရဲ့၊ ထဘီကို ခပ်တင်းတင်း ကျပ်အောင်ဝတ်လို့ ကျွန်မထံ လုပ်အားခ လာတောင်း နေပါပြီ။ ကျွန်မကတော့ တစ်ကိုယ်လုံး အရိုးပေါ်အောင် ပိန်သော မာရီ့ခန္ဓာကိုယ်မှာ ကိုရှဖီးအာရုံကျတာ ဘယ်နေရာများလဲရယ်လို့ အစုန်အဆန် အကဲခတ်နေမိပါတော့တယ်။

* * *

ထင်တဲ့အတိုင်းပဲ… ကျွန်မ စောရောက်နေပါတော့တယ်။ မိဝေတို့ကတော့ အစဉ်အလာမပျက် နောက်ကျဆဲပါ။ သူ့ထုံးစံ သူသိလို့လည်း "နင်တစ်ယောက်တည်း စောရောက်နေရင် ဖြစ်ပါ့မလား၊ ဆေးဆိုင်က ဘီယာဆိုင်ကြီး" ဆိုကာ ဖုန်းထဲက စိတ်ပူလိုက်သေးတယ်။

"သူ့ဟာသူ ဘီယာဆိုင်မကလို့ ဘာဆိုင်ဖြစ်ဖြစ်၊ ငါတို့အသက်အရွယ်နဲ့ ရှိန်စရာလား"

ဆိုလိုက်မှ သူ့အသံ အိပျော့ပျော့လေးနဲ့ ရယ်ကာ ဖုန်းချသွားခဲ့ခြင်းပါ။ သူငယ်ချင်းတွေ မတွေ့တာကြာသော်လည်း မိဝေရဲ့ ရယ်သံ အိပျော့ပျော့ကတော့ ယခုတိုင် မပြောင်းဆိုတာ တွေ့ရင်တော့ ပြောရဦးမှာ။ တကယ်တော့ ဒီရယ်သံ ချွဲတဲတဲလေးနဲ့ပဲ တက္ကသိုလ်မှာ ကြည်နူးစရာ ဇာတ်လမ်းတွေ ဖန်တီးခဲ့တာ မနည်းမနောပင်။ မိဝေဆိုသော မိန်းမမှာ သာမန် သူလိုငါလို ရုပ်ရည်လေးဖြစ်သော်ငြား အင်မတန် မိန်းမဆန်သော နူးညံ့သည့် လှုပ်ရှားမှု၊ အသံ၊ ဟန်ပန်လေးများနှင့် အကယ်ဒမီ ယူတတ်လွန်းသူရယ်ပါ။ ကျွန်မတို့အုပ်စုမှာ မိဝေ ဘာကြောင့် အလွန်စန်းပွင့်သည်ဆိုတာကို ဘယ်သူမျှ အဖြေရှာမရနိုင်ခဲ့။ တကယ်ဆိုလျှင်

mgyoe.com

ကျွန်မတို့ အုပ်စုမှာ ရုပ်ရည်အလှပဆုံးက ခင်လေးနွယ်။ သို့သော် အတော်များများ ယောကျ်ားအများစုက ခင်လေးနွယ်ကို ကျော်ကာ မိဝေကိုမှ တမ်းတမ်းစွဲခဲ့ကြသည်မို့ ခင်လေးနွယ် တိတ်တခိုး စိတ်ညစ်ခဲ့ရတာ ကျွန်မတို့ အသိပင်။ ခုတော့လည်း သူငယ်ချင်းအုပ်စုကြားမှာ ကျွန်မနှင့် မိဝေသည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့သူများမို့ ဝိုင်းဝန်းအသနား ပိုလို့ရယ်ပေါ့။ ကျွန်မ၏ မုဆိုးမသက်မှာ ကြာပြီဖြစ်သော် လည်း မိဝေကတော့ ခင်ပွန်းဆုံးသည်မှာ ငါးနှစ်ခန့်သာရှိ ပါသေးတယ်။ သူတို့အတွဲမှာ မယူခင်ကလည်း ရိုမီယိုနှင့် ဂျူးလိယက်ပမာ အချစ်ကြီးချစ်ကြပြီး အတိုက်အခံကလည်း များမှများရယ်ပါ။ ယူပြီးလို့ ပျော်လို့ ရွှင်လို့ရယ်မှ မဝသေးခင်မှာပဲ သေမင်းက တစ်ဖန်ခွဲသွားပြန်တာမို့ သူငယ်ချင်းတွေကြားမှာ မိဝေဟာ အထူးနှစ်သိမ့်အားပေးရသူ ဖြစ်နေပါတော့တယ်။ ဟော... တွေးနေဆဲအချိန်မှာပဲ မိဝေ လမ်းကူးလာတာ လှမ်းမြင်လိုက်ရတယ်။ လေပွေတစ်ချက် ဝေ့သွားချိန်မှာ မိဝေရဲ့ ဆံပင်ရှည်များက ဖရိုဖရဲ ဝေ့ဝဲသွားတာ ကြည့်လို့ပင်ကောင်းသေးရဲ့။ သူမကလည်း ဒီအဖြစ်ကို သတိထားမိပုံနဲ့ ဆံပင်တွေကို ရက်ကိုးရက်ကန်း ဟန်ပန်လေးနဲ့ သိမ်းယူကာ ဟိုဒီမလုံမလဲ ဝေ့ဝဲကြည့်လိုက်ပုံက အပျိုဖြန်းလေးပမာ။ ကျွန်မ ဒီလိုဟန်ပန်ကို ဘယ်သူ့ဆီမှာ မြင်ဖူးပါလိမ့်။ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ ကြည့်စမ်း ဒါ ကျွန်မသမီး ရှစ်တန်းကျောင်းသူလုပ်တဲ့ စတိုင်ပါလား။ မိဝေ... နင် ဒီအချိန်ထိ မူယာမာယာတွေ များတုန်းပါပဲလား မိန်းမရယ်... ဟင်း ဟင်း။ ကျွန်မကိုယ့်အတွေးနဲ့ကိုယ် သဘောကျနေတုန်း မိဝေ အနားရောက်လာပါတယ်။ ထုံးစံအတိုင်း ကျွန်မက တသောသော တမောမောနဲ့ ပြောချင်ရာတွေ ပြောနေပေမဲ့ မိဝေစိတ်က ကျွန်မထံမှာ မရှိသလိုပါပဲ။ သူ့မျက်လုံးတွေက တစ်စုံတစ်ယောက်ကို ရှာနေသလိုမျိုး။ ကျွန်မ သိပ်စိတ်မရှည်တော့ဘူး။

"မိဝေ နင်ဘာဖြစ်နေ..."

ကျွန်မ စကားဆုံးခွင့်မရလိုက်ပါ။ မိဝေကို တစ်စုံတစ်ယောက်က ပိုင်စိုးပိုင်နင်းနဲ့ တစ်ဖက်စားပွဲကို ဆွဲခေါ်သွားတယ်။ ကျွန်မမှာတော့ ပါးစပ်အဟောင်းသားနဲ့ လျှို့ဝှက်သည်းဖို့ကားတစ်ကား ကြည့်နေရသလိုမျိုး သူတို့စားပွဲကို ကြည့်ရတော့တာပေါ့။ ကျွန်မတို့အရွယ်နဲ့ဆို ကောင်လေးခေါ်ရမဲ့ ယောကျ်ားသားတစ်ဦးက မိဝေကို "မမ" ချင်း မိုးမွှန်အောင်ခေါ်ပြီး အကြောင်းအရာတစ်ခုကို အသည်းအသန် ရှင်းနေကြလေရဲ့။ တစ်ချက်တစ်ချက် သူတို့စားပွဲက ထွက်လာတဲ့ အချစ်ရှင်းတမ်းသံ၊ ချာတိတ်ရဲ့ မကျေမနပ် စားပွဲကို ထုသံတွေဟာ ကျွန်မရဲ့မျက်နှာကို ဘယ်သွား ထားရမှန်းမသိအောင် ဖြစ်စေတော့တာပဲ။ ဘေးစားပွဲက လူတချို့ကလည်း ပြုံးစိစိနဲ့ ကွက်ကြည့်ကွက်ကြည့်ပေါ့။ တကယ်ဆို မိဝေရဲ့အသက်အရွယ်က စားသောက်ဆိုင်တစ်ခုမှာ ဒီလိုပေါက်ကွဲဖြေရှင်းရမဲ့အရွယ်မှ မဟုတ်တော့တာ။ ရိုမီယို၊ ဂျူးလိယက်ဇာတ်လမ်းက ငယ်တုန်းသာ ကြည့်ကောင်းတာ မိန်းမရေ။ ငါတော့ နင်လုပ်ပုံနဲ့ သေချင် တာပဲ။ ကျွန်မ သည်းမခံနိုင်တော့ဘူး။ ကျွန်မကို ဒီဆိုင်ချိန်းတာ သူငယ်ချင်း အချင်းချင်းတွေ့ချင်လို့ မဟုတ်မှန်းသိနေမှတော့ ကျွန်မ ဆက်ထိုင်နေဖို့ မကောင်းတော့ဘူးလေ။ ကျွန်မ စားပွဲထိုးခေါ်ပြီး ပိုက်ဆံရှင်း ထထွက်ဖို့လုပ် နေချိန်မှာပဲ မိဝေ ကျွန်မအနား ပြန်ရောက်လာတယ်။

"ဆောရီး သင်းသင်းရယ်၊ ငါ့မှာ ငါ့ဇာတ်လမ်းနဲ့ငါ အရမ်းစိတ်ရှုပ်နေရလို့"

ဆိုပြီး သူမှာထားပြီး မသောက်ဖြစ်သေးတဲ့ အအေးခွက်ကို မော့သောက်နေတယ်။ အခုမှပဲ စားရသောက်ရကောင်းမှန်း သိတယ်ထင်ပါရဲ့။ သောက်ပြီးတော့လည်း သူ့စလင်းဘက်ကိုဖွင့်၊ တစ်ရှူးဖြူဖြူလေးထုတ်ပြီး နှုတ်ခမ်းကို အသာလေးတို့တို့သုတ်နေတာများ စိတ်ကို ရှည်ချင်စရာ မကောင်းဘူး။ တကယ်ဆို အအေးသောက်တာပဲ ဘာပေစရာ ကြီးကြီးကျယ်ကျယ် ရှိလို့လဲ။ အလွန့်အလွန်တွေ လုပ်နေလို့ ဒီမိန်းမ ဒီအချိန်ထိ ဇာတ်ရှုပ်နေတာလို့ ကျွန်မ စိတ်ထဲက ပျစ်ပျစ်နှစ်နှစ် တွေးနေမိတယ်။ ဟုတ်တယ်... သူ့ ကို မြင်ရတွေ့ရတာ အသည်းက ယားနေပြီ။ အင်း... သူငယ်ချင်းကောင်း ပီသအောင်တော့ မြင်နေတွေ့နေသမျှကို သိနေတဲ့ပုံနဲ့ သတိတော့ပေးမှပါပဲ။

"မိန်းမနော် ယောကျ်ားဆုံးတာ ငါးနှစ်ပဲရှိသေးတယ်။ ပြောစရာဖြစ်အောင် မနေနဲ့။ နင်နေနေတာ သူ့ဘက်က အမျိုးတွေနဲ့ နေနေတာ မဟုတ်လား"

"ဟုတ်တယ်။ ပြောစရာမဖြစ်အောင်လည်း ငါလည်းနေတာပဲ။ ဒါပေမဲ့ မုဆိုးမတစ်ယောက်ရဲ့ ဘဝက မလုံခြုံဘူး သင်းသင်းရယ်။ နင်ဘယ်လိုများ နေနေလဲ။ ငါ့ကိုဆို လူတွေက သွေးတိုး အရမ်းစမ်းချင်ကြတယ်။ ခုနက တစ်ယောက်ကတော့ ငါ့ကို အရူးအမူးပဲ။ ကြာတော့ ငါလည်း

mgyoe.com

mgyoe.com

ပုထုဇဉ်ပဲဟာ”

မလုံခြုံဘူးဆိုပါလား။ ကျွန်မ သူ့စကားကြားရတာ ရယ်ချင်လာပါတယ်။ မလုံခြုံတာဟာ မုဆိုးမဆိုတဲ့ ဂုဏ်ပုဒ်နဲ့မဆိုင်ဘဲ မုဆိုးမရဲ့ အနေ၊ အထိုင်၊ အပြော၊ အဆိုတွေနဲ့ပဲ ဆိုင်တာဟဲ့လို့များ ပြောချလိုက်ရင် ကျွန်မတော့ ငယ်စာရင်းပျက်တော့မယ် ထင်ပါရဲ့။ ကိုယ်ပဲ အဖေ၊ ကိုယ်ပဲ အမေဖြစ်နေတဲ့ ကျွန်မအိမ်မှာ တစ်ခုခုဆို ခြေမြန်တော်တပ်သားက ကျွန်မပဲမို့ ညကြီးမင်းကြီး အချိန်မတော်တွေမှာလည်း ကျွန်မ အိမ်ပြင်ကို တစ်ယောက်တည်း ထွက်ဖြစ်နေတာပါပဲ။ နှောင့်ယှက်မယ့်သူ ဝေးလို့... စတာ၊ နောက်တာ၊ သရိုးသရီလေးတောင် မခံစဖူး။ ယောကျ်ားရှိကတည်းက လုပ်ခဲ့သော ဟိုင်းဝေးကားလုပ်ငန်းမှာလည်း ကိုယ်ပဲ ဆက်ဦးစီးရတဲ့ ဘဝမှာ သူစိမ်းတစ်ရံဆံ ယောကျ်ားများစွာနဲ့ လက်တွဲလုပ်ကိုင်ဖြစ်တာပါပဲ။ အားလုံးက ကျွန်မအပေါ်မှာ ရိုးရိုးသားသားချည်းသာ။ တစ်ခုရှိတာက ကျွန်မက စိတ်ဝင်စားဖွယ် သွင်ပြင်လက္ခဏာမရှိလို့လည်း ပါမှာပေါ့လေ။ ဒါဖြင့် သီတာ့လိုလည်း မလှသော ထူးထူးခြားခြား ရုပ်ရည်ပိုင်ရှင်မဟုတ်သည့် မိဝေကရော မလုံခြုံဘူးဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်။ သူတို့ကိုက အချစ်ကြီးကြတာပဲ ဖြစ်မှာပါလေ။ ကျွန်မ မိဝေကိုကြည့်ရင်း မာရီကို မြင်ယောင်လိုက်၊ သီတာကို မြင်ယောင်လိုက် ဖြစ်လာပါတယ်။ ကျွန်မပတ်ဝန်းကျင်ကလူတွေ သိပ်ချစ်တတ်ကြတာကို ကြည့်ပြီး ကျွန်မတစ်ယောက်တည်း ကမ္ဘာ့အပြင်ဘက်ကို ရောက်နေသလိုလို ဖြစ်သွားတာလည်း အမှန်ပါပဲ။

“ကဲ ငါသွားတော့မယ်၊ ဟိုမှာ သူစောင့်နေတယ်။ နောက်မှ နင်နဲ့ အေးအေးဆေးဆေး ဆုံမယ်ဟာ နော်”

ကြည့်ပါဦး။ သေလိုက်တဲ့ မျက်လုံးနှယ်။ ဟိုဘက်မှာ စောင့်နေတဲ့ သူ့လူကို ကိုယ်က တကယ်မမြင်တာ။ မိဝေကတော့ ကျွန်မခွင့်ပြုချက်တောင် မစောင့်ဘဲ နွဲ့နှောင်းပျော့ပျောင်းစွာနဲ့ ထွက်သွားပါပြီ။ အလယ်လယ်... မိန်းမ၊ ခုံတစ်ခုနဲ့ တိုက်မိပြီး လဲတော့မလို့။ အမလေး ဘာမှ မဖြစ်စလောက် တိုက်မိတာကို အလွန်တရာ နာကျင်သွားပုံနဲ့ မျက်နှာလေးကို လှလှလေး ရှုံ့မဲ့ထားတာများ လုပ်တတ်လိုက်တာ။ သြော် သြော်... ဟိုသကောင့်သားလေးက ကြင်ကြင်နာနာနဲ့ ပွေ့ချီမတတ် ခေါ်သွားပါရောလား။ ဘာပဲဖြစ်ဖြစ် ကျွန်မလည်း တစ်ခါလောက်တော့ မိန်းမပီပီသသ နူးနူးညံ့ညံ့လေး နေကြည့်ရင် ကောင်းမယ် ထင်ပါရဲ့။

* * *

ကျွန်မတို့ ငယ်စဉ်အခါက ဘွားဘွားနှင့် အတူနေစဉ် မြေးအဘွားတွေ စုပြီး ဗီဒီယိုအခွေ ငှားငှားကြည့်ကြပါတယ်။ အခွေထဲမှ မင်းသား၊ မင်းသမီး ချစ်ကွဲညားဇာတ်လမ်းများကို ကြည့်ရတိုင်း ဘွားဘွားညည်းနေကျ စကားတစ်ခွန်း ရှိပါတယ်။ သြော်... သူတို့တွေ ထမင်းမစားကြတော့ဘူးလား မသိဘူးတဲ့လေ။ ကျွန်မတို့က ဘွားဘွားရဲ့ ဆိုလိုရင်းကိုသိပြီး ငြိမ်ကာ ပြုံးနေကြချိန်မှာ သီတာကတော့ မပွင့်တပွင့်နဲ့ ခပ်တိုးတိုး ပြန်ပက်တတ်တာက “ထမင်းပဲ စားဖူးနေတာပဲ”တဲ့။

အင်းပေါ့လေ... ထမင်းပဲ လိုမ့်ပိမ့်စားနေရင် ဘဝဟာ သိပ်နေပျော်စရာ မကောင်းဘူးထင်ပါရဲ့။ ကျွန်မကတော့ ထမင်းကြိုက်သူမို့ မဆာတတ်သူများကို ဘာမှ မဝေဖန်လိုတော့ပြီ။

မိမိုး



mgyoe.com

mgyoe.com

# ဘကြီးသိုက်ရဲ့ နောက်နွား

မောင်သာပို

တကယ်တော့ ဒီနောက်နွားကို အရင်ပထမနွားထက် မြက်မြက်ကလေး စားရလိမ့်မယ်ထင်ပြီး စွတ်ရွတ်ဝယ်လိုက်တာပါ။ ဒါပေမဲ့ ဘကြီးသိုက်အနေနဲ့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘဲ အလွဲလွဲအချော်ချော်တွေ ဖြစ်သွားပါတော့တယ်။ ဒါကလည်း ဘကြီးသိုက်ရဲ့ လောဘနဲ့မာနကြောင့် ဒီလိုဖြစ်သွားရတာပါ။ တကယ်တော့ ဘကြီးသိုက်ဟာ ဒီအရင်နွားတွေတုန်းက ဒီအမှားမျိုး မမှားခဲ့ဖူးပါဘူး။ အခုမှားမယ့်မှားတော့ ကျော်မကောင်း ကြားမကောင်းပါပဲ။ ဒါကြောင့် အခု သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဖြစ်ပြီး ရင်ထဲမှာ ပူလောင်နေ ပါတော့တယ်။ ရင်ထဲမှာ ပူလောင်နေတဲ့အခါ ဘကြီးသိုက်ဟာ သူ့ရဲ့ထုံးစံအတိုင်း သူ့လုပ်ဖော်ကိုင်ဘက် နွားသမားများနဲ့ တဝါးဝါးတဟားဟား နေလေ့ရှိပါတယ်။ အခုလည်း ကြည့်၊ သူ့အိမ်က နွားတဲကြီးထဲမှာ လုပ်ဖော်ကိုင်ဘက် နွားသမားတွေ ရောက်နေကြပြီ။ ခြောက်တိုင်ခုတင်ကြီးပေါ်မှာ သူက အလယ်ကောင်က ထိုင်လို့။ သူ့ရဲ့ သရော်ပြုံးမျက်နှာကြီးနဲ့ သူအဝယ်မှားခဲ့တဲ့ နွားအကြောင်း ပြောနေလိုက်တာ သူ့လူတွေ ပါးစပ်ကို ပိတ်မနေရဘူး။ ရယ်လိုက်ကြတာ တဝါးဝါးနဲ့။ ဘကြီးသိုက် ရုပ်ကိုက ရယ်စရာဖြစ်နေလို့လား မပြောတတ်ဘူး။

ဘကြီးသိုက်ရဲ့ ဥပဓိရုပ်ဟာ ဘယ်အခါကြည့်ကြည့် သူ့မျက်နှာက သရော်ပြုံး ပြုံးနေတာကြောင့် သူ့မျက်နှာကို တော်တော့်လူ ကြာကြာမကြည့်ရဲဘူး။ မှန်ပါတယ်။ ဘကြီးသိုက်ဟာ သူ့စိတ်ထဲမှာ သံပရာသီးပေါက်တစ်ခုခုတွေ့ထားရင် သူ့သရော်ပြုံးကြီးက ကြောက်စရာကောင်းလောက်အောင် ပြုံးပြုံးလာတတ်ပါတယ်။ အဲဒီလိုပြုံးတဲ့အခါ ကြောက်စရာကောင်းသလို ရယ်စရာလည်းကောင်းပါတယ်။ အခုလည်းကြည့်၊ သူ့ကို သံပရာသီးပေါက်လုပ်သွားတဲ့ နွားအကြောင်းပြောနေလိုက်တာ အစအဆုံး လေဆက်မပြတ်ဘူး။ ရယ်လိုက်ကြရတာလည်း မပြောနဲ့။ တဝေါဝေါတသောသော နေတာပဲ။

* * *

တကယ်တော့ ဒီ နွား သွားဝယ်တဲ့နေ့က ဦးဆွဲကို ခေါ်သွားရမှာပါ။ ဘာဖြစ်လို့တုံးဆိုတော့ ဒီနွား လက်ပံစဉ်ရွာမှာ ရှိတဲ့သတင်းအစအနကို နွားပွဲစားဦးဆွဲ ဆီကရထားလို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဘကြီးသိုက်က ဦးဆွဲကို မသုံးပါဘူး။ ပွဲခ တစ်ကျပ်တစ်ပြား မပေးချင်လို့ လည်း မဟုတ်ပါဘူး။ ဒါဖြင့် ဘာဖြစ်လို့လဲဆိုတော့ ဦးဆွဲရဲ့ လူလည်လုပ်ပေါက်တွေကို မကြိုက်လို့ပါပဲ။ ဟုတ်တယ်၊ ဦးဆွဲကလည်း ဦးဆွဲပဲ။ ဖျံကျလွန်းအားကြီးတယ်။ ပြီးတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းသမားရယ်။ ကြည့်လေ၊ သူလိုက်ဝယ်ပေးတဲ့နွားဟာ ဈေးကသင့်လျော်ပြီး နွားကလည်း အပြစ်အနာအဆာ ဘာညာကင်းလို့ ရွာသားများရဲ့ ချီးမွမ်းခြင်းခံရပြီဆိုရင် သူက “ဒါကြောင့် ဒီကောင်ကို ငါ လက်ကုတ်လိုက်တာ” လို့ ပြောလေ့ရှိသလို၊ နွားက ကြေးများပြီး အဝယ်မှားလို့ လူအများ နှာခေါင်းရှုံ့ကြပြီဆိုရင် “ဒါကြောင့် ဒင်းကို ငါ လက်ကုတ်သားပဲ။ ဒါကို ဒင်းက အကင်းမရှိဘူး။ ငွေချ ချေလိုက်တယ်။ ဒီတော့ သေပေါ့” ဆိုပြီး အဲဒီလူကို

mgyoe.com

mgyoe.com

ဆဲလိုက်သေးတယ်။ ဟိုလူခများမှာတော့ မျက်နှာငယ်လေးနဲ့ပေါ့လေ။ မှားဝယ်လာခဲ့မိတဲ့ နွားရဲ့ကျောကုန်းလေးကို ပွတ်သပ်ပေးရင်း ငေးနေရှာပါတယ်။ ဦးဆွဲက အဲဒီလိုလူရယ်။ ဒါကြောင့် ဘကြီးသိုက်က သူ့ကို ဘယ်တော့မှ မသုံးဘူး။ မှားရင် မှောက်ခံမယ်ဆိုတဲ့စိတ်နဲ့ သူ့ဟာသူ သွားဝယ်တာပါ။

အခုလည်း ဦးဆွဲဆီက သတင်းအစအနရလို့ ဒီနွားကို သွားဝယ်တာပါ။ ဒါပေမယ့် ဒီနွားကို သွားဝယ်တဲ့ မနက်က သူ့သား အောင်ဘော်ကိုနှိုးပြီး တစ်ရွာလုံး ဘယ်သူမှ အိပ်ရာမထခင် ရွာက ထွက်သွားကြတာမို့ ဦးဆွဲလည်း မသိလိုက်ပါဘူး။ ဒီလိုလုပ်ပေါက်မျိုးတွေက သူတို့ နွားသမားအချင်းချင်းမှ သိကြတာပါ။ ဒါကြောင့် ဘကြီးသိုက်တို့ သားအဖဟာ လက်ပံစဉ်ရွာထဲကို ဆွမ်းခံပြန်သာ သာလောက် ရောက်သွားကြပြီး ရောင်းမယ့်နွားရှင်နဲ့ ဈေးစကားတောင် ပြောနေကြပါပြီ။ ဘကြီးသိုက်က နွားရှင်နဲ့ စကားပြောရာမှာ ကြားပွဲစားမပါလို့ လိုရင်းကိုရောက်အောင် သူ့ဟာသူ နွားရှင်ရဲ့စကားအခြေအနေ ကြည့်ပြီး ပြောပါတယ်။

နွားရှင်က နွားသမားမဟုတ်တဲ့ တောင်သူသက်သက်မို့ စကားပြောရာမှာ ရိုးစင်းပါတယ်။ ဒါကြောင့် နွားရဲ့အမူအကျင့်နဲ့ ပတ်သက်ပြီး ဘာမှမထိမ်ချန်ဘဲ အားလုံးအိတ်သွန်ဖာမှောက်ပြောပြီး နွားရဲ့တန်ဖိုးကိုလည်း တန်တာထက် ထက်ဝက်လောက် လျှော့ပေးမယ်ပြောပါတယ်။ ဒါကြောင့် ဒီနွားအကြောင်း အပြင်နွားသမားလောကမှာ ပြောနေကြတာတွေရော၊ အခု မိမိကိုယ်တိုင် မြင်တွေ့ရတဲ့ အခါမှာ နွားက သူ့ပြစ်ချက်တွေ သူ အကုန် ဖော်ပြထားတာရော မြင်နေရလို့ ဘကြီးသိုက် အကုန်သိပြီး ဖြစ်နေပါတယ်။

ဒီနွားကို အိမ်ရှင်ကိုင်တာတွယ်တာ မြင်လိုက်ရကတည်းက "တစ်လက်ကိုင်"နွားဆိုတာ ဘကြီးသိုက်သိလိုက်ပါတယ်။ ဟုတ်တယ်၊ နွားတဲထဲက ထုတ်လာပြီး အပြင်ချည်တိုင်မှာ ချည်တော့ ဘကြီးသိုက်က လှမ်းကြည့်လိုက်လို့ သိရတာပါ။ ချည်တိုင်ချည်ထားတဲ့ နွားကို ဘကြီးသိုက်တို့ သားအဖ ကြည့်ကြပါတယ်။ နွားက အမြီးတရမ်းရမ်း၊ နားရွက်တပေပေနဲ့ ဂနာမငြိမ်ဖြစ်နေတယ်။ ချည်တိုင်ကို လှည့်ပတ်ပြီး ကျင်ကြီးကျင်ငယ်စွန့်တဲ့အခါ ဘကြီးသိုက်က အဲဒါကို အခွင့်အရေးယူပြီး ဆီးနဲ့ဝမ်းပါ စစ်ဆေးကြည့်လိုက်တယ်။ ဆီးရောဝမ်းပါ ကောင်းနေတာကြောင့် ဒီနွားရဲ့ ကျန်းမာရေးကို စိတ်ချယုံကြည်လိုက်ပါတယ်။ ဒါကြောင့် သူ့သားအောင်ဘော်ကို သူ့အနားခေါ်ပြီး ပြောပါတယ်။

"လူလေးအောင်ဘော်... ဒီမှာကြည့်၊ ဒီနွားရဲ့မစင်ဟာ ဝင်းပြီး အငွေ့တထောင်းထောင်း ထနေတယ်။ အငွေ့ကို ရှူကြည့်တော့ ဘာအနံ့အသက်မှ မရဘူး။ ဒါဟာ နွားရဲ့ကျန်းမာရေး မှန်ကန်ကောင်းမွန်နေလို့ပဲ။ ကျန်းမာရေး ကောင်းတာကလည်း ဝမ်းမီးကောင်းလို့ပေါ့လေ။ ဝမ်းမီးကောင်းတာကလည်း သူ့ဟာသူ ကောင်းချင်လို့ ကောင်းနေတာ မဟုတ်ဘူးကွ။ ဒီနွားရှင်ဟာ သောင်သာတဲ့ တောင်သူကြီးဖြစ်ပြီး နွားကိုလည်း ဂရုစိုက်ကျွေးမွေးစောင့်ရှောက်တတ်သူ ဖြစ်ရမယ်။ မင်းမယုံရင် အဲဒီနွားစားကျက်နားကို မလိမ့်တပတ် အကဲခတ်ကြည့်ပါလား။ ဆင်တုံးမနွယ်နဲ့ ဆန်ဆေးရည် စိမ်ထားတဲ့အိုး တွေ့ရလိမ့်မယ်။ ဒီနွား အခုလို ဝဖြိုးနေတာ အဲဒီဆန်ဆေးရည်နဲ့ စိမ်ထားတဲ့ ဆင်တုံးမနွယ်ကြောင့်ပဲ။ အဲဒါ နွားဆေးပဲကွ။ တစ်သက်လုံးမှတ်ထား။ နွားကောင်းကိုင်ချင်တဲ့လူဟာ နွားကို ပိုးစိုးပက်စက် တအားခိုင်းချင်တိုင်းခိုင်းပြီး ပစ်မထားရဘူး။ ဂရုစိုက်ရတယ်။ ဒါကြောင့် ဒီနွားဝပြီး လှနေတာ၊ ကဲ မှတ်ထား"

ဘကြီးသိုက်တို့ သားအဖဟာ နွားရှင်အနားမရှိတုန်း နွားကို တစ်ခုချင်း ဝေဖန်ရင်း ဘကြီးသိုက်က သူ့သားအောင်ဘော်ကို သင်ပြပြောဆိုနေတာပါ။ ဘကြီးသိုက်က သူ့သားအောင်ဘော်ကို နွားနဲ့တစ်သက်လုံး လုပ်ကိုင်စားရမှာမို့ အလျဉ်းသင့်တုန်း သင်ပြနေတာဖြစ်ပါတယ်။

"ဒီနွားဟာ အဖေထင်တဲ့အတိုင်း စာတိုင်မပျက်ရင် ဒို့ပွမှာပဲ။ ဒါပေမယ့် သူ့ကိုကိုင်တဲ့နေရာမှာ သတိထားရလိမ့်မယ်။ အဖေပြောတာ အသေအချာမှတ်ထား။ ဒီနွားဟာ နွားရဲ့အင်္ဂါရပ်နဲ့ အကုန်ပြည့်စုံပြီး စင်းလုံးချော ချောနေတာ ကိုက နွားသမားတိုင်း မျက်စိကျတဲ့ အချိုးအစားရယ်။ ပြီးတော့ ဒီနွားကိုယ်ပေါ်မှာ နွားနဲ့ပတ်သက်တဲ့ ဖွေဆိုးဖွေကောင်းတွေကို ရှာကြည့်၊ အားလုံးကောင်းပြီး အနေအထား မှန်နေတယ်။ ဘာပြစ်ချက်မှ ရှာမတွေ့ဘူး။ ဒါပေမဲ့ ဘယ် နွားသမားမှ မသိတဲ့ ပြစ်ချက်တစ်ခု ဒီနွားမှာ ရှိနေတယ်။ အဲဒါ ဘယ်နွားသမားမှ မသိသေးတဲ့ ပြစ်ချက်ပဲ။ အဲဒါ မင်းသိလား"

mgyoe.com

mgyoe.com


ဘကြီးသိုက်က စကားဖြတ်ပြီး သူ့သားအောင်ဘော်ကို မေးလိုက်တယ်။ အောင်ဘော်က "ဟာ... အဖေကလည်း ကျုပ်ဘယ်သိပါ့မတုံး၊ ဦးဆွဲတို့လို ဘိုးတော်တွေတောင် သိမှာမဟုတ်ဘူး" လို့ ပြောပါတယ်။ ဒီတော့မှ ဘကြီးသိုက်က ဆက်ပြောပါတယ်။ "အေး... အဲဒါ အသေအချာမှတ်ထား၊ ဒီနွားဟာ အမွေအရောင်က နွားပြာနီမွေးတို ထောင်ကပ်ဖြစ်ပြီး မျက်လုံးက ငါးကြင်းမျက်ဆန်နီမျက်လုံးရယ်။ ဒါကြောင့် လူကို အမြဲတစေ ရန်မူတတ်တယ်။ ဇွတ်တတ်တယ်ပေါ့ကွာ။ ဒါပေမယ့် အဖေ ဒီနွားကို ဈေးကာရန်သင့်ရင် ဝယ်မှာပါ။ ဒို့လက်ထဲရောက်ရင် ဒီနွားဟာ နွားကောင်းဖြစ်ရမှာပေါ့။ ကြည့်နေ၊ အဖေ ဒီနွားကို နွားကောင်းဖြစ်အောင် ကိုင်ပြမယ်။ တစ်ခုတော့ ရှိတာပေါ့ကွာ။ သူ့ကံ ကိုယ့်ကံ စွန့်ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်လုံးက လူ့လိုဆိုတော့ ဥပဓ္ဓေဒကမျက်လုံးကိုးကွ။ ဒီတော့ ဂရုစိုက်ကိုင်တွယ်ပြီး နွားကောင်းဖြစ်အောင် လုပ်ရမှာပေါ့။ သူက နွား၊ ကိုယ်က လူပဲကွာ။ ကြောက်လွဲရဲမင်းဖြစ် ဆိုတဲ့စကား ရှိသားပဲ။ ကဲ ကြိုက်ရင် ငွေချေရုံပဲ"

ဘကြီးသိုက်က သူ့သားအောင်ဘော်ကို ပြောပြီး နွားအနားက ခွာခဲ့ကြပါတယ်။ ဘကြီးသိုက်ဟာ နွားရဲ့ အင်္ဂါရပ်နဲ့ ရုပ်လက္ခဏာများကို သူ့တွေ့အကြုံတွေနဲ့ ရောသမ မွေနှောက်တွက်ချက်ပြီး စိတ်ဆုံးဖြတ်လိုက်ပါတယ်။ ဒီနွားကို ဟင်းဖိုးလောက်နဲ့ရရင် တစ်ခါတည်း ငွေချေပြီး ဆွဲယူခဲ့ဖို့ပါပဲ။ ဈေးစကားပြောကြတော့ နွားရှင်ကလည်း ဒီနွားအပေါ် စိတ်ကုန်နေတာကြောင့် ပေးတဲ့ဈေးနဲ့ ရောင်းဖို့ ဆုံးဖြတ်ထားတဲ့အတိုင်း ဘကြီးသိုက်ပေးတဲ့ဈေးနဲ့ပဲ နွားကြီးအပ်လိုက်ပါတယ်။ ဒါကြောင့် ဘကြီးသိုက်တို့သားအဖဟာ နွားကို ရှေ့ကြိုးနောက်ကြိုးနဲ့ ရွာအရောက် ဆွဲယူလာခဲ့ကြပါတယ်။

* * *

နောက်တစ်နေ့မှာ ပန်းတစ်ခုံတစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားတာကတော့ ဘကြီးသိုက်တို့သားအဖ ဇွတ်တတ်တဲ့နွား အဝယ်မှားလာတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းဟာ တောမီးပမာ ခဏလေးနဲ့ ပျံ့နှံ့သွားပါတယ်။ ဒါကြောင့် ဘကြီးသိုက်အိမ်မှာ နွားလာကြည့်တဲ့ လူများနဲ့ ကြိတ်ကြိတ်တိုး စည်ကားနေတာပါ။ ဒါက ဦးဆွဲရဲ့လက်ချက်မှန်း ဘကြီးသိုက် သိပါတယ်။ ဒါပေမယ့် ဘကြီးသိုက်က မမှုပါဘူး။ ဣန္ဒြေရရပါပဲ။ ဒါကြောင့် ပန်းတစ်ခုံရွာသားများက ဒီဇွတ်တတ်တယ်ဆိုတဲ့နွားကို ရှေ့ဆက်ပြီး ဘယ်လိုများလုပ်မှာလဲလို့ စောင့်ကြည့်နေကြတယ်။ ဒါကိုလည်း ဘကြီးသိုက်က သိတယ်။ သူ့ကိုယ်သူ ယုံကြည်လို့ လုပ်လာတဲ့အလုပ်ကို သူတို့ကြည့်ကြည့် မကြည့်ကြည့် ရှေ့ဆက်ပြီး လုပ်မှာပါ။ နောက်ဆုံး ဒီနွားဟာ နွားအိုနွားမင်း မဟုတ်တဲ့အတွက် အသားဈေးနဲ့တွက်ဦး အမြတ်ထွက်နိုင်တယ်။ သူဘယ်လိုမှ အရှုံးမဖြစ်ဘူး။ ဒီအထိ ဘကြီးသိုက်က တွက်ထားတယ်။ ဒါကြောင့် မနက်ဖြန်မှာ နွားရဲ့ဒူးဆစ်အထိကျွံတဲ့ လယ်ထဲကို သွားထွန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

* * *

ဒီနေ့ ဒီနွားကို စိတ်ကူးထားတဲ့အတိုင်း အိမ်က အထိုင်နွားကြီးနဲ့ ထမ်းပိုးတပ်ပြီး သူ့လယ်ထဲကို သွားထွန်ပါတယ်။ နွားရဲ့ ထမ်းပိုးအစအနကို သိရအောင်ပေါ့လေ။ ဘကြီးသိုက်ဟာ သူဝယ်လာတဲ့ နွားသစ်တိုင်း အိမ်က အထိုင်နွားကြီးနဲ့ ထမ်းပိုးကျင့်ပြီး အကဲစမ်းလေ့ရှိပါတယ်။ ဒီလိုအကဲစမ်းတဲ့အခါ မနေ့ကဝယ်လာတဲ့ ဇွတ်တတ်တဲ့နွားဟာ သနားစရာကောင်းလောက်အောင် မောနေတာတွေ့ရလို့ ဘကြီးသိုက်က အနားပေးလိုက်ပါတယ်။ ဒါကြောင့် နေမွန်းမတည့်သေးဘဲ သားအဖနှစ်ယောက် ထွန်ဖြုတ်ပြီး အိမ်ပြန်ခဲ့ကြပါတယ်။

ဘကြီးသိုက် ခုလိုထမ်းပိုးတပ်ပြီး နွားရဲ့အကဲကို စမ်းသပ်ကြည့်တဲ့အခါ ဒီနွားဟာ ကိုင်တတ်ရင် နွားကောင်းတစ်ကောင် အချောင်ရလိုက်တာပဲလို့ ယူဆလိုက်ပါတယ်။ ဒါကြောင့် စိတ်ထဲမှာ အကျေနပ်ကြီး ကျေနပ်ပြီး ပျော်သွားပါတယ်။ ပျော်သွားတာလည်း မပြောနဲ့လေ။ ဒီနွားအပေါ်က ရမဲ့ အမြတ်အစွန်းနဲ့ ရှေ့ဆက်အကျိုးခံစားခွင့်တွေက တသီတတန်းကြီး မဟုတ်လား။ ဒါကြောင့် ဘကြီးသိုက် မိုးမမြင်လေမမြင် ဖြစ်သွားတဲ့အလျောက် အိမ်ရောက်တော့ ထွန်အဖြုတ်မှာ မောပန်းပြီး စိတ်ဆိုးနေတဲ့နွားကို သတိမထားလိုက်မိတာပါ။

နွားက ထွန်အဖြုတ်မှာ ရှေ့ကြိုးက ဆွဲသွားတဲ့ ဘကြီးသိုက်ကို နောက်ကနေ ကော်ဇော့ ဇွေ့လိုက်တာ

mgyoe.com

mgyoe.com

အောင်ဘော်တောင် နောက်ကြိုးဆွဲထားဖို့ သတိမထားမိလိုက်ဘူး။ ဒါကြောင့် နွားက ဘကြီးသိုက်ကို လွတ်လွတ်ကျွတ်ကျွတ် ဝှေ့လိုက်နိုင်တာပါ။ ဘကြီးသိုက်လည်း စပါးပုတ်နားက ထန်းရွက်ပုံပေါ်ကို အလိုက်သင့်သွားကျလို့တော်ပါသေးတယ်။ အောင်ဘော်လည်း ဗြုန်းခနဲ ဘာလုပ်ရမှန်းမသိဖြစ်ပြီး ကယောင်ကတမ်းနဲ့ နွားကြိုးကို လိုက်ဆွဲပါတယ်။ ဒီမှာတင် နွားက စိတ်ဆိုးမပြေသေးဘဲ အောင်ဘော့်ကို ဝှေ့ဖို့ ပြန်လှည့်အလာ အောင်ဘော်က အနားမှာတွေ့တဲ့ ပေါက်ဆိန်(ပုဆိန်)နဲ့ တအားလွှဲပြီး အပြတ်ရှင်းလိုက်ပါတော့တယ်။

* * *

နောက်တစ်နေ့ ဘကြီးသိုက်ရဲ့နွားတဲထဲက ခြောက်တိုင်ခုတင်ကြီးပေါ်မှာ ရွာနီးချုပ်စပ်က လူနာလာမေးတဲ့ နွားသမားတွေနဲ့ ပြည့်နေပါတော့တယ်။ အဲဒီမှာ ဘကြီးသိုက်ဟာ ဆရာအေးရဲ့ ဒဏ်ကြေလိမ်းဆေးတွေ တစ်ကိုယ်လုံး လိမ်းထားပြီး လက်တစ်ဖက်ကိုလည်း လည်ပင်းနဲ့ ကြိုးသိုင်းထားရတယ်ပေါ့လေ။ ဒီမြင်ကွင်းကို သူ့ရဲ့အပေါင်းအသင်း နွားသမားတွေ မြင်သွားတော့ စိတ်မကောင်းဖြစ်သွားကြပါတယ်။ ဒါပေမယ့် ဘကြီးသိုက်ကိုယ်တိုင်က အရွှတ်ရွှတ်စကားနဲ့ သူ့လူတွေကို ခရီးဦးကြိုပြုတာကြောင့် ဘယ်သူမှ ကြာကြာစိတ်မကောင်း ဖြစ်မနေကြတော့ဘဲ အားလုံး အရွှန်းဖောက်ကုန်ကြပြီး တဝါးဝါးတဟားဟား ဖြစ်ကုန်ကြပါတော့တယ်။ နွားသမားဆိုတာသိတဲ့အတိုင်းပဲ။ တစ်ယောက်တစ်ပေါက် ဗရုတ်သုတ်ခတော်တော်ပြောကြတဲ့ လူတွေရယ်။ ပြီးတော့ ဆဲမနာဆိုမနာတွေမို့ ဘကြီးသိုက်ကို ဝိုင်းနောက်ကြတယ်။ ဘကြီးသိုက်ကလည်း သူ့ရဲ့သရော်ပြုံး မျက်နှာကြီးကို ပြုံးရင်း သူ့လူတွေ စိတ်ဆွမေးတဲ့ မေးခွန်းများကို ပွဲထဲက လူရွှင်တော်များလို ဖနောင့်နင်းပြီး ဖြေပေးနေပါတယ်။

နွားသမားတစ်ယောက်က…

"နို့ နေပါဦး၊ ခင်ဗျားက ဒီနွားကို ဝှေ့တတ်မှန်းသိလျက်နဲ့ ဘာပြုလို့ ထီးရိုးရှည်ပြီး ဝယ်လာခဲ့ရတာလဲ"

ဘကြီးသိုက်က…

"ဟင်းကောင်းစားချင်လို့ ဆိုင်းထဲလိုက်သွားတာပါဗျာ၊ နဲ့ကြီးနင်းမိလို့ လျော်လိုက်ရတာတော့ ကျုပ်လည်း မတတ်နိုင်ဘူး"

နောက်နွားသမားတစ်ယောက်က…

"ကိုယ်အ အတယ်ပြောစမ်းပါ ဘကြီးသိုက်ရာ၊ ခုမှလျှောချမနေချင်ပါနဲ့"

ဘကြီးသိုက်က သရော်ပြုံးမျက်နှာကြီးကို အပြုံးမပျက်ဘဲ…

"လုပ်ပါ၊ ရေနွေးကြမ်းလေး ဘာလေး သောက်ကြစမ်းပါဦး။ အရည်မရ အဖတ်မရ စကားတွေ လျှောက်ပြောမနေကြစမ်းပါနဲ့"။ နောက်နွားသမားတစ်ယောက်က…

"ဒါဟာ ဦးဆွဲကို အမြင်ကပ်ပြီးလုပ်တာရယ်၊ လုပ်တော့ ကိုယ့်ဒေါသမာန်မာနနဲ့ အမှားလုပ်မိတာပဲ မဟုတ်လား"

နောက်တစ်ယောက်က…

"ဒါဟာ ဒေါသကြောင့် မဟုတ်ဘူး ကိုယ့်လူ။ လောဘကြောင့် သတိလက်လွတ်ဖြစ်ရတာ။ ဒီတော့ ကျားဖင် ခြင်ကိုက်ခံလိုက်ရတာပေါ့ကွာ"

ဘကြီးသိုက်က ကိုယ်ကို တစ်ချက်တွန့်ပြီး သူ့ရဲ့သရော်ပြုံးမျက်နှာကြီးကို ရှုံ့တွသွားပါတော့တယ်။ ပြီးတော့ အဲဒီလူကပဲ ဆက်မေးပါတယ်။

"နို့ နေပါဦး ဘကြီးသိုက်ရ၊ ဒီလောက်မနိုပ်တဲ့နွားကို ရှေ့ဆက်ပြီး ဘာမျှော်လင့်ချက်တွေ ထားသေးသလဲ။ အပန်းမကြီးဘူး ဆိုရင်လည်း ပြောစမ်းပါဦး။ နောင်လာနောက်သား နွားသမားတွေအတွက် ဗဟုသုတပေါ့"

ဘကြီးသိုက်က…

"နွားဟာ နွားပဲဗျ။ နွားကို နွားပဲဆိုပြီး အထင်သေးမိတာဟာ ကျုပ်ရဲ့ အမှားပေါ့ဗျာ"

"ဒါဖြင့် ဒီမနိုပ်တဲ့နွားကို ရှေ့ဆက်ဘယ်လိုပြုပြင်ဖို့ စီစဉ်ထားသေးလဲ၊ လုပ်စမ်းပါဦး"

ဘကြီးသိုက်က သူ့ရဲ့သရော်ပြုံးမျက်နှာကြီးကို ပီပီပြင်ပြင်ပြုံးပြီး ရေနွေးကြမ်းနဲ့ မြီးဖို့ချထားတဲ့ အမဲခြောက်ဖုတ်ပန်းကန်ကို မေးငေါ့ပြလိုက်တယ်။

အဲဒီမှာ နွားသမားအားလုံး သဘောပေါက်ပြီး မပြုံးဘဲနဲ့ ဝါးလုံးကွဲ ရယ်လိုက်ကြတာ "ဝါး" ခနဲ နေတာပဲ။ ဒါကြောင့် စပါးဖျာက စာကလေးတွေတောင် တစ်ကောင်မကျန် လန့်ပျံပြေးကုန်ကြတယ်။

မောင်သာပို

၂၀၀၉၊ ဖေဖော်ဝါရီ၊ ဖြူတီမဂ္ဂဇင်း။

mgyoe.com

mgyoe.com

# ညကုဋေ ညင်းလေသွေးလိုက်ချင်ရဲ့

## တင့်လွှင်ကျော်ဖြိုး(စလင်း)

[ ၁ ]

ကိုတေဇာသာရှိရင် ကျွန်မခုလို ဇာတ်ပြန်ကတာ ခွင့်ပြုလိမ့်မယ် မဟုတ်ဘူး။ မကလို့ကလည်း မဖြစ်ဘူးလေ။ သားဖြစ်သူက အသက်ငယ်ငယ်၊ အတွေ့အကြုံကလည်းနည်း၊ သဘင်ပညာအခြေခံကလည်း ဘာမှမည်မည်ရရ မတတ်သေးတဲ့ကြား... မင်းသားတက်ဖြစ်လေတော့ မိခင်တစ်ယောက်အနေနဲ့ ဘယ်လိုလုပ် စိတ်ချနိုင်မှာတုံး။ ကျွန်မကိုယ်တိုင်ကလည်း ဇာတ်ခုံပေါ် ကနေတုန်းမှာသာ ရှာန်ဝင်ပြီး လောကကြီးကို မေ့နေပေမယ့် အားတဲ့အချိန်တွေမှာတော့ မွေးချင်းတွေနဲ့ ထားခဲ့ရတဲ့ သမီးလေးကိုပဲ လွမ်းနေမိတာ။ သမီးလေးက ငယ်သေးတယ်လေ။ ဒီအရွယ်ဆိုတာ မိဘရင်ခွင်မှာ ခိုလှုံချင်ရှာမယ်။ မေမေ... ဘာစားချင်တယ်၊ ဘာလိုချင်တယ်၊ ဘယ်သွားချင်တယ်လို့ တတွတ်တွတ် ပူဆာတတ်တဲ့ အရွယ်မဟုတ်လား။ သမီးလေး နေမှကောင်းရဲ့လား။ ကျွန်မကို လွမ်းလို့ ငိုများနေမလား။ သူ့အဘိုးအဘွား၊ သူ့အဒေါ်၊ သူ့ဦးတွေအပေါ် ဂျီကျနေမလား။ ကျောင်းသွားကျောင်းပြန် လမ်းမှာ ကလေးချင်း ရန်ဖြစ်နေမလား။ ပြေးလွှားဆော့ကစားရင်း ထိခိုက်မိပြီး သွေးထွက်သံယိုများ ဖြစ်နေမလားဆိုတဲ့ သံသယအတွေးတွေနဲ့ အားနေတဲ့အချိန်၊ ဇာတ်နားတဲ့ညတွေမှာ ဘယ်မှာ အိပ်ပျော်နိုင်လို့တုံး။ အင်းလေ... အဘိုးအဘွားတွေက သူတို့မြေးလေးကို သိပ်ချစ်ကြတာပဲဟာ။ ငါ့လက်ထဲမှာထက် အဖေ၊ အမေတို့ဆီက ပိုပြီးလုံခြုံနွေးထွေးမှု ရှိနေတာပဲ။ ဝမ်းတောင် သာရဦးမှာဆိုတဲ့ သတိနဲ့ လွှင့်မျောနေတဲ့ အတွေးတိမ်စတွေကို ပြန်လည်ရုပ်သိမ်းနိုင်မှသာ စိတ်သက်သာရာ ရခဲ့တယ်လေ။

ဩော်... ငါ့နယ် မုဆိုးမ ဖြစ်ရတဲ့အထဲ သားသမီးလေး နှစ်ယောက်ရှိပါတယ်။ အတူမနေရဘူး၊ ဖြစ်မှဖြစ်ရပလေလို့ တွေးမိရင် အားငယ်စိတ်တွေဝင်လို့ ဝမ်းနည်းမိပြန်ပါရော။ နို့ပေမယ့် အရွယ်မရောက်တရောက်သားက ပိုအရေးကြီးတယ် မဟုတ်လား။ အရက်သမား၊ ဖဲသမားဖြစ်မှာလည်း ပူပန်ရ၊ မတော်တရော်မိန်းမနဲ့ ရမှာလည်း စိုးရိမ်ရ၊ အပျော်အပါးလိုက်စားမှာလည်း ကြောင့်ကြရနဲ့ တစ်ဆိတ်ကလေးမှ စိတ်မချနိုင်ပါဘူး။ ခုခေတ်ကလည်း လွယ်တာမဟုတ်ဘူး။ မတော်လို့ ဟိုရောဂါဖြစ်သွားရင် ကိစ္စတုံးရော။ ဘာမှမတတ်နိုင်ဘူး။ အဲဒီအခါကျမှ လူရော၊ နာမည်ရော သေမှာ။ မထူးပါဘူးလေ၊ ဘဝရော၊ အမျိုးပါ သေတာပါပဲ။ ဇာတ်ဆရာကတော့ သားအပေါ် တော်ရှာပါပေတယ်။ အဲ... သူတော်ရှာလို့လည်း ကျွန်မတို့ ခုလို ဒုက္ခရောက်ရတာပါပဲ။ တော်တာရော၊ ဒုက္ခရောက်ရတာရော

mgyoe.com

mgyoe.com

ဆိုတော့ မျက်စိရှုပ်၊ နားရှုပ်၊ စိတ်ရှုပ်သွားပြီလား။ ဟုတ်ပါတယ်။ ကျွန်မကလည်း ရှင်းပြနေချင်တာ နဲ့ အတော်ပါပဲ။ သူတော်တာက ဒီလိုလေ။ ဟိုးပြီးခဲ့တဲ့ ၂၅ နှစ်လောက်က ဇာတ်ကတာ ဝါသနာမပါတဲ့ ကျွန်မ အိမ်သားဖြစ်လာမယ့် ကိုလှကြည်ကို မင်းသားတေဇာဖြစ်လာအောင် စည်းရုံးနိုင်ခဲ့တာက စခဲ့တယ်ဆိုပါတော့။ အင်း... အတိတ်ကြောင်းတွေ ပြန်ပြောင်းပြောရရင် ကောက်ရိုးပုံ နွားဆွဲသလို စကားစဲမယ် မဟုတ်တော့ပါ။

* * *

[၂]

ကိုလှကြည်က ရွာသားဆိုပေမယ့် မြို့ကို အရောက်အပေါက် များတယ်။ လူရည်လည်တယ် ဆိုပါတော့။ ဒီတော့ ရပ်ရွာမှာ ရှင်ပြုအလှူပွဲ၊ ဘုရားပွဲ၊ မူလတန်းကျောင်းဖွင့်ပွဲ တစ်ခုခုလုပ်ဖို့ မြို့သွား ဇာတ်ငှားတော့မယ်ဆိုရင် ဖင်ပေါ့တဲ့သူ့ကို လူကြီးတွေက ခေါ်သွားလေ့ရှိတယ်။ ပွဲငှားတာ၊ ဈေးဆစ်တာ၊ စာချုပ်တာကအစ သူ လေ့လာတယ်၊ မှတ်သားတယ်။ ကြာလာတော့ လူရည်လည်လာပြီး ရပ်ရွာလူကြီးတွေက ပွဲငှားဆို သူ့ကိုပဲ လွှတ်တော့တာကိုး။ ဒီတော့ တောအလုပ်လည်း ခါးချိုးမလုပ်ချင်၊ လတ်လျားလတ်လျား ဟိုသွားသည်သွား ရွှေ့လျားချင်တဲ့ သူ့အဖို့ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး တိုးတော့တာပေါ့။ ဒီကြားထဲ ဆန်ရချင်တဲ့ ဖိုးသူတော် မျက်စိအလည်ကောင်းပုံများ ရွာနီးချုပ်စပ်တွေကပါ ပွဲငှားဆို သူ့ပဲ ဆရာတင်တော့ ရွာတစ်ခွင်မှာ ငါဘုရင်ဖြစ်နေလေရဲ့။ ဒီလိုနဲ့ သူ့ရုပ်ရည်လှပုံချောကို ကြည့်ပြီး ဇာတ်ဆရာက...

"မောင်လှကြည်၊ မင်းသားလုပ်မလား"

ဒီအချိန်မှာ လမ်းဘေး ဟိုဟိုဒီဒီ ငေးနေရာက...

"ဟာဗျာ မလုပ်ချင်ပါဘူး။ ကျုပ်က ပွဲငှားတာတို့ ဘာတို့သာ ရပ်ရေးရွာရေးမို့၊ ကတာတော့ လုံးဝ ဝါသနာမပါဘူး"

"မဟုတ်သေးပါဘူးကွာ၊ မင်းကို ကောင်းကောင်းမွန်မွန်ထား၊ ကောင်းကောင်းမွန်မွန်ကျွေးပြီး ညကြေးလည်း များများပေးမှာ၊ သဘင်ပညာ ထိုက်သင့်သလောက်သင်နိုင်ပြီး ဖြည်းဖြည်းချင်း ခေါင်းဆောင်မင်းသားအဖြစ် တင်မှာ။ ဇာတ်မင်းသားဆိုတာ ကတုန်းလေး ပင်ပန်းတာ၊ အရုပ်ထဲမှာ ဇိမ်နဲ့နေ၊ ဇိမ်နဲ့ အိပ်၊ ရွာမှာလို နေပူစပ်ခါး လုပ်စရာမလိုဘူး။ အေးအေးလူလူနဲ့ ငွေရပေါက်ချောင်တာ ဒီလမ်းပဲ ရှိတယ်" ဇာတ်ဆရာဘယ်လိုပြောပြော သူ နားမဝင်ပါဘူး။ ဒီဇာတ်က သူတို့နယ်ကြိုက်ဆိုတော့ တစ်ရွာမဟုတ်တစ်ရွာအတွက် ဇာတ်လာငှားရင် သူနဲ့ ဇာတ်ဆရာ ထိပ်တိုက်တွေ့ကြတာချည်းပါပဲ။ ဇာတ်ဆရာက ဖောက်သည်လိုဖြစ်နေတဲ့ သူ့ကို ဇာတ်လာငှားတိုင်း အရေးတယူ ကျွေးမွေးဧည့်ခံတယ်။ ပွဲစားခသဘောမျိုး ပေးလေ့ရှိတယ်။ ဒီကြားထဲ အလျဉ်းသင့်တိုင်း...

"ငါ့ညီ အတွေးမလွဲနဲ့နော်။ မင်းရုပ်ရည်နဲ့ မင်းသားကောင်းတစ်လက် ဖြစ်နိုင်တယ်။ မင်းသားဆိုတာ ဇာတ်ခုံအမြင့် တက် ကရတာ။ သူများတကာထက် အဆင့်မြင့်ပြီးသား။ လူထောင်ပေါင်းများစွာ ငိုအောင်ရယ်အောင်၊ ကြိုက်နှစ်သက်အောင် ဖမ်းစားနိုင်တယ်ဆိုတာ တော်တော့ပါရမီနဲ့ မလုပ်နိုင်ဘူး။ ဒီကြားထဲ ပရိသတ်က ထမင်းဖိတ်ကျွေးရတာနဲ့၊ ကောင်မလေးတွေက မိတ်ဖွဲ့လက်ဆောင်ပေးရတာနဲ့၊ တကူးတကန့် လာတွေ့ရတာနဲ့ ဘယ်လောက်အရေးပေးခံရသလဲ။ ဒီပီတိမျိုး လူတစ်ရာမှာ ဆယ်ယောက်ရဖို့ မလွယ်ဘူး။ ကံကောင်းမှ ဖြစ်နိုင်တာရယ်။ စိတ်ကူးမလွဲနဲ့။ အရွယ်ရှိတုန်း၊ အချိန်ရှိတုန်း လုပ်ဖို့ကောင်းတယ်။ နောင်မှ ဇာတ်ဆရာပြောတာတွေ ဟုတ်ပါလား၊ ငါ သူ့စကားနားမထောင်ခဲ့တာ မှားလေခြင်းဆိုပြီး နောင်တမရနဲ့။ မင်းသားလုပ်ချင်လို့ ငါ့ဆီလာကြတဲ့ လူတွေ တစ်ပုံကြီး။ အကြောင်းအမျိုးမျိုးနဲ့ အဆင်မပြေကြဘူး။ မင်းသာ ငါက ကြီးပွားစေချင်လို့၊ ကျော်ကြားစေချင်လို့ စေတနာထားပြီး တိုက်တွန်းတာ"

"ကျွန်တော် မိဘတွေနဲ့ တိုင်ပင်ပြီး စဉ်းစားဦးမယ်ဗျာ"

ဒီလိုနဲ့ နောက်တစ်ခေါက် သူဇာတ်ဆရာဆီ ရောက်လာပြန်တယ်။ ဒီတစ်ခါက ဇာတ်လာငှားတာမဟုတ်ဘူး။ ဇာတ်ကို လာပြီးလေ့လာတဲ့ သဘောမျိုး။

"အေး... ပျော်သလိုနေပေါ့ကွာ၊ စမ်းကြည့်သေးတာပေါ့။ စတိတ်ရှိုးအတွက် သီချင်းသုံးပုဒ်လောက်ကျက်ပြီး တီးဝိုင်းတိုက်ထား၊ အဆင်သင့်ဖြစ်ပြီဆိုတော့ ငါ့ကိုပြော"

ဒီနောက် ပွဲစဉ်တစ်ခုမှာ သူ သီချင်းနှစ်ပုဒ်ဆိုကြည့်တယ်။ အထစ်အငေါ့မရှိ၊ လေ့ဦးဆိုက်၊ လှည်းဦးဆိုက် အောင်မြင်ခဲ့တယ်။ ဆုချသူ၊ ပန်းကုံးစွပ်သူ၊ လက်ခုပ်သြ

mgyoe.com

 mgyoe.com


ဘာပေးသူတွေကြားမှာ သူ့ကိုယ်သူ လွတ်လပ်ပေါ့ပါးတဲ့ ဝါဠွမ်းစိုင်လေးပမာ ရင်ခုန်စွာ လွင့်မျောစီးဆင်းခဲ့တယ်လေ။ သို့သော် ပန်းကုံးစွပ်ခြင်း၊ ဆုငွေပေးခြင်း၊ လက်ခုပ်တီးခြင်းတွေကို ဇာတ်ဆရာကိုယ်တိုင် ဇာတ်ညွှန်းရေး ဖန်တီးပြုလုပ်ခဲ့တာကိုတော့ သူ လုံးဝမသိနိုင်ခဲ့ပါ။ အဲဒီညကတည်းက သူ့ကို ကြိုးပေါင်းများစွာက ချည်နှောင်နိုင်ခဲ့သ လို အနုပညာဆိုတဲ့ ပိုးပေါင်းများစွာကလည်း ဝါးမျိုလိုက်ပါပြီ။

* * *

[ ၃ ]

လုကြည်ဘဝမှ တေဇာ ဆိုတဲ့ မင်းသားအဖြစ်သို့ ကူးပြောင်းလိုက်တယ်ဆိုရင်ပဲ သူ့ကံက ကောင်းချင်တော့ သူကတဲ့ ဇာတ်ဟာ ပွဲချိတွေ များလာတယ်။ သူ့အကၤ သူ့အလှကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည် အားပေး လက်ခံလာတယ်ဆိုရင်ပဲ သူလည်း ဒီဘဝကို သာယာသွားတယ်ဆိုပါတော့။

"တေဇာ... တေဇာ... သားလေးတေဇာ× × × ပြည်ရွာက× × စေတနာထား မေကညာ ကာလသား အားပေးကြပါကွယ်× × × မေမေမေမေ ကိုကိုမမ× × ရွှေပဏ္ဍာသဂါရဝဖြင့်တကယ်× × × အသည်းနုတာမို့ မုန်းမသွားဖို့ တောင်းပန်ပါတယ်× × × တောသားလေးတစ်ယောက် အားငယ် အားငယ်× × × ချစ်မိရင်အသည်းစွဲကွယ်× × မခွဲဘဲ× × × အမြဲပဲ ရစ်နှောင်တွယ်× × × ပြည်ရွာမှာ တေဇာ× × × တေဇာ× × သားလေးတေဇာ× × × စေတနာ × × × ဆပြာ× × ဆပြာ× နေရာတကာ× × × သေချာ× × သေချာ× × × အားပေးကြတာ တကယ်တကယ်× × × အားဆေးတမျှပါကွယ် စကားသွေးလှဖြာဖွယ်"

"ရှီး... ဖြောင်း... ဖြောင်း... ဒါမှ တေဇာကွ တေဇာ"

သူ လျှမ်းလျှမ်းတောက်နေချိန်မှာ ကျွန်မကို ဇာတ်ဆရာက သူ့ဇာတ်ကို ခေါ်တယ်။ အဲဒီအချိန်မှာ ကျွန်မကလည်း မင်းသမီး မေတ္တာမွန် အမည်နဲ့ နာမည်ကြီးနေပါပြီ။ သူက ရှေ့ပိုင်းနောက်ပိုင်း နိုင်နေပြီဖြစ်သလို ကျွန်မကလည်း လက်ဦးဆရာသင် ပေးလိုက်လို့ မင်းသမီးတို့ တတ်အပ်တဲ့ ပညာတွေ အတော်လေး တီးမိခေါက်မိရှိခဲ့တယ်။ သဘင်ပညာမှာ အကကလည်း အမျိုးမျိုးရှိပြီး ခက်ခဲနက်နဲလှတယ်။ ကိုယ်အင်္ဂါအစိတ်အပိုင်းအကနဲ့ ပတ်သက်လို့ ကြာဖက်လှန်အက၊ ပဒုမ္မာကြာလက်အက၊ စင်ရော်တောင်အက၊ နဂါးပတ်အက၊ ခရုပတ်အက၊ ဆန်ကောဝိုင်းအက၊ ကိန္နရာတောင်အက၊ ကိန္နရာလည်ပြန်အက၊ မေးထိုးအက၊ ထဘီအနားခတ်အက၊ အလိမ့်အက၊ အဝေးမျှော်အက၊ အနီးမျှော်အက၊ ပန်းစိုက်အက၊ သားပိုက်အက၊ သမင်လိုက်အက... တဲ့။

ရှေးရိုးကျေးလက်သဘာဝအကမှာ ရွှေဘိုဖုံကြီးအက၊ ဖုံရှည်ယိမ်းအက၊ ရုပ်သေးအက၊ အိုးစည်အက၊ ဒိုးပတ်အက၊ တိုးနယားအက၊ ဖော်ယိမ်းအက၊ နတ်အက၊ နိပါတ်တော်အခင်းအက... တဲ့။

သရုပ်ဆောင်အကကျတော့ ဆီမီးခွက်အက၊ ရှေးမြန်မာအက ဆယ့်နှစ်ခန်း၊ ရုပ်သေးအက၊ ထွက်တော်မူခန်းအက၊ တစ်ပင်တိုင်အက၊ မြေဝိုင်းအက၊ မြိုင်ထနှစ်ပါးသွားအက၊ ခေတ်သစ်နှစ်ပါးသွားအက၊ မင်းသားလတ်အက၊ မြင်း အက၊ ပလို့ အက၊ ယိမ်းအက၊ ကန်တော့ခန်းအက၊ အငြိမ့်အက၊ ဇော်အက၊ ကိန္နရာအက၊ ဘီလူးအက တဲ့။ အို... စုံလို့ စုံလို့။ ဒါတွေစုံအောင်တတ်မှ မင်းသမီးကောင်းတစ်လက် ဖြစ်တာတဲ့။ လက်ဦးဆရာက ပြောပြီး သင်ပေးလိုက်တာတွေလေ။

အမှတ်ရရင် ရှေးသဘင်သည်တွေ စားရတဲ့ ထမင်း ၇ မျိုး၊ လိမ်းကျံရတဲ့ နံ့သာမျိုး ၁၀ ပါးတွေ လက်ချိုးရေရင်း ပြောပြတတ်သေးရဲ့။

ထမင်း ၇ မျိုးဆိုတာ ၁–ထောပတ်ထမင်း၊ ၂–ပုစွန်ထမင်း၊ ၃–စိတ်စရိထမင်း၊ ၄–ရွှေထမင်း၊ ၅–ကောက်ညှင်းထမင်း၊ ၆–နို့ထမင်း၊ ၇–အုန်းထမင်း တဲ့။ နံ့သာမျိုး ၁၀ ပါးဆိုတာ ၁–အမြစ်နံ့သာ၊ ၂–အနှစ်နံ့သာ၊ ၃–အကာနံ့သာ၊ ၄–အခေါက်နံ့သာ၊ ၅–အလွှာနံ့သာ၊ ၆–အရည်နံ့သာ၊ ၇–အရွက်နံ့သာ၊ ၈–အပွင့်နံ့သာ၊ ၉–အသီးနံ့သာ၊ ၁၀–ပင်စည်နံ့သာ တဲ့။ စိတ်ဝင်စားစရာပဲနော်။

ကျွန်မတို့ သဘင်သည်တွေဟာ မှခသိုက်ဝင်တဲ့ ရှေ့ပြေးနိမိတ်ဆောင်သူတွေ ဖြစ်သတဲ့။ မဃဒေဝလင်္ကာမှာတော့... လူ့ရွာစဉ်ရှေး၊ မှတ်စာရေးလည်း၊ ကလေးတစ်မည်၊ သဘင်သည်တစ်ဦး၊ အရူးခေါ်ရိုး၊ ဤသုံးမျိုးတို့၊ ကောင်းဆိုးတဘောင်၊ နိမိတ်ကောင်တည်း... လို့ ဆိုထားတယ်။

တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်၊ အဖွဲ့မြင်းမိုရ်၊ မီးကိုမဟု၊ အေးစွာယူလော့...။

အမြင်နိမိတ်၊ အတိတ်လက်ဆောင်၊ အသံတဘောင်

mgyoe.com

mgyoe.com

လို့ ဆိုတဲ့အတိုင်း နိမိတ်တို့၊ တဘောင်တို့၊ အတိတ်တို့ ယုံကြည်မှုတွေနဲ့အတူ သဘင်သည်များရဲ့အယူသည်းမှုလေးတွေကလည်း မနည်းလှဘူး။ ပွဲဦးညမှာ မင်္ဂလာယူပြီး မင်္ဂလာရှိတဲ့ ဇာတ်လမ်း၊ ဇာတ်ထုပ် ကကြရတယ်။ ဇာတ်သူဇာတ်သားအချင်းချင်း သမီးရည်းစားမက၊ လင်မယားမကျဖြစ်ရင် အဲဒီနှစ်ယောက်ကို ဇာတ်လူကြီးများက ကန်တော့ပွဲထိုးပြီး (လမိုင်းနတ်)ကို အကြင်လင်မယားဖြစ်ကြောင်း တစ်ဇာတ်လုံးရှေ့မှာ ကြေညာပေးရတယ်။ သို့မဟုတ်ပါက ပွဲငှားလည်း မလာဘူး၊ ပွဲချီလည်း မရဘူး။ ရပြန်သော် အခိုက်များတတ်တယ်။ ပွဲကူးတဲ့အခါ လှည်းနောက်မြီးမှာ ဘယ်သူမှ ခြေတွဲလောင်းချ မစီးရဘူး။ နောက်ပြန်လည်း မထိုင်ရဘူး။ ခြေတွဲလောင်းချလိုက်ခဲ့ရင် မကောင်းဆိုးဝါး တွယ်လိုက်မှာစိုးလို့တဲ့။ နောက်ပြန်ထိုင်လိုက်ရင် နှောင့်နှေးမှုတွေ တွေ့မှာစိုးလို့တဲ့။ ဇာတ်သမားလင်မယား အဝေးကို ဇာတ်ကသွားရင် အိမ်ကမယားက ချဉ်ဖတ်အိုးမတည်ရဘူးတဲ့။ ချဉ်ဖတ်အိုးဆိုတာ ရက်ကြာသွားရင် လည်ပြီးမချဉ်တော့သလို လင်ယောကျ်ားလည်း ဇာတ်နဲ့ ရက်တွေကြာပြီး ပိုက်ဆံမရဘဲ ပြန်လာရမှာစိုးလို့တဲ့လေ။ ဇာတ်ရုံဆောက်တဲ့အခါမှာလည်း အခြင်ဝါးတစ်လုံးနဲ့တစ်လုံး မစွပ်ရဘူးတဲ့။ စွပ်ပြီးဆောက်ခဲ့ရင် ပွဲမှာ ရန်ဖြစ်တတ်သတဲ့။ ဇာတ်စင်ဆောက်ရင် လယ်ကန်သင်းကိုခွပြီး မဆောက်ရဘူး။ သစ်တို့ဝါးတို့ကိုလည်း ဇောက်ထိုးမစိုက်ရဘူး။ လှေကားကိုလည်း ဇောက်ထိုးမတပ်ရဘူး။ ရန်ဖြစ်တတ်တယ်။ ဇာတ်ခေါင်းကွဲတတ်တယ်။ ရပ်ရွာလည်း အန္တရာယ်ရှိတတ်သတဲ့။ ဇာတ်ဦးကိုလည်း ကိုယ်ဝန်ဆောင်အမျိုးသမီး မဖြတ်ရဘူး။ ဇာတ်ရုံကို မီးလောင်တတ်သတဲ့။ ဝါးချည်တဲ့နှီးကိုလည်း ပြောင်းပြန်မလိမ်ရဘူး။ ပွဲအနှောင့်အယှက် ဖြစ်စေသတဲ့။ ရုံကို တံစို့ထိုးမဆောက်ရ။ မြို့၊ ရွာ၊ ကျောင်း၊ အိမ် စတဲ့ အနီးအနားကဟာတွေကို ဇာတ်ရုံက ထောင့်တန်းထိုး မျက်စောင်းထိုးဖြစ်မနေရ။ ဦးတိုက်ဖြစ်ဖြစ်၊ ကျောပေးဖြစ်ဖြစ်၊ ဘေးချင်းကပ်ဖြစ်ဖြစ် ဆောက်ရတယ်။ အန္တရာယ်အနှောင့်အယှက်တွေ့တတ်လို့တဲ့လေ။ နောက်ပြီး ရှိသေးတယ်။ ဇာတ်ခုံပေါ်တက်လာတဲ့အခါ ဘယ်သူမှ ဖိနပ်မစီးကြရဘူး။ ကိုယ်စီးတဲ့ဖိနပ်ကို ချွတ်ပြီးတက်ရတယ်။ ဖိနပ်ကို နောက်ပြန်မချွတ်ရဘူး။ ဇာတ်ကမယ့် ဇာတ်ခွင်ဝင်ဖိနပ်တော့ စီးခွင့်ရှိပါတယ်။ ဒါတွေအပြင် ဇာတ်ခုံရှေ့ နပ်မညှစ်ရတာ၊ တံတွေးမထွေးရတာ၊ ပွဲခင်းဘက် ခြေပစ်ပြီး မထိုင်ရတာ၊ ကကြိုးနဲ့ ခြေဆင်းစရာရှိရင်လည်း ပွဲခင်းဘက် ခြေမဆင်းရတာ၊ ပုဆစ်တုပ်ပြီး ဘေးစောင်းထိုင်ရတာ။ မင်းသမီးကနေရင်း ပန်းတို့၊ ဆံတုတို့ ပြုတ်မကျရတာ။ လမိုင်းကန်တော့ပွဲ မပြတ်ထိုးရတာ၊ မှန်စီရွှေချ ဘီလူးခေါင်းကို အရက်တို့၊ ကြက်တို့နဲ့ ပန်းတင်တာ၊ မီးထွန်းတာတွေ စုံလို့ပါပဲ။ ဒီအထဲ ဝက်သား မစားရတာတောင် ပါသေးတယ်။ နို့ပေမယ့် တချို့ကတော့ စားကြတာပါပဲ။ နောက်ပြီး ဗုဒ္ဓဂိုဏ်း ရာဇဂိုဏ်းလွတ်အောင် ကကြရတယ်။ ဗုဒ္ဓဝင် ကမယ်ဆိုရင် သတ်သတ်လွတ်စား၊ သီလဆောက်တည်ရသတဲ့။ ဗုဒ္ဓဂိုဏ်းနဲ့ ပတ်သက်လို့ ရွှေမန်းတင်မောင်ဟာ ဗုဒ္ဓဝင်ကလို့ နှစ်ကြိမ်မီးလောင်တာလို့ ပြောသူပြောကြတယ်။ မြင်းခြံက ကိုမုန်းဆိုတဲ့မင်းသား ဗုဒ္ဓဝင်အကကောင်းလို့ သိဒ္ဓတ္ထကိုမုန်း လို့တောင် အမည်တွင်သတဲ့။ မျက်စိကွယ်သွားတော့ ဆရာတော်တစ်ပါးထံ သွားကုရာမှာ နောက်ကို ဘယ်တော့မှ ဗုဒ္ဓဝင်မကပါဘူးလို့ ကတိပေးမှ ကုပေးသတဲ့။ ဒီတော့ မျက်စိပြန်မြင်လာပါသတဲ့။ ကဲ... ဒါတွေပြောနေရင် ပြီးမှာမဟုတ်တော့ဘူး။ ကျွန်မတို့ ဒြပ်အပေါင်းကို ဇာတ်ကြောင်း ပြန်ကောက်ကြဦးစို့ရဲ့။

* * *

[ ၄ ]

ကိုတေဇာနဲ့ ကျွန်မ ပြဇာတ်တွေ နောက်ပိုင်း ကကြတော့ မျက်လုံးနဲ့တစ်မျိုး၊ နှုတ်နဲ့တစ်ဖုံ ရိသဲ့သဲ့လုပ်နေတဲ့သူက ချစ်ခန်းကြိုက်ခန်းတွေမှာ ကျွန်မကို လိုအပ်တာထက် ပိုပြော၊ ပိုဖက်လာတယ်။ တစ်ခါတလေ ဇာတ်မှာ ကျွန်မ သေလို့ သူငိုတဲ့အခါတွေမှာဆိုရင်...

"မင်းကို တကယ်ချစ်တာပါ၊ တယုတယချစ်မှာပါ။ ခွဲမနေနိုင်တော့ဘူး။ ကပြီး ပွဲတင်ကြပါစို့" ဆိုတဲ့ မဆိုင်တဲ့စကားတွေ တစ်လုံးညှပ်၊ နှစ်လုံးညှပ်နဲ့ ပြောလည်းပြော၊ ဖက်လည်းဖက်ထားလိုက်တာများ လူကိုမွန်းကျပ်ပြီး အနေရကိုခက်လို့။ ဒီအခန်းမှာ ကျွန်မက သေနေရတာဆိုတော့ ဘယ်မှာလှုပ်လို့ ရမှာတုံး။ စကားတစ်ခွန်းမှလည်း ပြန်ပြောခွင့် ရှိတာမဟုတ်။ တစ်ခါတလေ ဆိုင်းသမားနဲ့ ကားဆွဲကို တံစိုးလက်ဆောင်ပေးပြီး ကြာနိုင်သမျှ ကြာအောင်ဖန်တီးပြောဆိုပြီး အခွင့်အရေးတွေ ယူနေလိုက်တာ မုန်းဖို့

mgyoe.com

 mgyoe.com 

ကောင်းပါရဲ့။ ကျွန်မကလည်း တကယ်ဆို ဇာတ်ခုံအောက် ရောက်တဲ့အခါ သူ့ကို ကက်ကက်လန်အောင် ရန်တွေ့လိုက်ပါတော့လား၊ ပါးရှစ်စိတ်ကွဲအောင် တအားလွှဲ ရိုက်လိုက်ပါတော့လား။ ဒီလိုမဟုတ်ဘဲ ပြုံးစေ့စေ့နဲ့ သဘောတွေ့သလိုလုပ်မိတော့ သူက ရောင့်တက်တော့တာပေါ့။

အဲဒီ့အချိန်မှာ သူ့ကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေချိန်။ မင်းသမီးတစ်လက်ကဆို သူ့ကို အသေရရ၊ အရှင်ရရ ဖြစ်နေချိန်။ ဒီတော့ ကျွန်မ သူ့ကို ခေါင်းညိတ်လိုက်မိတယ်။ အဲဒီကတည်းက သူအရက်သောက်၊ ဖဲရိုက်လုပ်တတ်နေပြီ။ ရခါစကတော့ တစ်နှစ်လောက် ငြိမ်လို့၊ ကုပ်လို့ပေါ့။ နှစ်ယောက်သား တစ်မိုးအောက် နှစ်ယောက်တည်းထင်ပြီး အပျော်ကြီးပျော်ခဲ့၊ အချစ်ကြီးချစ်ခဲ့ကြတယ်လေ။ မိုးမမြင်၊ လေမမြင်ဆိုတာ ဒါပဲ ထင်ပါရဲ့။ ဒီလိုနဲ့ သားဦးလေး ကိုယ်ဝန်ရလာတော့ ကျွန်မ အိမ်မှာနေပြီး ဇာတ်နားလိုက်တယ်။ သူကလည်း နဂိုကတည်းက ကိုယ်ဝန်ရှိရင် ဇာတ် မကဖို့၊ ပဋိသန္ဓေတားဆေး မစားဖို့ အတန်တန်ပြောခဲ့တာကိုး။ ဇာတ်နားဖို့ ကျွန်မမိဘအိမ်ကို လိုက်ပို့ပြီး ပြန်မယ်လုပ်တော့ အိမ်ထောင်ကျပြီးကတည်းက တစ်ခါမှ မခွဲဘူးကြတာမို့ ကျွန်မလည်းငို၊ သူလည်း ငို၊ မခွဲနိုင်မခွာရက် အလွမ်းသယ်ခဲ့ကြတယ်။ ရောက်ရာအရပ်က စာတွေရေး၊ ငွေပို့၊ ယောကျ်ားလေးလား၊ မိန်းကလေးလား ဘာမှန်းမသိသေးတဲ့ ရင်သွေးလေးအတွက် ကစားစရာအရုပ်တွေ၊ အဝတ်စတွေ၊ အနှီးတွေ ပို့လိုက်တာဆို… ဘယ်နည်းလို့တုံး။ သူက စာအရေးကလည်း ကောင်း၊ လွမ်းစရာဆွေးစရာတွေကိုချည်း ရေးထားတာဆိုတော့ ကျွန်မလေ စာလာတိုင်း ငိုရတာအမော။ မငိုဘဲကို မနေနိုင်ဘူး။ ဘုရားမှာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနဲ့ ကိုယ့်အိမ်သား မာစေကြောင်း၊ သာစေကြောင်း ဆုတောင်းရတဲ့အကြိမ်ပေါင်းလည်း ထောင်သောင်းမက။ နတ်မေး၊ ဗေဒင်မေး၊ ယတြာချေပါများလို့ ကြာတော့ နတ်ကတော်တွေ၊ ဗေဒင်ဆရာတွေနဲ့ မိတ်ဆွေတောင် ဖြစ်နေပြီ။ ကိုယ့်အိမ်သားအတွက် အားကိုးရှာတာ ပြောပါတယ်။ မရှာလို့လည်း မဖြစ်ဘူးလေ။ ဇာတ်သမားဆိုတာ ကုန်းလမ်း၊ ရေလမ်း အန္တရာယ်များပါဘိသနဲ့။ ဇာတ်ရဲ့ လမိုင်း၊ အတိတ်၊ နိမိတ်၊ ရှောင်ရန်၊ ဆောင်ရန်ဆိုတာတွေကလည်း များမှများကိုး။ အယုံအကြည်ရှိရင်ပေါ့လေ။

ကျွန်မကိုယ်ဝန် ရှစ်လကျော်ကျော်မှာ ကိုတေဇာရောက်လာတယ်။

"မိန်းမရယ်… လွမ်းလှပြီ၊ ဒီလိုသာ ခွဲနေရရင် ဇာတ်မကချင်တော့ဘူး။ စာချုပ်ပြည့်ရင် ဒီအလုပ် မလုပ်တော့ဘူးကွာ"

သောက်လာလို့ပဲ ပြောတာလား၊ တကယ်ပဲ ကျွန်မနဲ့ ခွဲနေရလို့ ပြောတာလားဆိုတာ မဝေခွဲနိုင်ပေမယ့် သူ့စကားကြားရတာ ဝမ်းသာမိတယ်။ ဒါပေမယ့် အကြာကြီးတော့ ဝမ်းမသာနိုင်ဘူး။ ရှေ့ရေးတွေးမိလို့လေ။

"ဟုတ်တော့ ဟုတ်ပါတယ် ကိုတေဇာရယ်၊ ကျွန်မတို့မှာ ရင်းနှီးစားနိုင်လောက်အောင် အထုပ်အထည် ရှိသေးတာမှ မဟုတ်ပဲ။ ဟိုဘက်မိဘ၊ ဒီဘက်မိဘကလည်း သူတို့ကိုယ် သူတို့မှ အနိုင်နိုင်မဟုတ်လား။ ကလေးမွေးပြီး နှစ်လလောက်ရှိရင် ကျွန်မ ပွဲဆက်ကမယ်။ နှစ်ယောက်ဝင်ငွေစုပြီး အမာခံပစ္စည်းလေးတွေ လုပ်ထားကြမယ်လေ"

လို့ပြောတော့ သူတွေဝေသွားတယ်။ အကြာကြီးငေးမောနေရာက…

"အေးကွာ…တွေ့တုန်းလေး ပျော်ပျော်ပါးပါး နေကြတာပေါ့။ ရက်ကလည်း နှစ်ရက်တောင် အနိုင်နိုင်ရယ်။ ပွဲနားတုန်း လာရတာ။ ရှေ့ရေးတွေးနေရင် ရင်လေးလွန်းလို့"

ဒီအတိုင်းနေ အကောင်းသား၊ သူရောက်လာပြီး ပြန်သွားမှ ပိုလွမ်းရပြန်ပါရော။ မိဘတွေကတော့ ကိုယ်ဝန်နဲ့မို့ ကျွန်မကို ဘာမှ မလုပ်ခိုင်းပါဘူး။ အိမ်မှာ လုပ်မဲ့သူကလည်း များတယ်မဟုတ်လား။ အဲသလို အလုပ်မလုပ်ရဘဲ အငြိမ်းနေရလေ သူ့ကို သတိရလွမ်းမိလေပါပဲ။ တစ်ခါတစ်ခါ အလွမ်းပြေ သူ့ဓာတ်ပုံလေး ကောက်ကြည့်လိုက်၊ သူ့စာလေးတွေ ဖတ်ကြည့်လိုက်နဲ့ပဲ အလွမ်းဖြေရတော့တာပဲ။ ဇာတ်ကနေစဉ်တုန်းကတော့ မီးရောင်တွေကလည်း လင်းလို့၊ ထိန်လို့။ စက်သံ၊ လူသံ၊ ဆိုင်းသံတွေကလည်း ဆူလို့ညံလို့လေ။ အဲသလိုနေလာရာက ကိုယ့်အိမ်ပြန်ရောက်တယ်ဆိုတော့ တိတ်ဆိတ်ခြင်းကပဲ ကိုယ့်ရန်သူလိုဖြစ်နေတော့တာရယ်။ အိမ်ပြန်ရောက်ခါစကဆိုရင် မနေတတ် မထိုင်တတ်နဲ့ ကြောင်အမ်းအမ်းပေါ့။ တစ်ခါတလေ အိပ်မက်ထဲ ဇာတ်တွေဘာတွေ ကလို့ ပျော်လိုက်တဲ့ဖြစ်ခြင်း။ ဖျတ်ခနဲ လန့်နိုးမှပဲ သြော်… ငါ အိပ်မက် မက်နေတာပါလားလို့ သိရတော့တယ်။ အတွေ့နဲ့အတွေး အနီးအဝေး အလေးချိန် မညီမျှလိုက်တာနော်။

ကျွန်မ သားဦးလေးမွေးပြီး သုံးရက်လောက်ရှိတော့

mgyoe.com

ကိုတေဇာရောက်လာတယ်။ ရောက်ဆို လက်ဆွဲအိတ်ပစ်ချပြီး မီးနေခန်းထဲဝင်၊ ကျွန်မလည်း နမ်း၊ ကလေးလည်း နမ်း၊ အငမ်းမရပေါ့။

"ကိုတေဇာ မီးမထွက်သေးဘူးလေ၊ သတိထားဦးမှပေါ့၊ ကလေးကလည်း သွေးနုသားနုလေး ရှိသေးတယ်။ ဖြည်းဖြည်းသက်သာ နမ်းမှပေါ့"ဆိုတော့ "ဟာကွာ၊ မိန်းမကလည်း ဟိုတုန်းက အယူအဆတွေ ဖက်တွယ်မထားစမ်းပါနဲ့၊ ကိုယ့်သားမယား ကိုယ်ချစ်တာပဲ၊ ဘာမှမဖြစ်ပါဘူး"တဲ့။

လာသာ လာရတယ်။ သူ့ခမျာ ညရောက် မနက်ပြန်ပါပဲ။ ရက်မှ မရဘဲကိုး။ ဒါတောင် ပွဲရက်လည်းချောင်၊ ဇာတ်ဆရာကိုလည်းပိုင်လို့။ ပြန်ခါနီး ပြောသွားသေးတယ်။

"သားကိုနာမည်ပေးရင် မင်းနာမည်ရော၊ ငါ့နာမည်ပါ ပါအောင် တေဇာခန့်မွှန် လို့ ပေးလိုက်၊ ဘယ်ဗေဒင်မှ မေးမနေနဲ့"

ဒီလိုနဲ့ သားလေးနာမည် တေဇာခန့်မွှန် လို့ နာမည်တွင်ခဲ့ပါရောလား။ သားလေးသုံးလပြည့်မှာ ကိုတေဇာ ရောက်လာပြီး ကျွန်မနဲ့ သားလေးကို ဇာတ်ထဲခေါ်တယ်။ ဖအေ၊ မအေတွေက သူတို့မြေးဦးကို သိပ်ချစ်တာ။ မထည့်ချင်ကြဘူး။ အမေကသာ ဝမ်းပန်းတနည်းနဲ့...

"နင့်ကျမှ တစ်မိပေါက်တစ်ယောက်ထွန်း မင်းသမီးဖြစ်ရတယ်လို့၊ မကြားဖူးပေါင်၊ ကလေးက သွေးနုသားနုနဲ့ ကချင်တာ။ ဟိုကျရင်တော့ ငါ့မြေးလေး ဂရုစိုက်ပါအေ" လို့ ပြောပေမယ့် အဖေက နှုတ်ခမ်းကြီးစူပြီး စကားတစ်ခွန်းမှ မပြောဘဲ ဆေးလိပ်ကိုသာ ထောင်းထောင်းထအောင် တစ်ဖွာတည်း ဖွာနေပါတော့တယ်။ သွားခါနီး ကန်တော့တာတောင် လှည့်မကြည့်ဘူး။ ဇာတ်ဆရာကတော့ ကျွန်မတို့ လင်မယားနဲ့ သူ့ဇာတ်နဲ့ အကျိုးပေးတယ်ဆိုပြီး အရေးပေးရှာတယ်။ ကလေးမှ မငိုလိုက်နဲ့ သူ့အသံက အဦးဆုံးထွက်လာတော့တာပဲ။

"ကလေးအမေ၊ ဘာလုပ်နေတာတုံး၊ ကလေးက ငိုလှချည်လား၊ အိပ်နေရင်လည်း နိုးရာလူက နှိုးလိုက်ကြစမ်းပါ"

ကလေးက ဖြူဖြူချောချော ဝဝကစ်ကစ်ကလေးမို့ လူတိုင်းက ချစ်ကြတယ်။ ဟိုလူခေါ်သွား၊ ဒီလူခေါ်သွားနဲ့ နားရတယ်မရှိဘူး။ ရောက်ခါစတော့ ဆိုင်းသံ၊ သေနတ်ဖောက်သံကြားရင် ငိုမှာလန့်မှာစိုးလို့ ကလေးရင်ဘတ်ကလေးကို လက်ဝါးနဲ့ အသာလေး ဖိထားရတယ်။ တစ်ခါတလေ စုတ်သပ်ချော့ရတယ်။ အဲသလိုမလုပ်ရင် လန့်တတ်တယ်။ ကျင့်သားရသွားတဲ့အခါကျတော့ ဘယ်လောက်ပဲ ဝုန်းဒိုင်းကျဲကျဲ မလန့်မငိုတော့ပါဘူး။ ဒါ ဇာတ်သမားတွေရဲ့ သားသမီးတိုင်း ကြုံနေကျ အတွေ့အကြုံတစ်ခုပါပဲ။

ကိုတေဇာကလည်း သူ့သားဆို သည်းသည်းလှုပ်၊ ငိုတာ မပြောနဲ့ အဲ့အဲ့ဆိုရင်ကို မကြိုက်ဘူး။ သူ့အကဲပါလို့ ရောင့်တက်နေတာလား။ ရင်နာလိုက်တာရှင်၊ ခုပြောခုငိုချင်တုန်း။ ညကြီးမင်းကြီး သင်္ဘောနဲ့ ခရီးသွားတုန်းဆုံးတာ။ ညကြီးသန်းခေါင် ကမ်းဝေးပြင်လယ်ပြင်မှာ ရင်နာနာနဲ့ ရေ ထဲသင်္ဂြိုဟ်ခဲ့ရတယ်။ သူ့အဖေ ကျွန်မအိမ်သားဆိုရင် ဟန်မဆောင်နိုင်ဘူး။ ငိုလိုက်တာ တချိုင်းချိုင်း။ ကျွန်မကတော့ သတိမေ့သွားလို့ မနည်းနှာနှပ်ယူရဆိုပဲ။ အဖြစ်ဆိုးလိုက်တဲ့ ဘဝများ ပြောမပြောချင်ဘူး။ ဇာတ်နားချိန် အိမ်ရောက်လို့ ကလေးအကြောင်း သိသွားတယ်ဆိုရင်ပဲ အမေက "ငါ မပြောဘူးလား ဇာတ်သမရဲ့၊ ကချင်ဦးလေ။ ဒီဇာတ်ထဲ ခေါ်ချင်ဦးလေ။ ကလေးကို အိမ်မှာ ထားခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ ခုတော့... ဘာတတ်နိုင်သေးတုံး။ တို့တော့ ဆုတောင်းတယ်ဟေ့၊ ဇာတ်သမားသားသမီး ဘယ်တော့ မှ မဖြစ်ပါရစေနဲ့လို့"

အမေတို့ပြောတာ ဟုတ်နေတော့ ကျွန်မ ခေါင်းငုံ့ ငိုနေရုံကလွဲလို့ ဘာတတ်နိုင်မလဲ။ ထ မရိုက်တာပဲ တော်သေးတယ် အောက်မေ့ရဲ့။

ဒီလိုနဲ့ပဲ ဘဝဒိုက်သရောထဲမှာ အလိုက်အထိုက် စီးမျောခဲ့ရပြန်ပါတယ်။

* * *

[ ၅ ]

ဇာတ်ရဲ့ ဒုက္ခသုက္ခဆိုတာကတော့ ကျွန်မတစ်ယောက်တည်းတင် မဟုတ်ပါဘူး။ ဇာတ်သမားတိုင်း ခံစားရတာပါပဲ။ ဇာတ်သမားဆိုတာ အစားဆင်းရဲသလို အအိပ်အနေလည်း ဆင်းရဲတယ်။ ဘယ်တော့မှလည်း ချမ်းသာတယ် မရှိဘူး။ အချိန်တန်တော့ ဇာတ်ဆရာနဲ့ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေပဲ ချမ်းသာကြရတာ။

mgyoe.com


ဒါတောင် လိမ်လိမ်မာမာနဲ့ စုတတ်ဆောင်းတတ်ဦးမှ။ ဘယ်လောက်ပူပင်သောကတွေရောက်ရောက် အဲဒီ သောက ဒုက္ခတွေ ဓာတ်ခံအောက်ထားခဲ့ပြီး အချိန်တန် တက်ကရ တာပါပဲ။ တချို့ ဖအေ မအေ၊ အိမ်သား၊ သားသမီး သေ တာတောင် လှည့်မကြည့်နိုင်ဘဲ ဓာတ်ခုံပေါ်တက်ရတာတွေ ရှိပါတယ်။ တချို့ကျတော့လည်း အချင်းချင်းရန်ဖြစ်ပြီး အပြင်မှာ မခေါ်မပြောဘဲ သိမ်းထားလို့ မသိကြရတာတွေ။ ဓာတ်ဆရာက ခြေတော်တင်ပြီး ကားဆွဲနဲ့ ပေးစားခံလိုခံရ၊ တချို့ မဖုံးနိုင်မဖိနိုင်ဖြစ်လို့ ရပ်ရွာလည်း မပြန်ရဲ၊ လောက ကြီးကိုလည်း ရင်မဆိုင်ရဲဖြစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေ သွားကြတာတွေ။ တချို့ မိဘလင်သား၊ သားသမီးဆုံးလို့ မှ ဆွမ်းမသွတ်နိုင်ကြတာတွေ။ များလိုက်တဲ့ ဒုက္ခသောက တွေ ဘယ်နည်းလို့တုံး။ နယ်စုံရောက်ပေမယ့် ညက၊ နေ့အိပ်ဆိုတော့ ပုဂံလိုဒေသမျိုးရောက်တာတောင် ဘုရား ဖူးဖြစ်ကြတာ မဟုတ်ဘူး။ ဘယ်လောက်ဆုံးရှုံးတယ်မှတ် လဲ။ ငွေကြေးလူမှုရေးရာမှာ ဓာတ်ဆရာ စိတ်ဓာတ် မကောင်းရင် ဓာတ်သမားတွေ ပိုဒုက္ခရောက်တာပေါ့။ နောက်လိုက်အများစုက နှစ်စ ငွေယူပြီး အနည်းစုကလွဲရင် ကိုယ့်အိမ်ကိုယ့်ရာကို ပေးနိုင်တယ်ဆိုတာ မရှိသလောက် ပါပဲ။ နို့ပေမယ့် ဘယ်လောက်ဆင်းရဲဆင်းရဲ၊ ဘယ်လိုအ ခက်အခဲတွေ့တွေ့ ဇာထိဆိုတဲ့ ဆိုင်းသံဗုံသံကြားရရင်ပဲ သောကဆိုတာ ပိန်းကြာဖက်ဖျား ရေမနား ဆိုသလို လွင့်စင်ကင်းပျောက်ပြီး ကချင်ခုန်ချင်ကြတော့တာရယ်။ တချို့ဆိုရင် ဆိုင်းသံကြား မီးရောင်မြင်လိုက်ရရုံနဲ့ မနေနိုင်၊ မထိုင်နိုင်ဖြစ်ပြီး ဓာတ်ခုံပေါ်တက်၊ ကားလိပ်ကြား တက် ကလိုက်ရမှကို နေသာထိုင်သာ ရှိသူတွေလည်းတစ်ပုံကြီး။

ဓာတ်ဆရာ မင်းသားတစ်ယောက်ကတော့ သူ့ ဓာတ် မီးလောင်ပြီး နောက်တစ်ကြိမ် ဓာတ်ပြန်ထောင်တဲ့ အခါ...

"ငါ့ဓာတ်ပစ္စည်းတွေကိုသာ မီးလောင်လို့ရမယ်။ ငါ့ အနုပညာစိတ်ဓာတ်ကိုတော့ ဘယ်တော့မှ လောင်လို့မရ ဘူး မှတ်။ ငှက်များဟာ ပျံရင်းသေသတဲ့၊ ငါလည်း ကရင်း သေမှာပဲ"

လို့ ပြောဖူးတယ်။

မင်းသားတစ်ယောက်ကတော့...

"ဓာတ်သမားဆိုတာ တပျော်တပါးကြီး ဆုံးရှုံးနေ ကြတာ"တဲ့။

ဒီလိုပါပဲ။ ကျွန်မတို့လည်း သားလေးဆုံးပြီးစတော့ ရင်သွေးလေးဆုံးရှုံးရတဲ့ ဓာတ်၊ မိဘတွေမကြိုက်တဲ့ ဓာတ်၊ တော်ပါပြီ၊ တန်ပါပြီနဲ့ ဓာတ်ကို နာလိုက်သမှ။ အချိန်တန် တော့ အဝတ်အစားတွေထည့်၊ ဓာတ်သေတ္တာဆွဲ ဓာတ်ထဲ ပြန်ရောက်ခဲ့ပြန်တာပါပဲ။

ကျွန်မတို့ ဓာတ်သမားတွေကလည်း ဓာတ်ထဲမှာ အကြာကြီးနေလာတော့ အပြင်မှာ လုပ်မစားတတ်ကြ တော့ဘူး။ အပြင်လူတွေနဲ့ကလည်း အသိအကျွမ်း မရှိသ လောက်ကိုး။ ငွေချေးတာကအစ ဓာတ်ဆရာတစ်ယောက် ယောက်ဆီက ရွှေပေါင်မပါဘဲ သွားချေးလို့ လွယ်တယ်။ အကြောင်းသိတွေလေ။ အထူးမိတ်ဆက်စရာ မလိုဘူး။ ကျွန်တော်၊ ကျွန်မ ဘယ်သူဘယ်ဝါပြောလိုက်ရင် ပြီးပြီ။ ဒီတော့လည်း ကိုယ့်ဇီဇ၊ ကိုယ့်ဝါသနာနဲ့ အဆင်ပြေ အနေ ချောတဲ့ ဓာတ်သဘင် အနုပညာမှော်ရုံတောမှာပဲ တလည် လည်။

ဒီတစ်ခါတော့ ပျော်စရာထက် ညစ်စရာက များလာ တယ်။ ကိုတေဇာက သားသေတာအကြောင်းပြပြီး အရင် ကထက် ပိုသောက်လာတယ်။ ဒီကြားထဲ ဟိုလူနဲ့ရန်ဖြစ်၊ ဒီလူနဲ့ စကားများ၊ လောင်းကစားလုပ်ချင်တာက တစ်မျိုး။ မမူးရင် အင်မတန် စကားနည်းတဲ့ ကိုတေဇာဟာ မူးရင် တော့ စကားတွေ သဝေထိုး၊ သွေးဆိုးလေးလည်း ထ တတ်တယ်။ အဲသလို မူးချင်မူးမယ်၊ လောင်းချင်လောင်း မယ်။ ဒါပေမယ့် သူ့တစ်ခုကောင်းတာက မိန်းမကိစ္စမှာ စတာ နောက်တာကလွဲလို့ မှောက်မှောက်မှားမှား ဘယ် တော့မှ မရှိတာပဲ။ ဓာတ်သမား၊ ဓာတ်သမီး ဒီလူတွေချည်း နေ့နေ့ညည တွေ့နေကြရတော့ ရင်းနှီးကျွမ်းဝင် ဖင်ပုတ် ခေါင်းပုတ်၊ နှုတ်ရဲလက်ရဲ စောင့်စည်းဖို့ ခက်ခဲလှတယ်။ ဒါကြောင့်ပဲ ကြိုးချင်းထားလို့ ကြိုးချင်းငြိသွားကြတာမျိုး တွေ ရှိတဲ့နေရာမှာ ကိုယ့်လင်ကိုယ့်သား စိတ်ချထားနိုင် တာကိုက ကျန်တဲ့အဆိုးတွေကို ခွင့်လွှတ်စရာပါ။ ဒါပေ မယ့် ရှေ့ရေးကိုတွေးပြီး စိတ်ရှည်ရှည် စကားချိုချို အနု နည်းနဲ့ ကိုယ်လိုချင်တဲ့ ဘက်ပါအောင် စည်းရုံးရတာပေါ့။

"ကိုတေဇာ... ရှင်ပဲ ချမ်းသာချင်တယ်ဆို၊ မိသားစု လေးနဲ့ပဲ အေးအေးချမ်းချမ်း နေချင်တယ်ဆို၊ ခုလိုဖြစ်နေလို့ ကတော့ မှန်းချက်နဲ့ နှမ်းထွက် ဘယ်ကိုက်မှာတုံး။ ငွေ လည်း မစုမိ၊ ရွာပြန်လည်း မျက်နှာမလှ။ ဘာနဲ့မှလည်း ရင်းနှီးလုပ်ကိုင် စားသောက်စရာမရှိ ဖြစ်တော့မယ်။ ရှင်ရော

mgyoe.com

ကျွန်မရော တောအလုပ် လုပ်နိုင်ကြတာ မဟုတ်ဘူး။ ဒီတော့ ရှင့်စိတ်ကို ဖြေမှ လျှော့မှ ပြင်မှ အဆင်ပြေမှာ။ အနှောင်းသေချာအောင် စဉ်းစဉ်းစားစားလုပ်ဖို့ ကောင်းပါပြီ"

လို့ သူ မမူးမထွေတဲ့ အချိန်ရွေးလို့ လေချိုတသွေးသွေး ဆွေးနွေးဖျောင်းဖျရပါတယ်။ အလှအသိကို ဘဝနဲ့ ညှိပြီး အလိုက်သင့်မောင်ဘဦးဖြစ်ဖို့ စည်းရုံးရတာ လွယ်သလိုလိုနဲ့ ခက်တတ်တယ်။ တစ်ခါတလေ လူကို မော့ကြည့်တဲ့အကြည့်က ငါသိပါတယ်၊ သာလိကာရယ် ပုံစံမျိုးရယ်။ ဩော်... ဘာလိုလိုနဲ့ သားချော့တေးအစား လင်ချော့ဟေး ဆိုနေရတဲ့ ကျွန်မမှာ ညည်းတွားတာတောင် ဇာတ်သံပါနေပြီလား မသိ။

* * *

[ ၆ ]

ဒီလိုနဲ့ နောက်နှစ် ဇာတ်နားချိန်မှာ ကျွန်မ ဒုတိယ ကိုယ်ဝန် ရလာပြန်ပါတယ်။ ကိုတေဇာကလည်း ဝမ်းသာအားရပါပဲ။ သားဦးလေးလို ဖြစ်မှာစိုးလို့...

"တို့နှစ်ယောက်လုံး ဇာတ် မကကြတော့ဘူးကွာ။ ရှိတာလေး ထုခွဲပြီး ဈေးဆိုင်လေးဖွင့်ရင် စားသောက်ဖြစ်ပါတယ်။ သားတစ်ကွဲ၊ မယားတစ်ကွဲ၊ အနေဆင်းရဲ၊ အစားဆင်းရဲတဲ့ ဇာတ်ကို လှည့်မကြည့်တော့ဘူး။ မင်းလည်း တစ်သက် မကနဲ့တော့။ တို့သားဦးလေးဆို ဇာတ်ထဲမှာ မဟုတ်ဘဲ ဆေးကု ဘာကုလုပ်ရရင် သေမှာမဟုတ်ဘူး။ ခုတော့ ရေထဲသေ ရေထဲပစ်ခဲ့ရတာ ဘယ်လောက်ရင်နာစရာကောင်းလဲ။ နောက်မွေးမယ် ကလေးတော့ ဒီလိုအဖြစ်ဆိုးမျိုး မတိုးစေရဘူးမှတ်"

လို့ စကားအပြတ်ပြောတယ်။ သူ့စကားနဲ့အညီ ဇာတ်ထဲက အပြတ်ပြန်လာတဲ့ ဇာတ်ပြန်ကိုတေဇာက သူ့မယား ကိုယ်ဝန်သည်ကျွန်မကို အရင်ကထက်ပိုပြီး ယုယလာပါတယ်။ အလေးအပင် မစရာရှိရင် သူ မ ပါတယ်။ ရေတောင်ငင်မချိုးရ၊ သူကိုယ်တိုင် ငင်ပေးပါတယ်။ အပူအစပ် အစားမခံတာကတော့ အစပ်မပါရင် ထမင်းမမြိန်တဲ့ ကျွန်မအဖို့ အတော် ကသိကအောက် နိုင်လှပါတယ်။ သားဖေနဲ့မို့သာ နေနိုင်ရှောင်နိုင်ခဲ့တာပါ။ ဗေဒင်ဝါသနာမပါတဲ့ သူက ကလေးအဖတ်တင်အောင် ဗေဒင်မေးပြီး ခါးပန်းကြိုး လှူလိုလှူ၊ ယတြာ ချေလိုချေနဲ့။ ကျွန်မ မွေးဖွားခါနီးတော့ "မိန်းမရေ... ဒါလေးခင်းပြီး မီးဖွား"တဲ့။ ကျွန်မက "အင်... ရှင့်ဟာက ဘာတုံး"လို့ မေးတော့ "တံငါသည် အိမ်က ပိုက်လေကွာ။ ပိုက်က ငါးကို အမိဖမ်းနိုင်သလို မွေးမိခင်အောက်ခင်းပြီး မွေးရင်လည်း ကလေးအဖတ်တင်သတဲ့ကွ၊ စတိပေါ့ကွာ။ ပိုက်နာရင်ပြော၊ ရွာဦးကျောင်းဆရာတော်ဆီက အင်္ဂုလိမာလသုတ် ရေမန်းတောင်းပေးမယ်"တဲ့လေ။ ဒီလိုနဲ့ ဒုတိယသားလေးကို ချောချောမောမော မွေးဖွားနိုင်ခဲ့ပါတယ်။ အသားဖြူတာရော၊ မျက်ခုံးမျက်လုံးလှပုံရော ဖအေနဲ့ တစ်ထေရာတည်းတူတဲ့ ဖြူဖြူဝဝသားလေးဟာ ဆုံးပါးသွားရှာတဲ့ သားဦးလေးလိုပဲ ချစ်စရာကောင်းလှပါတယ်။ ဆွေမျိုးမွေးချင်းတွေက ဖအေတူသားလေးကို "မိုးသောက်"လို့ နာမည်ပေးခဲ့တယ်။ သူ့စိတ်တိုင်းကျရင် ကျွန်မ ဘာပြောစရာရှိမှာလဲ။ ဗေဒင်မေးကြည့်တော့ ကြာသပတေးသား သောကြာအညွန့်နဲ့မှည့်တာ ကောင်းသတဲ့။ ဒီတော့ သူ့မှာ ကောင်းလှချည်လား ဒေါင်းမြကြည် ရယ်ပေါ့။ သားလေး ဆယ်နှစ်သားလောက်အရှိမှာ သမီးလေးတစ်ယောက် ထွန်းကားခဲ့ပြန်တယ်။ စနေသမီးလေးကို သူကိုယ်တိုင်ပဲ "နေဇာမွန်"လို့ နာမည်မှည့်တယ်။ ပြီးတော့ ပြောသေးတယ်...

"စနေသက်နှောင်း မိဘကောင်းတဲ့၊ တို့ကို အကျိုးပြုမယ့် သမီးလေးကွ။ နောက်ထပ် သားသမီးမယူတော့ဘူး။ တို့သားသမီးတွေ တို့လိုမဖြစ်ရအောင် ကျောင်းထားမယ်၊ ဘွဲ့ရပညာတတ်ဖြစ်အောင် ကြိုးစားခိုင်းမယ်။ ဇာတ်အကမခိုင်းဘဲ ဝန်ထမ်းအရာရှိ ဖြစ်စေရမယ်"တဲ့။

သားသမီးနှစ်ယောက်ဟာ သူ့အသည်း။ သည်းလိုက်သမှ ဟိုအရင်ဗေဒင်နဲ့ဝေးတဲ့သူက ခုတော့ မေးရတာတွေ များ၊ ယတြာချေရတာတွေ များလို့ ဗေဒင်ဆရာနီးပါးဖြစ်နေပြီ။ ဒီတော့လည်း ကလေးတွေရဲ့ လည်ပင်းမှာ လိပ်ပြာချုပ်နဲ့ လက်ဖွဲ့နဲ့ပေါ့။ ကလေးတို့အမေ ကျွန်မကို အိမ်ဆိုင်မှာပဲ ကလေးတွေနဲ့ သက်သက်သာသာထား။ သူကတော့ ပျိုးနုတ်၊ ကောက်ရိတ်၊ ပဲချိပ်၊ ပေါင်းနုတ် တောအလုပ်တွေ လိုက်လုပ်။ အရင်ကတော့ မင်းသား၊ ခုတော့ လယ်ယာအလုပ်သမား။ သူ့စိတ်နဲ့ သူ့မာန် ကြိုးစားနေတာ သနားတောင် သနားမိတယ်။ ပြီးတော့ အားကိုးအားထားထိုက်တဲ့ ယောကျ်ားလို့ ဂုဏ်ယူမိရင်း ပိုပိုပြီး ချစ်မိလာပါတယ်။ နို့ပေမယ့် ပင်ပန်းတာ အကြောင်းပြပြီး